The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 22 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 17, 2019

# အသက်ရှူချောင်လာတော့မည့် မြန်မာ့ပဲလောကဈေးကွက်

စာမျက်နှာ - ၈ ➤



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉) ထုတ်ပြန်

စာမျက်နှာ - ၆ ➤

## တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ ဝယ်လိုအား များပြားမှုကြောင့် မြန်မာ့ငရုတ်အစိုများ ဈေးနှုန်းမြင့်တက်

စာမျက်နှာ - ၁၃ ➤

## မြန်မာ့သစ်သီးဝလံများ တရုတ်နိုင်ငံတောင်ပိုင်းသို့ ခြေဆန့်နိုင်မည့် အခွင့်အလမ်း

စာမျက်နှာ - ၃၃ ➤



TERMINAL

# Terminal Petrol Filling Station

1.Terminal 201 (လေတပ်အနီး၊ ပြည်လမ်း၊ မင်္ဂလာဒုံ) ဂ၂၄၀၊ ရန်ကုန်-ပြည်လမ်း၊ BOC မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်။ Ph : 09-977838201, 09-977838621

2.Terminal 202 (အကွက်အမှတ် (၁၇၁၊က)၊ မြေတိုင်းရပ်ကွက် (၁)၊ အမှတ်(၃) လမ်းမကြီး၊ အိုးအိမ်မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်) Ph : 09-977838202, 09-977838622

3.Terminal 203 (မြေတိုင်းရပ်ကွက်အမှတ် (သကတ-(ခ) တိုးချဲ့)၊ မြေကွက်အမှတ် (၁၈၁၊A)၊ လှိုင်သာယာမြို့နယ်) Ph : 09-977838203, 09-977838623

4.Terminal 204 (ကျိုးဖြူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၄၀၊ C)၊ သဒ္ဒူရာကုံကွင်း၊ ဦးပိုင်အမှတ် (၄၄ ခ+၄၅ ခ)၊ ရင်းတိုက်ကွင်းကျေးရွာ၊ တိုက်ကြီးမြို့နယ်) Ph : 09-977838204, 09-977838624

5.Terminal 205 (မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်) Ph : 09-977838205, 09-977838625

6.Terminal 206 (အမှတ် (၃၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ခရေလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်) Ph : 09-977838206, 09-977838626

7.Terminal 208 (ဆင်ကျုံးကွင်းအမှတ် (၈) ဦးပိုင်အမှတ် (ခ၊၃၇၊ င၊၃၇၊ စ၊၃၇၊ ဆ၊၃၇) ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်) Ph : 09-977838208, 09-977838628

8.Terminal 501 (ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရေလျှံကြီးကျေးရွာအုပ်စု၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း) Ph : 09977838501

9.Terminal 101 (ရာဇဌာနီလမ်း နှင့် ဥတ္တရသီရိလမ်းထိပ်၊ နေပြည်တော်) Ph : 09-977838101, 09-977838620

" Terminal ဆိုင်များတွင်
လူကြီးမင်းတို့ လိုအပ်သော စက်သုံးဆီများကို
ဂါလန်(၅၀) အထက်မှာယူပါက
ရန်ကုန်မြို့တွင်းပို့ဆောင်ခ မယူဘဲလိုက်လံပို့ဆောင်ပေးနေပါပြီ "



" TRUST THE QUALITY, TRUST TERMINAL "

Hot Line : 09 977 838 023




Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ၂၀၁၉ သို့တက်ရောက်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းလိုက်ပါလျက် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တရုတ်နိုင်ငံ ကူမင်းမြို့ Dianchi International Convention and Exhibition Center သို့ရောက်ရှိခဲ့ပြီး အာဆီယံပြခန်းဆောင်ရှိ မြန်မာပြခန်းများတွင် မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးကာ ကုန်သည်လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Dianchi international Convention and Exhibition Center ၌ကျင်းပသည့် တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ၂၀၁၉ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **စာမျက်နှာ ၁၆ သို့**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားမြို့သို့ လေ့လာရေးခရီးသွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ တက်ရောက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းလိုက်ပါလျက် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၃ ရက်မွန်းတည့် ၁၂ နာရီတွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တိုင်လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ စစ်ဆောင်ပနားမြို့သို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း နယ်စပ်ကုန်သွယ်ရေးဂိတ်ဖွင့်လှစ်ရန် အလားအလာရှိသော တရုတ်-မြန်မာ နယ်စပ်မှတ်တိုင်အမှတ် ၂၄၀ နေရာသို့ လည်းကောင်း၊ တရုတ်ဘက်ခြမ်းတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော စစ်ဆေးရေးဂိတ်နှင့် ယာဉ်စစ်ကွင်းနေရာများအားလည်းကောင်း၊ ကျွဲ၊ နွား ကူးစက်ရောဂါကင်းရှင်းရေးဇုန်နှင့် သားသတ်စက်ရုံနေရာများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး စစ်ဆောင်ပနားမြို့တွင် ပြည်နယ်ခွဲအစိုးရမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းနှင့် ကျွဲနွားများ စနစ်တကျ တင်ပို့နိုင်ရေး၊ လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တရုတ်ကုန်သည်များမှလည်း နှစ်စဉ် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ နွားကောင်ရေ ငါးသိန်းခန့် ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နွားမွေးမြူရေးနှင့် မျိုးထုတ်လုပ်သည့် ခြံများရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ထွက် ပြောင်းကုန်ကြမ်းများကိုအသုံးပြု၍ နွားစာထုတ်လုပ်သည့် စက်ရုံများတည်ဆောက်နိုင်မည်ဖြစ်သောကြောင်းဒေသခံရှမ်းတောင်သူများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကူမင်းလေဆိပ်နားနေဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ယူနန်ပြည်နယ်၊ စီးပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့မှ လာရောက်တွေ့ဆုံ၍ နယ်စပ်ကုန်သွယ်ရေးအခြေအနေ၊ နှစ်နိုင်ငံအကြား ချုပ်ဆိုရန်ရှိသည့် စာချုပ်များနှင့် အကောက်အခွန်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် နှစ်ဖက်ပူး ပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့နိုင်ရေးကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

## Japan Patent Office မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်းတင်ပို့ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် Japan Patent Office rS Director-General ဖြစ်သူ Mr. Susumu IWASAKI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။



အစည်းအဝေး၌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရချင်း **စာမျက်နှာ ၁၆ သို့**

**Commerce**
**J O U R N A L**

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဇွန်ပထမပတ်အတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းငါးထောင်ကျော် တင်ပို့

ဇွန်၁ရက်မှ၇ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန်၆၀၀၀နီးပါး တင်ပို့ခဲ့ကြောင်းသိရသည်။ ဆန်တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန်၅၈၀၀ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၇၅ တန်နီးပါးဖြစ်သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀၀ကျော် ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ဆန်ကွဲတင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန်၆၆၀ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂ရက် မှ ၈ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်တန်ဖိုးရှိဧည့်မထဆန်နှင့် ပေါင်းဆန်တန်ချိန် ၂၁၀၀၀ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ရေကြောင်းမှ တင်ပို့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊မလေးရှားနိုင်ငံ၊ မက်ဒါဂါစကား၊အိုင်ဗရီကိုစ့်၊ကင်မရွန်း၊ တိုဂို၊အီးယူနိုင်ငံများဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံသို့ တန်ချိန် ၅၅၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်၃၆၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၁၀၀ကျော်၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၂၉၅၀ကျော်၊ အိုင်ဗရီကိုစ့်သို့တန်ချိန် ၈၅၀၀၊ ကင်မရွန်းသို့ တန်ချိန် ၆၀၀ ကျော်၊ တိုဂိုသို့တန်ချိန် ၁၀၀၀ ကျော်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၂၇၅၀ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ အလားတူကာလအတွင်း ရေကြောင်းမှ အမေရိကန်ဒေါ်လာနှစ်သန်းနီးပါးတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၅၀၀ ခန့်တင်ပို့ခဲ့သည်။ ဆန်ကွဲကို အင်ဒိုနီးရှား၊ ကနေဒါ၊ မက်ဒါဂါစကားနှင့် အီးယူနိုင်ငံများသို့တင်ပို့ခဲ့ကြောင်း သိရသည်။

ဇွန်လပထမပတ်အတွင်း ဆန်တန်ချိန်၂၇၀၀၀ကျော်နှင့် ဆန်ကွဲတန်ချိန် ၈၁၀၀ကျော် တင်ပို့ထားကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၆-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၄၀၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၉၁ | ▽ | ၃၄၀ | ၃၃၅ | ▽ | ၃၀၅ | ၃၀၀ | ▽ | ၃၆၅ | ၃၆၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၉၀ | ▽ | ၃၃၈ | ၃၃၀ | ▽ | - | - | - | ၃၆၀ | ၃၅၈ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၇ | ၃၇၆ | ▽ | ၃၂၉ | ၃၂၅ | ▽ | - | - | - | ၃၅၅ | ၃၅၃ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၈ | ၃၇၆ | ▽ | ၃၁၀ | ၃၀၇ | ▽ | ၃၆၅ | ၃၅၅ | ▽ | ၃၂၇ | ၃၃၀ | △ |
| ပေါင်းဆန် | ၄၂၁ | ၄၂၃ | △ | - | - | - | ၃၆၃ | ၃၆၃ | □ | - | - | - |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၁၄-၆-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၅၂ | □ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၃၀၀၀ | □ | ၇၉၀၀ | □ | ၄၃၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | | ၉၀၀၀ | □ | ၃၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၂၀၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | ▽ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၅၂၅၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၀၆၉၀ | ▽ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၀၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# မြောင်းမြခရိုင်၌ နွေစပါးဈေးအနည်းငယ်ကျ၍ ပေါ်ဆန်းဆန်ဈေးမြင့်တက်

ဧရာဝတီတိုင်းဒေသကြီး ဆန်/စပါးဈေးကွက်တွင် ယခင်မေ လကုန်ဈေးထက် ယခုဇွန်လမှာ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် ဧည့်မထနွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၅၅၀၀၀၊၄၆၀၀၀၀ ဈေးမှ ယခုဈေး ကျပ် ၄၄၆၀၀၀၊၄၅၀၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းမှုရှိခဲ့သည်။ မြောင်းမြခရိုင် မြို့နယ်များတွင် ဧည့်မထနွေစပါးလက်ကျန်များ၍ အရောင်းအဝယ် အေးလျက်ရှိသောကြောင့် စပါးဈေးနှုန်း ကျဆင်းရခြင်းဖြစ်ပြီး ကျန်ခရိုင်များတွင် အရောင်းအဝယ်ပုံမှန်ရှိလျက် ဈေးနှုန်းတည်ငြိမ်မှုရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

မြောင်းမြခရိုင်အတွင်းရှိ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင်ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ကို ကျပ် ၈၄၁၀၀၀၊ ၈၇၃၀၀၀ မှ ယခုစပါးဈေး ကျပ် ၈၅၈၀၀၀၊ ၈၈၃၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၇၀၀၀၊ ၁၀၀၀၀ ဈေးမြင့်တက်သွားပြီး ပေါ်ဆန်းဆန်အရောင်းအဝယ်သွက်လျက်ရှိသော မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင်ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀/၄၀၀၀၀ မှ ယခုဈေး ကျပ် ၄၁၀၀၀၊ ၄၂၀၀၀ ဖြစ်သွားပြီး ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့် ဈေး မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**



# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်၊ စပါးပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထ(အပု)စပါးပေါက်ဈေးသည် ပေါင် ၅၀ တစ်တင်းကို ကျပ် ၅၄၀၀၊ ဆန်ဈေးတစ်အိတ်ကို ကျပ် ၁၉၅၀၀၊ ဧည့်မထ(အရှည်)စပါးပေါက်ဈေး ပေါင် ၅၀တစ်တင်းကို ကျပ် ၄၇၀၀၊ ဆန်ဈေး တစ်အိတ်ကို ကျပ် ၁၇၅၀၀၊ ဆန်ကွဲတစ်အိတ်ကို ကျပ် ၁၃၆၀၀၊ ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၇၈၀၀ အသီးသီး ပေါက်ဈေးရှိခဲ့သည်။ ယခုဈေးနှုန်းများသည် အချိန်နှင့်တစ်ပြေးညီ အပြောင်းအလဲရှိနိုင်ပါသည်။

**သိန်းဆွေ(သနပ်ပင်)**

# ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများ စတင်ရိတ်သိမ်း

ကျောက်ဆည်ခရိုင်အနေဖြင့် နွေနှမ်းကို ၇၆၄၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရသည်။ နွေနှမ်းကို မတ်လတွင် စတင်စိုက်ပျိုးကြကြောင်း၊ နှမ်းမျိုးအနေဖြင့် နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်းသိရှိရပါသည်။ ယခုအချိန်တွင် နွေနှမ်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ ကျောက်ဆည်ခရိုင်အနေဖြင့် နွေနှမ်း ကို ဧက ၃၀၀ ရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၁၀ ဒသမ ၅၀ တင်း၊ အထွက် စုစုပေါင်း ၃၁၅၀ တင်းထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။

နွေနှမ်းစိုက်ပျိုးမှုအနေဖြင့် နွေနှမ်းတစ်ဧကလျှင် ကုန်ကျစရိတ် နှစ်သိန်းဝန်းကျင်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် (၉/၁၀)တင်း ဝန်းကျင်ထွက်ရှိကြောင်း၊ နွေနှမ်းဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၅၅၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၅၅၀၀ ဈေးနှုန်းဖြစ်ပြီး ယခုနှစ်တွင် နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၆၁၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၃၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးနှုန်းဖြစ်သောကြောင့် ယခုနှစ် နွေနှမ်းဈေးနှုန်းသည် ယခင်နှစ်ကထက် ပိုမိုဈေးကောင်းခဲ့သည်။ ဆီဈေးနှုန်းများအနေဖြင့် နှမ်းဆီတစ်ပိဿာလျှင် ကျပ်၄၅၀၀၊ ပဲဆီ တစ်ပိဿာလျှင် ကျပ် ၄၈၀၀၊ စားဆီတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။

**နှင်းလဲ့လဲ့**

| ၇-၆-၂၀၁၉ မှ ၁၃-၆-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 274 | 16 | 0 | 0 | 1 | **291** |
| | Form AANZ | 12 | - | - | - | - | 12 |
| | Form AI | 62 | 2 | - | - | - | 64 |
| | Form AJ | 22 | 2 | - | - | - | 24 |
| | Form AK | 139 | 12 | - | - | - | 151 |
| | Form CNINA | - | - | - | - | - | - |
| | Form D | 232 | 15 | - | - | - | 247 |
| | Form DFTP | 4 | - | - | - | - | 4 |
| | Form E | 123 | 13 | - | - | - | 136 |
| | Form Korea | 9 | 1 | - | - | - | 10 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | **Total** | **877** | **61** | - | - | **1** | **939** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၆-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၉၅ | ၁၄၀၄ | ▲ | ၁၃၃၃ | ၁၃၆၇ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၇၅ | ၁၃၇၅ | ■ |
| ပဲစင်းငုံ | ၁၅၃၆ | ၁၅၃၄ | ▼ | ၁၆၆၇ | ၁၇၀၀ | ▲ | ၁၆၇၅ | ၁၆၇၅ | ■ | ၁၆၇၅ | ၁၆၇၅ | ■ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၆၅ | ▲ | ၁၉၀၂ | ၁၇၇၈ | ▼ | ၁၈၉၄ | ၁၇၃၇ | ▼ | ၁၈၉၅ | ၁၇၉၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၉၀၀ | ■ | ၁၄၅၀ | ၁၄၅၉ | ▲ | ၁၄၄၇ | ၁၄၅၃ | ▲ | ၁၄၆၅ | ၁၄၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၀၈၃ | ၁၀၈၅ | ▲ | ၁၉၀၀ | ၁၉၀၀ | ■ | ၁၀၀၀ | ၁၁၀၅ | ▲ |
| ထောပတ်ပဲ | ၁၇၀၀ | ၁၇၃၅ | ▲ | ၁၀၄၉ | ၁၀၄၉ | ■ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆၆၁၉)ထိ | ယခုတစ်ပတ် (၈၆၆၁၉)ထိ | (၁၁၁၉) မှ (၈၆၆၁၉) ထိ |
| မတ်ပဲ | ၁၄၂၃၄၇ | ၄၃၉၁ | ၁၄၆၇၃၈ |
| ပဲတီစိမ်း | ၁၂၈၃၆၁ | ၄၄၄၅ | ၁၃၂၈၀၆ |
| ပဲစင်းငုံ | ၃၉၇၀၄ | ၆၆၃ | ၄၀၃၆၇ |
| ကုလားပဲ | ၄၅၅၀၈ | ၁၄၀ | ၄၅၆၄၈ |
| ပဲလွန်းဖြူ | ၂၆၆၈၈ | ၂၈၈ | ၂၆၉၇၆ |
| မြေထောက်ပဲ | ၆၈၄၄ | ၉၈ | ၆၉၄၂ |

## ကုလားပဲသီးနှံ ပြည်ဈေးကွက်၌ ခွဲစက်သမား ပုံမှန်ဝယ်ယူနေ

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံ ပဲအဝင် အနည်းငယ် ဆက်ရှိနေပြီး လက်ကျန်ပဲများလည်း ရှိခဲ့ခြင်းကြောင့် ဝယ်လိုအား ဝယ်ယူမှုရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ တစ်ရက်အိတ် ၂၀၀ကျော်အဝင်ရှိပြီး ခွဲစက်သမား ပုံမှန်ဝယ်ယူနေလို့ အိတ် ၂၀၀ကျော် ၃၀၀ နေ့စဉ်ရောင်းချမှုရှိခဲ့ကြသည်။

ပဲဈေးမှာ ဈေးသော်လည်း ပဲတစ်တင်း ကျပ် ၂၉၀၀၀ဖြင့် ယခင်အပတ်ကအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်နှစ်က ကုလားပဲသီးနှံဈေးမှာတစ်တင်း ကျပ် ၂၂၀၀၀သာရရှိခဲ့သည့်အတွက် ယခုနှစ် ကုလားပဲသီးနှံဈေးကောင်းနေခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် မိုးမြေပဲများစိုက်ပျိုးချိန်ဖြစ်သော်လည်း ဈေးကွက်သို့မြေပဲဆန်အိတ်များ တစ်နေ့လျှင် ၃၀၀ခန့် ဝင်ရောက်လာသော်လည်း အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိသည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ဝယ်လက်များရှိ၍ အရောင်းအဝယ်သွက်လျက်ရှိသည်။ မန္တလေးနှင့်ရန်ကုန်ဝယ်လက်များက အဝယ်ရှိလို့ အရောင်းအဝယ်မှာ နေ့စဉ်ဖြစ်လျက်ရှိသည်။

ယခုအပတ် မြေပဲဆန်ဈေးများမှာဆီဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (နီ)တစ်ပိဿာလျှင် ကျပ် ၂၈၅၀ နှင့် လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

**ဝေဝေမင်း(ပြည်)**

## ပြည်မတ်ပဲသီးနှံ ယခင်လထက် ဈေးပိုလာသလို ယခင်နှစ်ထက်လည်း ဈေးပိုခဲ့

ပြည်ပဲဈေးကွက်အတွင်း ယခုတစ်ပတ်မှာ မတ်ပဲသီးနှံအဝင် နေ့စဉ်ရှိသော်လည်း တစ်ရက်အိတ် ၁၀၀/၂၀၀ ခန့်သာ ဝင်ရောက်မှုရှိခဲ့သည်။ ရန်ကုန်ဝယ်လက် နေ့စဉ် အဝယ်ရှိပြီး အိတ် ၂၀၀ကျော် ပုံမှန်ရောင်းဝယ်မှုဖြစ်ကာ ပဲဈေး အနည်းငယ် လှုပ်လာခဲ့သည်။ ယခင်အပတ်ကတစ်တင်း ကျပ် ၂၈၀၀၀ဖြင့် ရောင်းဝယ်ခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၈၂၀၀ ဈေးအနည်းငယ်ပိုရလာခဲ့သည်။ ထို့ကြောင့် ယခင်လကထက်လည်း ဈေးပိုလာသလို ယခင်နှစ်ကထက်လည်း ဈေးပိုရလျက်ရှိကြောင်း သိရှိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## ယခုနှစ် မိုးသီးနှံဆီထွက်သီးနှံမြေပဲများ ၃၇၉၃ ဧက စိုက်ပျိုး

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် မိုးရွာသွန်းသဖြင့် ဆီထွက်သီးနှံမြေပဲများ စိုက်ပျိုးနေကြောင်း ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

'ဆီထွက်သီးနှံ နှမ်းမြေပဲစိုက်ပျိုးနေကြပါပြီ။ လက်ရှိမြေပဲဆန်တစ်ပိဿာ ကျပ် ၂၉၀၀ ကနေ ကျပ် ၃၀၀၀ အတွင်း ရောင်းခဲ့ရတဲ့အတွက် မြေပဲစိုက်သူတွေ တွက်ခြေကိုက်ခဲ့ပါတယ်။ နောက်တစ်ခုက ယခုနှစ်သီးနှံစိုက်ချိန် နှင့် စိုက်ဘဏ်က ငွေချေးတဲ့အချိန် တူညီတာကြောင့် အရင်းအနှီးအပြင်က မရှာရတော့ဘူး'ဟု ကမ္ဘကျေးရွာအုပ်စုမှဒေသခံအမျိုးသားတစ်ဦးက ပြောသည်။ စိုက်တော့ပြီးပါပြီ။ ကျွန်တော်တို့ ယခုစိုက်ရတာက ထီထိုးသလိုပါပဲ မိုးဆက်ရွာမှဖြစ်မှာပါ။ မိုးမရွာပါက စိုက်ထားတဲ့သီးနှံအတွက် အရင်းအနှီးက မြေပဲသုံးဧကကို ကျပ်ဆယ်သိန်းဝန်းကျင်ရှိတယ်ဟု စိုက်စရိတ်မြင့်လာကြောင်း မြို့နယ်တောင်သူဦးတင်ယွန်းက ပြောသည်။

ယခုနှစ်အတွင်း မိုးမြေပဲဧက ၃၆၀၉၃၊ ဆောင်းမြေပဲဧက ၂၇၀၀ စုစုပေါင်းဧက ၃၈၇၉၃၊ အထွက်နှုန်း ၁၈၉၂၅၈၉၊ စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရေနံချောင်းမြို့နယ်တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သဖြင့် တောင်သူများသီးနှံများ စိုက်ပျိုးနေကြပြီဖြစ်ပြီး မြေပဲနှင့်နှမ်းကိုအဓိက စိုက်ပျိုးနေကြကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

## ကယားပြည်နယ်အတွင်း မြေပဲဆီဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

ကယားပြည်နယ်တွင် မြေပဲကို ပြည်နယ်အတွင်း စားသုံးရန်အတွက်သာ အဓိကစိုက်ပျိုးပြီး မြေပဲကို မိုးသီးနှံနှင့် ဆောင်းသီးနှံများအဖြစ် စိုက်ပျိုးကြသည်။ မြေပဲ(မိုး) စိုက်ဧကအနေဖြင့် ၉၀၀၂ ဧကရှိပြီး တစ်ဧက အထွက်တင်း ၄၅ဒသမ ၅၈တင်းနှင့် မြေပဲ(ဆောင်း) စိုက်ဧကအနေဖြင့် ၁၄၇၆ ဧကရှိပြီး တစ်ဧကအထွက်တင်း ၄၉ ဒသမ ၅၄ တင်းနှင့် ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် စာရင်းများအရ သိရှိရသည်။

ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသော မြေပဲဆီ ဈေးနှုန်းများမှာ မြေပဲဆီစစ်စစ် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မြေပဲကုန်ကြမ်းများကို ပြည်နယ်အတွင်းမှ အဓိကဝယ်ယူရပြီး မြေပဲ(အတောင့်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ခန့်၊ မြေပဲ (အဆန်) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ခန့်ဖြင့် ပြည်နယ်အတွင်း စားသုံးမှုအတွက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဖြိုးဝေအောင်(ကယား)**

## မြစ်ကြီးနား တည်းသီးများပေါ်ချိန် ဈေးကောင်းရ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မိုးရာသီ၏ရာသီစာဖြစ်၍ လူကြိုက်များလှသည့် ရောင်းပန်းလှသော တည်းသီးများ စတင်ထွက်ပေါ်စပြုလာပါပြီ။ မြစ်ကြီးနားမြို့ရှိ တည်းသီးပိုင်ရှင်များထံမှ တိုက်ရိုက်သော်လည်းကောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချသူများသူထံမှလည်းကောင်း တည်းသီးအဝယ်ဒိုင်များက ဝယ်ယူလျက်ရှိနေသည်။ မြစ်ကြီးနားမြို့မှ တည်းသီးအဝယ်ဒိုင်များသည် မန္တလေးနှင့် မုံရွာရှိ ကုန်စည်ဒိုင်များနှင့်ချိတ်ဆက်၍ မော်တော်ကားဖြင့် ပို့ဆောင်လျက်ရှိသည်။

ယခု လက်ရှိ တည်းသီးဈေးကွက်အခြေအနေသည် ဝယ်လိုအားကောင်း၍ တစ်လုံးလျှင် ၂၅ ကျပ် မှ ၂၇ ကျပ် ထိ ပေါက်ဈေးရှိသည်။ အလုံးရေ ၅၅၀၀ မှ ၆၅၀၀ ခန့် ပါရှိသော တည်းသီးတစ်အိတ် ပို့ဆောင်ခမှာ ကျပ် ၄၅၀၀ မှ ၅၀၀၀ ထိ ပေးရသည်။ မြစ်ကြီးနားမြို့မှ တစ်နေ့လျှင် တည်းသီးအိတ် ၂၅၀ခန့် ပို့ဆောင်ပေးလျက်ရှိသည်။သို့ဖြစ် ပါ၍ ပေါ်ဦးပေါ်ဖျား တည်းသီးစတင်ထွက်ပေါ်လာချိန်တွင် ဈေးကောင်းရရှိကြ၍ တည်းသီးခြံပိုင်ရှင်များ၊ အရောင်းကုန်စည်ဒိုင်များ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ရရှိကြောင်း ဖော်ပြပေးလိုက်ပါသည်။

**ခွာညို(မနောမြေ)**



## ဖူးစားပြောင်းဧက ၈၀၀၀ ကျော် ရေနံချောင်း၌စိုက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံအဖြစ် ဧက ၈၀၀၀ ကျော် စိုက်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခု ၂၀၁၉ခုနှစ် မိုးရာသီမှာ ဖူးစားပြောင်း ၈၄၀၉ ဧက စိုက်ရန် လျာထားပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ လက်ရှိဖူးစားပြောင်းစေ့ကနေ မြန်မာ့ရိုးရာ အစားအစာများတွင် မုန့်မျိုးစုံလုပ်၍ စားသုံးကြကာ ပြောင်းဖူးစေ့ကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုသဖြင့် တောင်သူများ အပိုဝင်ငွေရနေကြောင်း သိရသည်။

'ရေနံချောင်းမြို့နယ်တွင် ငမြောင်ပိုးကျရောက်မှုမရှိ၍ တောင် သူများ ဆုံးရှုံးမှုမရှိသည့်အပြင် မိုးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။ တစ်တင်းလျှင် ကျပ်၁၀၀၀၀ ဝန်းကျင်ရတာပါ။ နောက် တစ်ချက်ကတော့ ဖူးစားပြောင်း အပင်ကို နွားစာအဖြစ် ကျွေးမွေးနိုင်တာကြောင့် စိုက်ကြတာပါ'ဟုရေနံချောင်းမြို့နယ်မှ တောင်သူဦးတင်ယွန်းကပြောသည်။ **ရွှေမန်းကျည်(ရေနံချောင်း)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉) ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၂၄ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းအရည်အသွေးမြှင့် ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန်အတွက်လည်းကောင်း နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို အောက်ပါကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်သည်-

(က) အသား၊ ငါး ၊
(ခ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊
(ဂ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊
(ဃ) မျိုးစေ့၊
(င) သန့်စင်ထားသည့် သတ္တုရိုင်းများ ၊
(စ) သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ ၊
(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ၊

၂။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် အထက်ပါ အဆင့်မြင့်ကုန်ပစ္စည်းအုပ်စု(၇)မျိုးကို ပြည်ပသို့တင်ပို့ရာတွင် အောက်ပါသတ်မှတ်စည်းကမ်းချက်များနှင့်အညီ

**( ခ ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊**

(၁) ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား အမှုန့်အဖြစ်သော်လည်းကောင်း၊ အသင့်စားသုံးနိုင်သည်အထိ တစ်ဆင့်မြင့်ပြုပြင်ထုတ်၍လည်းကောင်း၊ သန့်စင်အခွံချွတ်ပြီးအဆင့်မြင့်ထုပ်ပိုး၍လည်းကောင်း ပြုပြင်ထားသော ကောက်ပဲသီးနှံများကိုသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် အပါအဝင် သက်ဆိုင်သည့်ဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။

(၂) ဆန်နှင့် ဆန်ကွဲ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(ကက) ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေ အနည်းဆုံးကန်ဒေါ်လာ ၃ သန်းလွှဲပြောင်းပြီးကြောင်း အထောက်အထား၊

(ခ ခ) လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထား တင်ပြရန်၊

(ဂ ဂ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ရန်။

**( ဂ ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး**

ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသောပစ္စည်းအဖြစ် သတ်မှတ်ထားသော်လည်း အခြားသော သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခြင်းကို ဆောင်ရွက်ရန်ဖြစ်သည်။

**(ဃ) မျိုးစေ့**

မျိုးစေ့ဥပဒေနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

**( င ) သန့်စင်ထားသည့် သတ္တုရိုင်းများ**

သတ္တုတွင်းဥပဒေအရ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနတွင် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ယင်းခွင့်ပြုမိန့်ရရှိသူသည် ပို့ကုန်လိုင်စင်အတွက် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

**( စ ) သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ**

စားသောက်ကုန်ဥပဒေအရ သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန် လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

**(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုမည့်ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေအစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မြန်မာ့ဆိပ်ကမ်းတွင် ၁၃.၆.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT PENYUAN | P.Oil(In Bulk) ၆၀၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - SINAR SOLO | TEU785တင်TEU620ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - PACAO | TEU752တင်TEU 494ချဆဲ |
| အေးရှားဝေါလ်(၁) | - ALS SUZURAN | TEU440တင်TEU661ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BISCAYNE LIGHT | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - OCEAN CROSS | ဆန်တန်ချိန် ၁၇၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC TRADE | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - TRUON MINH STAR | Urea (In Bulk) ၇၅၇၅ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - TRUON MINH DRAGON | Urea (In Bulk) ၁၂၅၀၀ချဆဲ |
| MIPL ဆိပ်ကမ်း | - VIOLET ACE | Re Bars ၁၀၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - YANTRA BHUM | TEU485 တင်TEU102ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - PROMISE-1 | Steel& Fertilizer ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - JIN ZHOU HAI | Steel တန်ချိန် ၂၀၀၀၀ ချဆဲ |
| WILMAR JETTY | - MT MESON | P.Oil(In Bulk) ၄၂၉၇ ချဆဲ |
| TMIT ဆိပ်ကမ်း (၁) | - WAIMEA | Coal(In Bulk) ၃၁၀၀၀ ချဆဲ |
| IBTT ဆိပ်ကမ်း (၁) | - NEW JOURNEY | Wheat(In Bulk) ၂၅၃၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| V GRACE | Steel D' Bars တန် ၂၅၀၀၀ချရန် | UEA | ၁၃.၆.၂၀၁၉ |
| BBC U TAH | Machine ၁၂ ချရန် | GERMAN | ၁၅.၆.၂၀၁၉ |
| TAN BINH -257 | Steel Product ၁၆၀၅၀ ချရန် | MALAYSIA | ၁၆.၆.၂၀၁၉ |
| SIBI | Clinker (In Bulk) ၂၃၅၀၀ချရန် | MALAYSIA | ၂၀.၆.၂၀၁၉ |
| SPRING AMIR | PKG Project Cargo ၅၂ ချရန် | COLOMBO | ၂၀.၆.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၆.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၆.၂၀၁၉ |
| ONELLA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| MATHU BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၆.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၆.၆.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၆.၂၀၁၉ |
| MCC SHANG HAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၈.၆.၂၀၁၉ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၆.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၆.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၆.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၆.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၆.၂၀၁၉ |
| BOX ENDEAVOUR | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၆.၆.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.CHAO ANOMA | P.Oil(In Bulk) | KIPT | ၆.၆.၂၀၁၉ |
| MT.ORCA PACIFIC | DIESEL OIL | - | ၁၃.၆.၂၀၁၉ |
| MT.OCEAN MORAY | DIESEL OIL | MMTM JETTY | ၁၃.၆.၂၀၁၉ |
| MT. KIRANA HASTA | DIESEL OIL | SINGAPORE | ၁၄.၆.၂၀၁၉ |
| MT. YU HAI | DIESEL OIL | SINGAPORE | ၁၄.၆.၂၀၁၉ |
| MT. OCEAN DOLPHIN | DIESEL OIL | SINGAPORE | ၁၄.၆.၂၀၁၉ |
| MT. GLORY OCEAN | DIESEL OIL | SINGAPORE | ၁၆.၆.၂၀၁၉ |
| MT. OCEAN PORPOISE | MOGAS 92 RON | SINGAPORE | ၁၆.၆.၂၀၁၉ |
| MT. KIRANA SAPTA | MOGAS 92 RON | SINGAPORE | ၁၈.၆.၂၀၁၉ |
| MT. PRIMROSE | P.Oil(In Bulk) | INDONESIA | ၁၉.၆.၂၀၁၉ |
| MT. YU DUONG | DIESEL OIL | SINGAPORE | ၂၀.၆.၂၀၁၉ |
| MT. SENNA-2 | LPG Gas | INDONESIA | ၂၀.၆.၂၀၁၉ |
| MT. GLORY STAR | DIESEL OIL | SINGAPORE | ၂၀.၆.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၇.၆.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၂၇.၆.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၈.၆.၂၀၁၉ |

## ကြက်သွန်

# ပြည်ဈေးကွက်သို့ အရည်အသွေးကောင်း လှောင်ကြက်သွန်နီများ ဝင်ရောက်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီဈေးကွက်သို့ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ ကျောက်ပန်းတောင်း စသည့် နယ်ဘက်မှအရည်အသွေးကောင်း ကြက်သွန်နီများ ပိဿာ၃၀တွင် အိတ် ၄၀၀-၅၀၀ခန့် ဝင်ရောက်မှုရှိနေသည်။ ဝင်ရောက်လာသော ကြက်သွန်နီများမှာအရည်အသွေးကောင်းသည့်အတွက် ဈေးကွက်အတွင်း လှောင်လက်ဝယ်ရောင်းသမားများ၊ အိတ်ဆွဲသမားများက ပိုမိုဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့်ဆိပ်ဖြူ ၊ ပခုက္ကူနယ်ဘက်မှ ကြက်သွန်စိုက် တောင်သူများအနေဖြင့် မိမိတို့လှောင်ထားသော ကြက်သွန်နီများကို ဈေးကောင်းစောင့်အရောင်းအဝယ်ပြုလုပ်နေသည့်အတွက် ကြက်သွန်နီများ ဈေးမြင့်လျက်ရှိပြီး ပြည်ပွဲရုံများတွင် လက်ကားဈေးတစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၇၇၅-၇၅၀-၇၀၀နှင့် လက်လီဈေး အသေးများတွင် (ကြီး/ လတ်/ သေး) ကျပ်၁၀၀၀-၉၀၀-၈၀၀နှုန်းတို့ဖြင့် ရောင်းဝယ်မှုရှိနေကာ ယခင်တစ်ပတ်ဈေးနှုန်းထက် လက်လီရောလက်ကားပါ တစ်ပိဿာလျှင် ကျပ် ၁၀၀ခန့် ဈေးမြင့်သွားကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ကြက်သွန်ဖြူဝင်ရောက်မှု ပုံမှန်ရှိပြီး အဟောင်းဈေးကျကာ အသစ်ဈေးမြင့်နေ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ပုံမှန်ဝင်ရောက်နေပြီး အဟောင်းနှင့် အသစ်နှစ်မျိုး ဝင်ရောက်လျက်ရှိနေသည်။ (ရှမ်းမြွှာ)တွေကတော့ အရည်အသွေးကောင်းမွန်စွာ ဝင်ရောက်လာပြီး ဈေးနှုန်းများမှာ (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ ကျပ် ၂၆၀၀နှင့် (ကြူကုတ်/ဂွ) ကတော့ (အဟောင်း) ကျပ်၃၀၀၀ ဖြင့် ဈေးအနည်းငယ်ကျပြီး အရည်အသွေးညံ့လာသည်။ (အသစ်)ဂွ ကျပ်၃၅၀၀ဖြင့် ယခင်အပတ်အတိုင်း ဈေးနှုန်းငြိမ်နေကြောင်းသိရသည်။

အရောင်းအဝယ်ကတော့ အသစ်မှာအစိုဓာတ်နှင့် အဟောင်းမှာအထားမခံဘဲ အရောင်းအဝယ် အနည်းငယ်အေးလာကြောင်း ရောင်းဝယ်ရေးသမားတစ်ဦးက ပြောသည်။

**နီနီဝင်း(ပြည်)**

## ငရုတ်

# ဈေးကောင်းရနေသည့် ရွှေငရုတ်

ကျောက်ဆည်ခရိုင်အနေဖြင့် ငရုတ်ကို ၅၅၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာ ဌာန၏စာရင်းများအရသိရှိရသည်။ ငရုတ်သီးကို ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးခဲ့ပြီး မေလတွင် စတင်ခူးဆွတ်ကြကြောင်း၊ ငရုတ်မျိုးအနေဖြင့် အထွက်နှုန်းကောင်းမွန်သောသာမို ၊ ဒီမွန်၊ ၆၉၂ မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် အပင်များကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်း၍ အသီးများ ရင့်မှည့်နေပြီး ခူးဆွတ်နေပြီဖြစ်ကြောင်း၊ ငရုတ်သီးဈေးမှာလည်း ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ယခုအချိန်တွင် ငရုတ်သီးဈေးနှုန်းအနေဖြင့် တောပွဲစားများသည် ရွာအထိဆင်း၍ ဝယ်ယူရာ သာမို/ဒီမွန်/၆၉၂ ငရုတ် အခြောက်တစ်တင်းလျှင် ကျပ် ၁၀၀၀၀ မှ ကျပ် ၁၂၀၀၀ ဈေးဖြင့်ဝယ်ယူလျက်ရှိသည်။ ပွဲရုံဈေးနှုန်းအနေဖြင့် ယခင်နှစ် ကသာမို / ဒီမွန် / ၆၉၂အခြောက် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဈေးနှုန်းများဖြစ်ပြီး ယခုနှစ်တွင် သာမို / ဒီမွန် / ၆၉၂ အခြောက်တစ်ပိဿာလျှင် ကျပ် ၄၆၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည့်အတွက် တောင်သူများမှာ အဆင်ပြေလျက်ရှိသည်။

ယခုနှစ်တွင် ငရုတ်သီးအစိုများ တရုတ်နိုင်ငံသို့တင်ပို့ရန် ပွဲစားများက ကွင်းထဲအထိ ဝယ်ယူမှုရှိလာသောကြောင့် ငရုတ်သီး အစိုဈေးကွက်အနေဖြင့် တစ်တင်းလျှင် ကျပ် ၄၇၀၀၀ မှ ၅၀၀၀၀ ဈေးနှုန်းများဖြင့် အရည်အသွေးပေါ်မူတည်၍ဝယ်ယူကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၆၀၀၀မှ ၆၅၀၀ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုနှစ် ငရုတ်သီးဈေးနှုန်းသည် ယခင်နှစ်ကထက် ပိုမိုဈေးကောင်းရရှိကြောင်းသိရှိရသည်။

**နှင်းလဲ့လဲ့**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၂၀၀နီးပါးသာ တင်ပို့

ဇွန် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၉၇ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားသို့ ၉၈ တန်၊ ယီမင်သို့ ၂၅တန်နှင့် ပါကစ္စတန်သို့ ၇၄ ဒသမ ၅ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မလေးရှားသို့ အများဆုံးတင်ပို့ခဲ့ပြီး ပါကစ္စတန်သို့ ဒုတိယအများဆုံးတင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၆၂၀ ကျော် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်တင်ပို့မှု နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၄၂၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရသည်။ မန်ကျည်းတစ်တန် ပျမ်းမျှအမေရိကန် ဒေါ်လာ ၂၇၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၃၆၉၅ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# ပြည်မန်ကျည်းမှည့် အဝင်နည်းပြီး အရောင်းအေးနေ



ယခုအပတ် နယ်တွေမှာ မိုးရွာသွန်းမှုရှိနေတာကြောင့် ပွဲရုံများသို့ မန်ကျည်းမှည့်အဝင်နည်းလာပြီး နယ်အဆွဲလည်း နည်းကာဈေးနှုန်းများငြိမ်သက်နေသည်။

ယခုအပတ် မန်ကျည်းမှည့်တစ်ပိဿာဈေး (ပွဲရုံဈေး)ကျပ် ၂၀၀၀ (အစေ့လွတ်) နှင့် လက်လီဈေး ကျပ် ၂၅၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ကုန်သည်များထံ အဝင်နည်းသော်လည်း ဈေးနှုန်းအတက်အကျမရှိဘဲရောင်းချနေကြောင်းသိရသည်။

**နီနီဝင်း(ပြည်)**

## ချင်း

# ဈေးကောင်းရလျက်ရှိသည့် ရှမ်းချင်း

ဒီနှစ်ကတော့ ချင်းအရောင်းအဝယ်ကောင်းတဲ့နှစ်ပါပဲ၊ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်နေပြီး အဝင်ရှိသလောက် အဆွဲကလည်းများနေလို့ လက်ကျန်တောင်မရှိသလောက်ဖြစ်နေပါပြီ၊ အရင်လအထိတော့ ဈေးကွက်ကိုဝင်ရောက်မှုကနည်းနေပါသေးတယ်၊ မိုးရွာချိန် နောက်ကျတာကြောင့် တောင်သူတွေကလည်း များများစားစားမဖော်နိုင်လို့ တောင်သူတွေဖော်သလောက်သာအဝင်ရှိနေပါတယ်၊ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ချင်းကအစိုအတိုင်း ရောင်းကောင်းနေတာကြောင့် ချင်း(ခြောက်)ကိုတောင်သိပ်ပြီးမလုပ်ဖြစ်တော့ဘူးလို့ ဆိုပါတယ်။

**အောင်ပန်းဈေးကွက်မှာတော့** ချင်းသီးနှံက တစ်နှစ်ပတ်လုံးနီးပါး အရောင်းသွက်ခဲ့လို့ ဈေးကွက်မှာလည်း(မျိုး)ချင်းသာလက်ကျန်ရှိတော့တယ်လို့သိရပါတယ်။ ပြည်တွင်း/ပြည်ပဝယ်လက်တွေကြောင့် မေလတစ်လအတွင်းမှာ ချင်းတန်ချိန်ပေါင်း ၁၈၆၀ တန် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်း(စို)တွေ ဈေးကွက်မှာ အရောင်းအဝယ်ကောင်းနေပြီး လက်ကျန်လည်းနည်းသွားတာကြောင့် ဝယ်လက်တွေက ချင်း(ခြောက်)ကို ပြန်ဝယ်ယူနေလို့ အရောင်းအဝယ်ဖြစ်လာပြီး တစ်လအတွင်းမှာ ချင်း(ခြောက်)တန်ချိန်(၈၁၅)တန်အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးက ချင်း(စို)ကျပ်၁၅၀၀မှ ၁၈၀၀၊ ချင်း(ခြောက်)ကျပ်၁၅၀၀မှ ၁၈၀၀ဈေးရှိပါတယ်။

**ဟိုပုံးဈေးကွက်မှာတော့** ချင်း(စို)က ပစ္စည်းလက်ကျန်မရှိသလို ဈေးလည်းမဖွင့်တော့ပါဘူး၊ ချင်း(ခြောက်)ကတော့ တစ်ပိဿာကို ကျပ်၁၇၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# ဈေးမြင့်တက်လျက်ရှိသည့် ချင်း

ချင်းဝင်ရောက်ရာ အောင်ပန်း(ရှမ်းပြည်)မှကုန်ထွက်ပစ္စည်းပိုမိုနည်းပါးလာခြင်းကြောင့် အခြားဒေသများသို့ စီးဆင်းရာတွင်လည်း ဝင်ရောက်မှုနည်းပါးလာကာ ချင်းဈေးမှာ ယခုအပတ်ဈေးမြင့်တက်နေခဲ့သည်။ ယခုအပတ် ချင်းဈေးတွေကတော့ (ပွဲရုံဈေး)တစ်ပိဿာလျှင် ကျပ် ၂၈၀၀နှင့် လက်လီဈေး ကျပ် ၃၆၀၀တို့ဖြင့် ရောင်းချလျက်ရှိနေသည်။

ယခင်နှစ်ကာလတူ ချင်းဈေးထက်စာလျှင် တစ်ပိဿာပေါ်တွင် (ပွဲရုံဈေး) ကျပ် ၁၈၀၀၊ လက်လီကျပ် ၂၂၀၀ကထိ အမြတ် ပိုမရရှိကာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ခေးလှီးချင်း တစ်ပိဿာလျှင် ကျပ်၃၅၀၀နှင့် ၄၀၀၀ တို့ဖြစ်သည်။

**နီနီဝင်း(ပြည်)**



# ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

ဇွန် ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း ချင်း ၂၀ ဒသမ ၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဂျာမနီနိုင်ငံသို့ ၁၈ တန်နှင့် နယ်သာလန်နိုင်ငံသို့ ၂ ဒသမ ၇ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၉၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၇၀ နီးပါး တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ ချင်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၅၅၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **သီတာဝင်း(DOT)**

## နနွင်း

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ကျော်ဝင်ငွေရ

ဇွန် ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း နနွင်း ၂၉၁ ဒသမ ၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၁၅ တန်၊ မလေးရှားသို့ ၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၃၆ ဒသမ ၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၄ ဒသမ ၅ တန်နှင့် ယီမင်နိုင်ငံသို့ ၁၄ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၂၈၀ ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် နနွင်း ၁၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၀ ဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၀၅၉၂ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

# အသက်ရှူချောင်လာတော့မည့် မြန်မာ့ပဲလောကဈေးကွက်

[အောင်ဆန်း(စိုက်ပျိုးရေး)]



နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ ဒုတိယ သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ပြီး အပြန်ခရီးမှာ မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ပဲသုံးမျိုး တန်ချိန်ငါးသိန်းကို အိန္ဒိယက ပြန်လည်ဝယ်ယူပေးမည့် သတင်းကောင်းကို သယ်ဆောင်လာခဲ့သည်။ အလွန်မင်္ဂလာရှိသည့်သတင်းဖြစ်ပြီး ပဲExporter ကြီးများ၊ စိုက်ပျိုးသူ တောင်သူလယ်သမာကြီးများလည်း မြန်မာ့တောင်သူလယ်သမားကြီးများ၏အကျိုးစီးပွားအတွက် သတိတရဆောင်ရွက်ပေးခဲ့သည့် သမ္မတကြီးကို အထူးကျေးဇူးတင်နေရမည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးသူကလည်း အိန္ဒိယက မြန်မာ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို ပြန်ဝယ်မည်၊ မတ်ပဲ တန်ချိန်တစ်သိန်းခွဲ၊ ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် နှစ်သိန်း စုစုပေါင်း တန်ချိန် ငါးသိန်းဝယ်မည်ဟု ပြောကြားခဲ့သည်။

ဒီသတင်းဟာ အိန္ဒိယနိုင်ငံက မြန်မာ့မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ဝယ်ယူနေမှုကို ရပ်ဆိုင်းခံလိုက်ရပြီးကတည်းက အရုပ်ကြိုးပြတ်လိုဖြစ်ခဲ့ရတဲ့ မြန်မာ့ပဲ Exporter ကြီးများ၊ ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားကြီးများအတွက် အတော်လေးကို အသက်ရှူချောင်သွားစေမည့် အကျိုးရလဒ်ပါပဲ။

မြန်မာ့လယ်ယာကဏ္ဍမှာ သီးနှံအမျိုးပေါင်း(၆၀)ကျော် စိုက်ပျိုးနေတဲ့နေရာမှာ ပဲမျိုးစုံ(၁၉)မျိုးကို ဧကပေါင်း ၁၁ဒသမ ၅၀သန်းကျော် စိုက်ပျိုးလျက်ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် ၂၁ဒသမ၁ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိပါသည်။ ပဲမျိုးစုံစိုက်ဧကထဲမှာလည်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစိုက် ဧကမှာ ၆၆ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံက အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်၊ ဥရောပနိုင်ငံများသို့ ပဲမျိုးစုံ စုစုပေါင်းတန်ချိန် ၁ဒသမ ၃သန်း တင်ပို့လျက်ရှိသည်။ အဓိက တင်ပို့နေသည့် ပဲမျိုးများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ မြေတောက်ပဲ၊ ပဲလွန်းတို့ဖြစ်သည်။

အိန္ဒိနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယခင်နှစ်က ပဲတင်ပို့မှု မရပ်တန့်မီထိ ပဲမျိုးစုံတင်ပို့မှု ကုန်သွယ်ရေးဆက်ဆံမှုသည် နှစ်(၃၀)ကျော်ရှိခဲ့သည်။ မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတင်ပို့မှုကို ပြန်ကြည့်လျှင် ၂၀၁၆-၂၀၁၇ခုနှစ် စာရင်းအရ ပဲမျိုးစုံသုံးမျိုးတန်ချိန်မှာ ၁၀ သိန်းနီးပါးတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့သည်။ ပဲမျိုးစုံပြည်ပသို့တင်ပို့မှု၏ ၇၇ဒသမ၀၃ရာခိုင်နှုန်းသည် မတ်ပဲဖြစ်ပြီး တင်ပို့ခဲ့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ခဲ့သည်။ တစ်ဖန် ပဲစင်းငုံ တင်ပို့မှု၏ ၉၁ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် ပဲတီစိမ်း တင်ပို့မှု၏ ၈ရာခိုင်နှုန်းသည်လည်း အိန္ဒိယနိုင်ငံကို တင်ပို့ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

ဒီလို မြန်မာ့ပဲလောကဈေးကွက်ကြီးတစ်ခုလုံးကို လွှမ်းမိုးထားခံခဲ့ရသည့် အိန္ဒိယ၏ ပဲမျိုးစုံကုန်သွယ်မှုဆက်ဆံရေးဟာ အခိုင်အမာနှစ်ရှည် ရပ်တည်လာခဲ့သည်။ ဒီအချိန်မှာ မြန်မာ့မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံများကို အိန္ဒိယမှ အဝယ်ရပ်တန့်ခံလိုက်ရတဲ့အခါမှာ မြန်မာနိုင်ငံတွင် ပဲလောကဟာ ကြီးစွာသော လှိုင်းဂယက်ကြီးရိုက်ခတ်သွားခဲ့ပါသည်။ ဒီလှိုင်းဂယက်ကြောင့် နိုင်ငံတော်ရော၊ ပဲ Exporter ကြီးများပါ ပြာလောင်ခတ်ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဘဝနှင့်ရင်းပြီး ဘဝပျက်မတတ် အလူးအလဲ ခံစားလိုက်ကြရတဲ့သူတွေကတော့ တောင်သူလယ်သမားကြီးများပါပဲ။

ယခင်နှစ်က ပဲမျိုးစုံ စိုက်ပျိုးတဲ့ရာသီတစ်လျှောက်လုံးမှာလည်း မတ်ပဲဝယ်မယ့်သူမရှိ ဈေးကွက်ပျောက်သလိုဖြစ်နေတော့ မတ်ပဲစိုက်ပျိုးနေကြ တောင်သူလယ်သမားကြီးများ၊ ဟိုဟာလုပ်ရတော့မလိုလို၊ ဒီဟာဘဲလုပ်ရတော့မလိုလိုနဲ့ စိတ်သောက အကြီးအကျယ်ရောက်ခဲ့ရသည်။ အချို့ကလည်း မတ်ပဲကို ထိုက်သင့်သလောက်ပြန်စိုက်ပြီး အချို့ဧကတွေကို နှမ်းပါးနှင့် ဆီထွက်သီးနှံအစားထိုးစိုက်ပျိုးခဲ့ကြတာလည်းရှိသည်။ အချို့ဒေသများတွင် အခြားသီးနှံချက်ချင်းပြောင်းလဲစိုက်ပျိုးရန် မျိုးအခက်အခဲ၊ ဓာတ်မြေသြဇာအခက်အခဲတွေကြောင့် ဖြစ်ချင်ရာဖြစ် နောင်ခါလာနောင်ခါဈေးဆိုပြီး မတ်ပဲကို ဇွတ်ကြဲခဲ့တဲ့ တောင်သူလယ်သမားကြီးများလည်း ရှိခဲ့သည်။

> **ပဲမျိုးစုံသီးနှံများအား ဓာတုပိုးသတ်ဆေးများ အလွန်အကျွံ အသုံးမပြုဘဲ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းကို မဖြစ်မနေ ဆောင်ရွက်ဖို့လိုပါသည်။**

အချို့ဒေသတွေမှာ ပဲစင်းငုံဈေး ကွက်ပျောက်တော့ စိုက်ပြီးသား ပဲစင်းငုံခင်းတွေကို ထွန်စက်ကြီးတွေနဲ့ ထိုးဖျက်ပစ်လိုက်ကြတာလည်း ရှိခဲ့ပါသည်။ ဒါပေမဲ့ ပဲပေါ်ချိန်ရာသီရောက်တော့ ပဲစင်းငုံဈေးက အတက်ဘက်လှုပ်လာတော့ နောင်တရမဆုံးဖြစ်ခဲ့ကြရပါသည်။ အိန္ဒိယနိုင်ငံက မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ အဝယ်ရပ်လိုက်တော့ စာရေးသူကို ဘာဆက်လုပ်မလဲဆိုပြီး အကူအညီတောင်းခံလာကြသည့် တောင်သူလယ်သမားကြီးများကို အကြံပြုခဲ့ပါသည်။

မတ်ပဲကို ၅၀ရာခိုင်နှုန်း ပြန်စိုက်၊ ပဲတီစိမ်း၊ ပဲစင်းငုံကိုတော့ သံယောဇဉ်မပြတ်ရုံပြန်စိုက်၊ အခြားဆီထွက်သီးနှံနှင့် နှမ်းပါး အစားထိုး စိုက်ပျိုးဖို့ အကြံပြုခဲ့သည်။ တစ်ချိန်ချိန်မှာ အိန္ဒိယနိုင်ငံနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ကုန်သွယ်မှု နှစ်(၃၀)ကျော် ခိုင်မြဲလာခဲ့သည့် သံယောဇဉ်ကြိုးကလေး ပြန်ဆက်လာမယ်ဆိုရင် မိမိနိုင်ငံဘက်က အသင့်အနေအထားရှိဖို့ သတိပေးခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတကြီး၏ ကြိုးပမ်းခဲ့မှုအရ နှစ်သုံးဆယ်ကျော်နီးပါး ကုန်သွယ်မှုသံယောဇဉ်ကြိုးကလေးကို ပြန်ဆက်ပေးလိုက်သည့်အတွက် မြန်မာတို့ ဝမ်းသာအားရနှင့် ကြိုဆိုကြရပါလိမ့်မည်။ မြန်မာ့ပဲလောကဈေးကွက်လည်း အသက်ရှူချောင်လာမှာဖြစ်သည်။ အဆင်ချောမွေ့စွာ ကတိအတိုင်း တင်ပို့နိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ကြိုးပမ်းကြရမည်ဖြစ်သည်။

သီးနှံတစ်ခု စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းဖို့ဆိုလျှင် မျိုးလိုအပ်ချက်ပြည့်စုံရမည်၊ မြေယာပြုပြင်ထွန်ယက်ရေးအချိန်မီ ပြီးစီးပြီး အချိန်မီစိုက်ပျိုးနိုင်အောင် စိုက်ပျိုးနိုင်ရမည်။ ရိတ်သိမ်းဆွတ်ခူးစနစ်တကျသို့လှောင်မှုတွေ စီမံနိုင်ရမည်။ ပြည်ပတင်ပို့မည့် ပဲတွေအတွက် အဓိက လိုအပ်ချက်မှာ အရည်အသွေး၊ စံချိန်စံညွှန်းမီအောင် ထုတ်လုပ်နိုင်ရမည်။ ဓာတုဓာတ်ကြွင်းကင်းစင်အောင် စီမံခန့်ခွဲနိုင်ရမည်ဆိုသည့်အချက်တွေသည် အဓိကသော့ချက်တွေ ဖြစ်ပါသည်။

အရည်အသွေးစံချိန်စံညွှန်းပြည့်မီကောင်းမွန်ရေးမှာ အဓိကအချက်နှစ်ချက် လိုက်နာဖို့လိုသည်။ (၁) အရည်အသွေးကောင်း၊ မျိုးကောင်းမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးဖို့ (၂) ရိတ်သိမ်းဆွတ်ခူးချိန်မှန်ကန်ပြီး ရိတ်သိမ်းချိန်လွန် နည်းပညာအပြည့်အဝ အသုံးချဖို့ ဖြစ်သည်။ ပဲမျိုးစုံသီးနှံများသည် စောပြီးရိတ်သိမ်းဆွတ်ခူးလျှင် အဆန်မပြည့်၊ အစိုဓာတ်များပြီး မှိုတက်၍ အရည်အသွေးကျစေပါသည်။ နောက်ကျဆွတ်ခူးရိတ်သိမ်းလျှင် အတောင့်များကွဲအက်ပြီး အစေ့များလွင့်စင်ထွက်ကျ၍ ဆုံးရှုံးနိုင်သည့်အပြင် အစေ့များနေရောင်ကြောင့်လောင်ကျွမ်းပြီး အရောင်ပျက်စေသည်။ ပဲမျိုးစုံသီးနှံများအား ဓာတုဓာတ်ကြွင်းများ ကင်းစင်စေရန်အတွက် အထူးသတိပြု ဆောင်ရွက်ကြရမှာဖြစ်သည်။ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံအသုံးမပြုဘဲ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းကို မဖြစ်မနေ ဆောင်ရွက်ဖို့လိုပါသည်။ အဓိကလိုအပ်ချက်ကတော့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)စနစ် မလွဲမသွေစိုက်ပျိုး ထုတ်လုပ်ကြဖို့လိုအပ်မှာဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရရင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံက မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများကို ပြန်လည်ဝယ်ယူပေးဖို့ ပြန်ဆက်လာတဲ့ သံယောဇဉ်ကြိုးကလေးကို အခွင့်အရေးထူးတစ်ရပ်အဖြစ်ခံယူ၍ မိမိဘက်မှ လုံခြုံအောင် စီမံဆောင်ရွက်ကြဖို့ တိုက်တွန်းလိုက်ရပါသည်။





## ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ၈၀၀၀၀ ကျော်ဝင်

ဇွန် ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၃၅၀၇၀၈ တန်ဖိုးရှိ ဒီဇယ် ၆၅၈၅၈ ဒသမ ၁၁ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၅၉၇၆၂ တန်ဖိုးရှိ ခာတ်ဆီ ၁၈၈၉၅ ဒသမ ၃၆ တန်၊ စုစုပေါင်း ၈၄၇၅၃ဒသမ ၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၅၉၆၃၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင် သီတင်းပတ်က ခာတ်ဆီတန်ချိန် ၄၉၅၀၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ဒီတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀၆၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်တင်သွင်းမှုပိုခဲ့ပြီးခာတ်ဆီ တင်သွင်းမှုလျော့နည်းခဲ့သည်။ **သီတာဝင်း(DOT)**

## နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် ရွှေဘိုပေါ်ဆန်း GI (Geographical Indication)အကြောင်း ရှင်းလင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်ရှိ ထီလာစားသောက်ဆိုင်ခန်းမတွင် ဇွန် ၅ ရက် နံနက် ၉ နာရီက မြန်မာ့ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကျင်းပသော ရွှေဘိုပေါ်ဆန်း GI (Geographical Indication) အကြောင်း ရှင်းလင်းဟောပြောခြင်းနှင့် အသင်းနှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများကဏ္ဍများ ရှင်းလင်း ဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမော်က ရွှေဘိုပေါ်ဆန်း GI (Geographical Indication) အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက GAP စနစ်နှင့် မျိုးစေ့ကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး Genius Coffee လုပ်ငန်းစုဥက္ကဋ္ဌဦးငွေထွန်းက ထုတ်ကုန်ဈေးကွက်အခြေအနေများကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

အခမ်းအနားတွင် မြန်မာ့ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဗဟိုအသင်းဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်က အသင်းဖွဲ့စည်းရခြင်း အကြောင်းအရင်းနှင့်အသင်း၏ရှေ့လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ အသင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၃၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုးနိုင်**

## Energy NYMEX 14-6-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.33 | 0.55 | 0.10 |
| Brent Crude Futr (USD/bbl) | 61.58 | 0.27 | 0.44 |
| Gasoline Rbob Fut (Cent/gal) | 172.57 | 0.58 | 0.34 |
| Natural Gas Futr (USD/MMBtu) | 2.33 | 0.01 | 0.39 |
| Heating Oil Futr (Cent/gal) | 181.50 | 0.84 | 0.64 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10-June | 14.72 | 2633.78 | 1732.12 | 5824.07 | 804.00 |
| 11-June | 14.68 | 2635.98 | 1736.53 | 5868.37 | 806.00 |
| 12-June | 14.82 | 2641.27 | 1738.29 | 5832.23 | 818.00 |
| 13-June | 14.80 | 2655.38 | 1743.58 | 5808.66 | 814.00 |
| 14-June | 14.97 | 2624.74 | 1749.09 | 5837.29 | 811.00 |

## ပြည်တွင်းငွေလဲနှုန်း တည်ငြိမ်နေ

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးငြိမ်နေခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို မေလနောက်ဆုံးပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၅ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၂၆ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်အမေရိကန်ဒေါ်လာကို ရောင်းလိုအားများခဲ့သော်လည်း ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းနေခဲ့ကြောင်း၊ အခြားကုန်စည်များဖြစ်သည့် ရွှေနှင့်ရေနံတို့မှာ ဈေးအဆ မတန်မြင့်တက်နေခြင်းကြောင့် ဒေါ်လာကို လူကြိုက်နည်းနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုအရှိန်ပြင်းထန်လာခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးလောကကို ထိခိုက်မှုရှိလာကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇွန် ၁၀ရက်ကအမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၇ကျပ်၊ ဝယ်ဈေး ၁၅၂၄ ကျပ်မှ ဇွန် ၁၅ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၂၇ကျပ်၊ ဝယ်ဈေး ၁၅၂၃ကျပ်ဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး ဇွန်၁၄ရက်တွင် အမေရိကန်တစ်ဒေါ် လာ ရောင်းဈေး ၁၅၂၅ကျပ်၊ ဝယ်ဈေး ၁၅၂၂ ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာ ဇွန်လဒုတိယပတ်အတွင်း စံချိန်တင်မြင့်တက်ခဲ့ပြီး ဇွန်လပထမပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၈၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၀၈၁၀၀၀သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

“ဒီနေ့မနက်ပိုင်းမှာကို ကမ္ဘာ့ရွှေဈေးမြင့်တက်လာခဲ့သလို ပြည်တွင်းရွှေဈေးလည်း ဆက်တိုက်မြင့်တက်လာခဲ့တယ်။ အဓိကကတော့ ပြည်တွင်းမှာ ဒေါ်လာဈေးက ငြိမ်နေသလို နိုင်ငံတကာစီးပွားရေးလောကမှာ ပဋိပက္ခတွေ ဖြစ်လိုက်၊ နိုင်ငံရေးကလည်း တင်းမာလိုက်ဖြစ်နေတော့ ဈေးကိုဆွဲတင်သလို ဖြစ်နေတယ်။ ဒီတစ်ပတ်ထဲမှာကို ရေနံတင်သင်္ဘောတိုက်ခိုက်ခံရတာတွေ၊ ကုန်သွယ်ရေးတင်းမာမှု အဖြေရှာမရတာတွေ ဖြစ်နေတယ်။ ဒါတွေကြောင့် ပြည်တွင်းရွှေဈေးနဲ့ နိုင်ငံတကာရွှေဈေးတို့ဟာ ရေနံဈေးနဲ့အတူ မြင့်တက်သွားတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇွန်၁၀ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၇၀၀၀ ရှိခဲ့ရာမှ ဇွန်၁၂ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၃၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇွန် ၇ ရက်တွင် ကျပ်၁၀၈၁၀၀၀သို့ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇွန်၁၀ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၂၈ဒေါ် လာရှိခဲ့ရာမှ ဇွန်၁၂ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၃၅ ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ဇွန် ၁၄ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၅၆ ဒေါ်လာဖြင့် ဆက်လက်မြင့်တက်လာခဲ့သည်။ **သန်းထိုက်အောင်**

## ရန်ကုန်စတော့အိတ်ချိန်းအမည်သုံးထားသော Page များအား အမည်ပြောင်းရန် သတိပေး

ရန်ကုန်စတော့အိတ်ချိန်းအမည်ကို ယူသုံးကာ Facebookလူမှုကွန်ရက်၌ Page များ ဖွင့်လှစ်ထားခြင်းကို အမည်ပြောင်းလဲသုံးစွဲရန် ရန်ကုန်စတော့အိတ်ချိန်းက ဇွန် ၁၂ရက်တွင် သတိပေးချက်ထုတ်ပြန်လိုက်သည်။

အဆိုပါ သတိပေးချက်တွင် ရန်ကုန်စတော့အိတ်ချိန်း၏ Facebook Page (Yangon Stock Exchange-YSX)သည် အပြာရောင်သင်္ကေတ Blue Verification Badge ရရှိထားပြီး Pageမှတစ်ဆင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများ၏ စတော့ဈေးနှုန်းများ၊ သတင်းအချက်အလက်များ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးနေကြောင်း၊ ထို့အပြင် ရန်ကုန်စတော့အိတ်ချိန်း၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများ၊ ပညာပေးရေးအစီအစဉ်များကိုလည်း ထုတ်ပြန်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် Yangon Stock Exchange အမည်ယူသုံးကာ Page ဖွင့်ထားသော Adminများအနေဖြင့် မိမိတို့၏ Pageများကို အမည်ပြောင်းလဲအသုံးပြုပေးပါရန် ကနဦးသတိပေးချက်အနေဖြင့် အသိပေးအကြောင်းကြားအပ်ကြောင်း ဖော်ပြထားသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Groupတို့ပူးပေါင်းတည်ထောင်ခဲ့ပြီး FMI, MTSH, MCB,FPBနှင့် TMHအစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

June 14, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.45 |
| BDT Bangladesh Taka | 84.52 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.92 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 69.54 |
| I DR Indonesia Rupiahs | 14314.50 |
| JPY Japan Yen | 108.30 |
| MYR Malaysia | 4.16 |
| PKR Pakistan Rupees | 153.12 |
| PHP Philippines Pesos | 51.93 |
| RUB Russia Rubles | 64.54 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1184.73 |
| LKR Sri Lanka Rupe | 176.79 |
| THB Thailand Baht | 31.36 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23318.49 |

*Source:xe.com*

## World Gold Price

June- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 10 | 1330 | 1328 | 1328 |
| 11 | 1332 | 1331 | 1331 |
| 12 | 1338 | 1338 | 1336 |
| 13 | 1340 | 1338 | 1337 |
| 14 | 1353 | 1349 | 1342 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10-6- 2019 | 1066.00 | 1066.20 |
| 11-6- 2019 | 1071.50 | 1071.30 |
| 12-6- 2019 | 1073.00 | 1073.80 |
| 13-6- 2019 | 1072.00 | 1072.30 |
| 14-6- 2019 | 1076.00 | 1075.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6.92 | 31.36 | 84.15 | 69.45 |
| 11 | 6.91 | 31.31 | 84.40 | 69.44 |
| 12 | 6.91 | 31.22 | 84.35 | 69.38 |
| 13 | 6.91 | 31.19 | 84.66 | 69.38 |
| 14 | 6.92 | 31.19 | 84.52 | 69.53 |

## ဘိလပ်မြေ

# ရေလမ်းမှဘိလပ်မြေတန်ချိန် ၂၀၀၀၀နီးပါးဝင်

ဇွန် ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၃၉၆၃ တန်ဖိုးရှိ ဘိလပ်မြေ ၁၈၄၇၈ ဒသမ ၉၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၈၃၂၈ ဒသမ ၉၄ တန်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၅၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၈၆၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၇၆၁၀ ကျော်ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဇွန် ၁ ရက်မှ ၇ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၈၉၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၀၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၁၅၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ကြောင်းသိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ထိုင်းနိုင်ငံထုတ် ဘိလပ်မြေအဝင်နည်းလာပြီး ပြည်တွင်းဘိလပ်မြေအဝင်များလာကြောင်းသိရသည်။ ဈေးကွက်အတွင်း ကြံ့တစ်ကောင်(အပြာ)ဘိလပ်မြေဝင်လာကြောင်း သိရသည်။

ယခုတစ်ပတ် ဈေးကွက်အတွင်း အရောင်းအဝယ်အားလျော့ပြီး ဆင်မြန်မာက ကျပ် ၁၅၀၊ ကြံ့နှစ်ကောင်(နီ) (စိမ်း)က ကျပ်၃၀၀ ဈေးလျော့ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၁၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း) ကျပ် ၆၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** မိုးကောင်းကောင်းမရွာသေးသော်လည်း ဘိလပ်မြေအရောင်းအဝယ်အေးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေးသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်**၌ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ဈေးကွက်အတွင်း ကြံ့ဘိလပ်မြေတစ်မျိုးသာ အရောင်းအဝယ်ဖြစ်နေပြီး ကျန်ဘိလပ်မြေများပစ္စည်းပြတ်နေပြီး ဈေးအဖွင့်မရှိကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဈေးကွက်၌**အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၄၀၀၊ အေးသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်လျော့

ဇွန် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၇၂၁၅၅ တန်ဖိုးရှိ မြေသြဇာ၁၈၅၀၈ ဒသမ ၂၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၁၁၁၃၅ ဒသမ ၄၄ တန်၊ ကိုရီးယားနိုင်ငံမှ ၇၃၃ ဒသမ ၁၀ တန်၊ မလေးရှားနိုင်ငံမှ ၆၆ တန်၊ နယ်သာလန်နိုင်ငံမှ ၂၈ ဒသမ ၆၈ တန်၊ နော်ဝေနိုင်ငံမှ ၄၄၅ ဒသမ ၈၉ တန်၊ ရုရှားနိုင်ငံမှ ၅၀၄ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၅၅၆၅ ဒသမ ၁၁ တန်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၃၀ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၃၀၈၄၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၂၃၃၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့် အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း(၁၀း၁၀း၁၀)၊ ကွန်ပေါင်း(၂၄း၇း၇)၊ အော်ဂဲနစ်၊ ကွန်ပေါင်း(၁၂း၁၁း၁၈)၊ ယူရီးယား(၄၆%) (သံကွင်း)နှင့် ကွန်ပေါင်း (၁၅း၁၅း၁၅) တို့ဖြစ်သည်။

# မြေသြဇာဈေးကွက် အရောင်းအေး

ဇွန် ၁ ရက်မှ ၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၂၈၈၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၂၂၇၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၆၀၇၀ ကျော်အဝင်ပိုကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ မကွေးနှင့်တောင်ကြီးတို့တွင်အရောင်းပုံမှန်ရှိပြီး မန္တလေး၌အရောင်းပုံမှန်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** ယခင်တစ်ပတ်က မိုးသီးနှံအတွက်အရောင်းအဝယ်ကောင်းသော်လည်း ယခုတစ်ပတ်မှာ အရောင်းအေးကြောင်း သိရသည်။ ယခုတစ်ပတ် ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)က ကျပ်၇၀၀၊ကွန်ပေါင်း(၁၅း၁၅း၁၅)(အစိမ်း)ထိုင်းက ကျပ် ၂၀၀၀ ဈေးကျခဲ့ပြီး တီစူပါ(၄၆%) (သံကွင်း-တရုတ်)က ကျပ်၁၈၀၀ ဈေးမြင့်ခဲ့ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၄၈၀၀၀၊ မြန်မာ့သြဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၄၇၀၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ပိုတက် (မြန်မာ့သြဘာ) ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြှားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း(၄၆%) (စံပြ) ကျပ် ၄၇၃၀၀နဲ့အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** စိုက်ပျိုးရာသီရောက်လာသော်လည်း မိုးမရသေးသောကြောင့် စိုက်ပျိုးမှုနောက်ကျနေသည်။ ထို့ကြောင့် မြေသြဇာအရောင်းအဝယ်ပါးနေကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယား (ရွှေတောင်-တရုတ်)က ကျပ် ၁၁၀၀၊ ပန်းဖူး(တရုတ်)က ကျပ် ၁၀၀၊ တီစူပါ (၄၆%)သံကွင်းက ကျပ် ၃၀၀၀၊ မြှားသီးစုံက ကျပ် ၁၀၀၊ အာမို (၁၅) ပတ်လည်က ကျပ် ၂၀၀ ဈေးကျပြီး ပိုတက်က ကျပ်၁၀၀ ဈေးမြင့်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၅၃၀၀၊ မြှားသီးစုံ ကျပ် ၁၈၃၀၀၊ ပန်းသီးစုံ ကျပ် ၁၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်)ကျပ်၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြှားကမ္ဘာကျပ် ၁၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

## နှမ်းဆီ/နှမ်းမှုန့်

# ယခုတစ်ပတ် အိုကေနှမ်းဆီတစ်မျိုးသာ တင်သွင်း

ဇွန် ၂ ရက်မှ ၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိနှမ်းဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့သည်။ ယခုတစ်ပတ် အိုကေနှမ်းဆီ တစ်မျိုးသာ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နှမ်းဆီတန်ချိန် ၅၀၀ ကျော် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သည်။

အမေရိကန်ဒေါ်လာ ၆၀၀၂၁၈ တန်ဖိုးရှိနှမ်းမှုန့်၂၁၉ ဒသမ ၂၈၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် အိုင်ယာလန်၊ နယူးဇီလန်၊ ပိုလန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့မှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နှမ်းမှုန့်တန်ချိန် ၁၅၀ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ နှမ်းဆီအဝင်လျော့ခဲ့ပြီး နှမ်းမှုန့်အဝင်ပိုခဲ့သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၆ မှ ၇/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၅ မှ ၃၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈·၂၅ | ၃၃·၃၅ | (-) | ၂၅·၁၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၁၈၅·၀၀ | ၁၈၅·၀၀ | (+) | ၁၀၀၀·၀၀ |
| ၅။ | တာချီလိတ် | ၆၆၅၀·၀၀ | ၈၀၀၀·၀၀ | (-) | ၁၃၅၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀·၀၀ | ၅၀·၀၀ | | - |
| ၈။ | မြိတ် | ၃၀၀၀·၀၀ | ၃၇၇၅·၀၀ | (-) | ၇၇၅·၀၀ |
| | စုစုပေါင်း | ၁၀၈၉၃·၂၅ | ၁၂၀၄၃·၃၅ | (-) | ၁၁၅၀·၁၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၆ မှ ၇/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၅ မှ ၃၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၀၄၀·၃၀ | ၉၉၅၇·၀၇ | (+) | ၈၃·၂၃ |
| ၂။ | လွယ်ဂျယ် | ၁၂၀၈·၀၀ | ၂၂၁၃·၅၀ | (-) | ၁၀၀၅·၅၀ |
| ၃။ | ချင်းရွှေဟော် | ၉၉၀၃·၀၀ | ၇၈၀၁·၁၇ | (+) | ၂၁၀၁·၈၃ |
| ၄။ | ကန်ပိုက်တီ | ၄၀၄၉·၀၀ | - | (+) | ၄၀၄၉·၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၃၆၅၀·၀၀ | ၂၈၀၀·၀၀ | (+) | ၈၅၀·၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၈၈၅၀·၅၀ | ၂၂၇၇၃·၇၄ | (+) | ၆၀၇၈·၅၆ |

ခင်မိုးသူ

# မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ အဆင့်မြင့်တင်ခြင်းသည်ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိမလား

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် Kempinski Hotel ၌ သွားတက်ရောက်ဖြစ်ခဲ့သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲမှ တစ်ဝက်သည် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရန်ရည်ရွယ်၍ နိုင်ငံတကာအထောက်အပံ့ပေးရေး ဆောင်ရွက်မှုများသည် ၎င်းနိုင်ငံများ၏ National Policies များနှင့် ချိတ်ဆက်၍ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆယ်စုနှစ် ကာလတစ်ခုအတွင်း The Istanbul Programme of Action for LDCs (2011) အရ ဆောင်ရွက်ခဲ့ကြကြောင်း၊ ၎င်းဆောင်ရွက်ချက်များအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို အုပ်စုခြောက်ခုခွဲလိုက်ရာ Vanuatu, Angola, Bhutan, Solomon Island တို့သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ပြီးဖြစ်သော Graduading နိုင်ငံများအဖြစ် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ၂၀၂၄ ခုနှစ်တွင် လွတ်မြောက်ရန် အလားအလာရှိသော နိုင်ငံများအဖြစ် လည်းကောင်း၊ အခြားလေးနိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှလွတ်မြောက်ရန် တိုင်းတာသည့် အချက်နှစ်ချက်နှင့် ကိုက်ညီသောနိုင်ငံများ၊ အခြား ၁၃ နိုင်ငံမှာ အချက်တစ်ချက်နှင့် ကိုက်ညီသောနိုင်ငံများ၊ အခြား ငါးနိုင်ငံမှာ အချက်တစ်ချက်ကို ကိုက်ညီရန် နီးကပ်လာသောနိုင်ငံများနှင့် အခြား ၁၇ နိုင်ငံမှာမည်သည့်အချက်နှင့်မျှကိုက်ညီမှု မရှိသေးသည့်နိုင်ငံများဆိုပြီး ခွဲခြားထားကြောင်းကို လေ့လာသိရှိခဲ့ရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လေ့လာခဲ့သည့်အချက်အရဆိုလျှင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် တိုင်းတာသည့် အချက်သုံးချက်ရှိကြောင်း ၎င်းအချက် သုံးချက်မှာ Per capita income criterion, Human assets criterion နှင့် Economic vulnerability criterion တို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် တိုင်းတာချက်အရ အဲဒီအချက်သုံးချက်ကို မီနေကြောင်း၊ ၂၀၂၁ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် မြန်မာနိုင်ငံအပေါ် Review ပြန်လုပ်တဲ့အခါ အနည်းဆုံးအချက်နှစ်ချက်ကိုကိုက်ညီနေပါက ကျွန်မတို့မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်တော့မည်ဖြစ်သည်။

ထို့ကြောင့် ကျွန်မတို့မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်မလား၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်ပဲ ဆက်ရပ်တည်ကြမလားဆိုသည့် အတွေးတစ်ခုရခဲ့သည်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံကနေ အဆင့်မြင့်သွားတယ်၊ လွတ်မြောက်သွားတယ်ဆိုတာကို LDC Graduation လို့ သုံးနှုန်းပါတယ်။

ကျွန်မကတော့ မြန်မာနိုင်ငံအနေနဲ့ LDC Graduation အရ အဆင့်မြင့်သွားပြီ၊ ဘွဲ့ရသွားပြီဆိုရင် ဘာတွေဖြစ်လာမလဲလို့ ကုန်သွယ်မှုရှုထောင့်ကနေတွေးကြည့်ခဲ့တယ်။ လက်ရှိမှာမြန်မာနိုင်ငံဟာ LDC နိုင်ငံဖြစ် နေတော့ ဖွံ့ဖြိုးပြီးနဲ့ ဝင်ငွေမြင့်သောဖွံ့ဖြိုးဆဲ နိုင်ငံများကပေးတဲ့ တစ်ဖက်သတ် အခွင့်အရေးတွေ ရရှိနေတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ကုန်စည်တွေသူတို့ဈေးကွက်ထဲကိုဝင်ရင် အကောက်ခွန်လွတ် ဝင်ရောက်ခွင့်ရတယ်။ အထူးသဖြင့် မြန်မာ့ထွက်ကုန်များဖြစ်တဲ့ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ အထည်ချုပ်ကဲ့

[TN Phyoe]

သို့သော CMP Product တွေဟာနိုင်ငံတကာကုန်သွယ်မှုဈေးကွက်ထဲကို အပြန်အလှန် ဖြေလျှော့ပေးရတဲ့ အကောက်ခွန်မျိုး မဟုတ်ဘဲ တစ်ဖက်သတ် အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ ဝင်ရောက်ခွင့်ရနေတဲ့ အခွင့်အရေးမျိုးတွေရှိထားတယ်။ ကုန်သွယ်မှုမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဈေးကွက်ဝင်ရောက်ခွင့်ကို တင်သွင်းနိုင်ငံ၏ အကောက်ခွန်ဖြင့် တားဆီးခြင်း၊ အကောက်ခွန်မဟုတ်သော စည်းမျဉ်းစည်းကမ်းများဖြင့် တားဆီးခြင်းများရှိရာ အကောက်ခွန် ကင်းလွတ်ခွင့် ရရှိထားသည့်အတွက် Sanitary and Phythosanitary Certificate ကဲ့သို့သော technical regulation များကိုသာ ရင်ဆိုင်ကျော်လွှားကြရတယ်။

> **လက်ရှိမှာ မြန်မာနိုင်ငံဟာ LDC နိုင်ငံဖြစ်နေတော့ ဖွံ့ဖြိုးပြီးနဲ့ ဝင်ငွေမြင့်သော ဖွံ့ဖြိုးဆဲနိုင်ငံများကပေးတဲ့ တစ်ဖက်သတ် အခွင့်အရေးတွေ ရရှိနေတယ်။**

ဥပမာ- EU နိုင်ငံများဆီသို့ မြန်မာနိုင်ငံရဲ့ အထည်၊ ဖိနပ်တို့ကဲ့သို့သော CMP လက်ခစားထုတ်လုပ်တဲ့ ကုန်စည်တွေကိုပို့နေတာ မြန်မာနိုင်ငံက ကုန်သွယ်မှုပိုငွေပြတယ်။ လက်ရှိ ကိန်းဂဏန်းတွေအရဆိုရင် ၁ ဒသမ ၇ ဘီလီယံအထိအသာ စီးရနေတယ်။ အကယ်၍ မြန်မာနိုင်ငံဟာ LDC Graduating နိုင်ငံသာဖြစ်သွားခဲ့ရင် ဒီအခွင့်အရေးတွေ ဆုံးရှုံးမယ်။ အခွင့်အရေးဆုံးရှုံးတာကို စိုးရိမ်ပူပန်ခြင်းမရှိသော်လည်း နိုင်ငံတကာကုန်သွယ်မှုမှာ Non-Tariff လို့ခေါ်သော အကောက်ခွန်မဟုတ်သော စည်းမျဉ်းစည်းကမ်းတွေကိုသာ ကျော်လွှားနေရတဲ့ မြန်မာ့ပို့ကုန်များဟာ အဲဒီစည်းမျဉ်းစည်းကမ်းတွေကိုတောင် အနိုင်နိုင်ကျော်လွှားပြီး ဈေးကွက်ရအောင် ကြိုးစားပမ်းစား ထိုးဖောက်နေကြရတာ အကောက်ခွန် ကင်းလွတ်ခွင့်တွေပါ မရှိတော့ဘူး။ အကောက်ခွန်တွေပါပေးဆောင်ပြီး နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်ရမယ်ဆိုရင် ကျွန်မတို့ မြန်မာ့ထွက်ကုန်များ တကယ်ပဲ ဈေးကွက်ခိုင်မာနေပြီလား၊ အဓိကတင်ပို့ကုန်များဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်းတင်ပို့နေမှုများတွင် တစ်ဖက်ဝယ်လက်က ဈေးကွက်ပိတ်လိုက်တာနဲ့ Alternative သွားစရာ ဈေးကွက်အဆင်သင့် ထိန်းထားနိုင်မှုတွေ တကယ်ရှိပြီလား၊ CMP လက်ခစားထုတ်လုပ်တဲ့ကုန်စည်တွေထက် FOB အဆင့်ကို တိုးမြှင့်ထုတ်လုပ်တင်ပို့တဲ့ မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်တွင်းဝင်ရောက်နေပြီလား၊ ကုန်သွယ်မှုပိုငွေပြတဲ့အထိနိုင်ငံတကာဈေးကွက်ကို ယှဉ်ပြိုင်နိုင်ပြီလားဆိုတဲ့ မေးခွန်းတွေတန်းစီပြီးပေါ်လာခဲ့တယ်။

ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်တဲ့ Criteria တွေကို မီနေပြီဆိုတဲ့အပေါ် နိုင်ငံတစ်နိုင်ငံရဲ့ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာအဓိကအရေးပါတဲ့ ကုန်သွယ်မှုရှုထောင့်ကနေ သုံးသပ်မိခဲ့တယ်။

## ပြည်တွင်းဆီဈေးနှုန်းများ (၁၄-၆-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၂၀၀ | △ | ၆၆၀၀ | ၆၆၀၀ | □ | ၁၈၀၀ | ၁၇၀၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၆၅၀၀ | ▽ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၂၀ | ၁၈၀၀ | △ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၄-၆-၂၀၁၉ US$/Ton

| အမျိုးအစား | မေပဒ္ဓမပတ် | ဇွန်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | - | ၅၀၃.၀၀ | - |
| **RBD P.Olein** | ၅၀၉.၅၀ | ၅၁၀.၀၀ | △ |
| **RBD P.Stearin** | ၄၆၁.၀၀ | ၄၇၀.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၄-၆-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၄၈.၂၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၃၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၈၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၉ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၈၆.၈၂၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၄-၆-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 540 ဒေါ်လာနှင့် USD ဈေး ၁၅၂၈ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၄-၆-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ဈေးကွက်ဝင် ကညွတ်စိုက်ပျိုးပြီး ဝင်ငွေတိုးစေလို

အညာဒေသရှိဈေးများတွင် အိမ်ရှင်မများ အကြိုက်ဆုံး ဟင်းသီးဟင်းရွက်မှာ ကညွတ်ဖူးဖြစ်သည်။ သို့သော်လည်း ကညွတ်ဖူးသည်အသားငါးနှင့်မခြား ဈေးကောင်းလှသည်။ ထိုကြောင့် ကညွတ်ဖူးကိုကြိုက်သော်လည်း ဈေးကနေ့တိုင်းကြိုက်တိုင်း မစားနိုင်သည့်ဈေးနှုန်းဖြစ်သည်။

တစ်နေ့ ကျောက်ပန်းတောင်း မြို့နယ်ပုပ္ပားဝန်းကျင်ရှိကျေးရွာ တစ်ရွာသို့ ရောက်သွားဖြစ်သည်။ စာရေးသူအကြိုက်ဆုံး ကညွတ်ကို ဦးလေးဖြစ်သူရဲ့ အိမ်ခြံမှာတွေ့ခဲ့ရ၍ ကညွတ်စိုက်ပျိုးခြင်းကိုစိတ်ဝင်စားမိခဲ့သည်။ ကညွတ်စိုက်ပျိုးရာတွင် သဲနုန်းမြေအမျိုးအစားမှာဖြစ်ထွန်းပြီး မိုးရေလုံလောက်စွာရှိရန်လိုအပ်သည်။ စိုက်ပျိုးရေးပညာရှင်များက မိုးရေချိန် ၅၅ ဒသမ ၆၀ လက်မရွာသွန်းရန်လိုအပ်သည်ဟု ဆိုပါသည်။ သို့သော်လည်း ယခုခေတ်မီတိုးတက်သောကြောင့် အဝီစိတွင်းရေ၊ မြစ်ရေများဖြင့်လည်း စိုက်နေကြသည်ကို တွေ့ရသည်။ ကညွတ်ကို စိုက်မည်ဆိုပါက မစိုက်မီ ပျိုးစေ့ကို ရေနွေးကြမ်းမပူမအေးတွင် အချိန် လေးနာရီကြာ စိမ်ထားပါ။ ပြီးပါက ရေစစ်ထုတ်ပါ။ စွတ်ကျယ်၊ ပိတ်စ အဆင်ပြေရာနှင့်ထုတ်ပြီး မြေအိုးတွင်ထည့်၍ ပလတ်စတစ်ဖြင့် ပိတ်ထားပါ။ ပလတ်စတစ် ကြွတ်ကြွတ်အိတ်လည်းရသည်။ ယင်းမြေအိုးကိုနေပူမှာနေအပူရှိန်ကိုမူတည်ပြီး သုံးရက်မှ လေးရက်ထားပြီးမျိုး အညှောင့်ကို တွေ့ရမည်။ ထို့နောက်မြေကိုလည်းအနည်းဆုံးအကျယ် နှစ်ပေဝန်းကျင်၊ အမြင့် ၁ ပေခန့်ရှိသော ကျင်း၌စိုက်ရပါသည်။ ထို့နောက်သဘာဝမြေသြဇာ၊ ယူရီးယားမြေသြဇာများ ထည့်ပေးပါ။ ပင်သက်သုံးလေးအကြာတွင် အသားတက်ဖွဲ့ရပါမည်။ တစ်အုံတွင်သုံးလေးပင် ချန်၍ဖွဲ့ရပါမည်။ အပင်သက်တမ်း ခြောက်လမှာ ကညွတ်များကို ရောင်းချနိုင်သည်။ ကညွတ်စိုက်တစ်ဧကကို တစ်နေ့ပိဿာ ၂၅ပိဿာဝန်းကျင် ထွက်ရှိပြီး အပင်စိုက်ပျိုးပြီး ငါးနှစ်အထိ ချိုးယူရောင်းချနိုင်သည်။မိမိနေအိမ်မှာ အပြင်က ဝယ်မစားရအောင် တစ်ပိုင်တစ်နိုင်အဖြစ်လည်းကောင်း ဝင်ငွေရသည့်စိုက်ပျိုးရေးကို လုပ်ကိုင်နိုင်ပါသည်။

လက်ရှိဈေးကွက်၌ ကညွတ်တစ်ပိဿာ ကျပ် ၅၀၀၀ ဝန်းကျင်ရောင်းရပြီး အိမ်ရှင်မများ အကြိုက်ဆုံးဖြစ်သည့်အပြင် ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်များ တန်ဖိုးအမြင့်ဆုံးဟင်းတစ်ခွက်ဖြစ်ပြီး ဈေးကောင်းရနေကြောင်း တင်ပြလိုက်ရပါသည်။

**ရွှေမန်ကျည်း**

# စက်မှုကုန်ကြမ်း ချည်မျှင်ရှည်ဝါ ဧက ၁၇၀၀ ကျော် စိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ ချည်မျှင်ရှည်ဝါကို ယခုနှစ်ရာသီအလိုက် သီးနှံများတွင် စိုက်ပျိုးရန်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှသိရသည်။

ရေနံချောင်းမြို့နယ်တွင် တောင်သူများအတွက် ရာသီအလိုက် သီးနှံလျာထားချက်တွင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံများလျာထားချက်အတိုင်း နှစ်စဉ်လျာထားခဲ့ကြောင်း ယခုနှစ်လည်း စိုက်ပျိုးရန်အတွက် ဝါကို ယခုနှစ် ဧက ၁၇၈၀ စိုက်ရန်လျာထား ကြောင်း အဆို ပါဌာန၏စာရင်းများအရ သိရသည်။

ဝါမှာ နှစ်စဉ်စိုက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စံပြစိုက်ကွက်များဖြင့် ပညာပေးခဲ့သဖြင့် အဆင်ပြေကြောင်း ယခင်နှစ်က ဝါတစ်ပိဿာ ကျပ် ၈၀၀ ဝန်းကျင်ကနေ ကျပ် ၁၀၀၀ ကျော် ဈေးပေါက်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ဝါကိုပြည်တွင်း စက်မှုလုပ်ငန်းများက ကုန်ကြမ်းအဖြစ် အသုံးပြု၍ ဈေးကွက်တွင် ရောင်းလိုအား ဝယ်လိုအားရှိသည့်သီးနှံဖြစ်ကာ အညာမြေရာသီဥတု၌ အောင်မြင်ဖြစ်ထွန်းကြောင်းသိရသည်။

ယခုနှစ်တွင် ချည်မျှင်ရှည်ဝါဧက ၁၇၈၀ တွင် အထွက်မှာ စုစုပေါင်း ၉၁၆၇၀၀ ပိဿာ ထွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လျာထားချက်စာရင်းအရသိရသည်။

**ရွှေမန်ကျည်း**

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့ သရက်သီးဈေးအနည်းငယ်ကျ

မူဆယ်(၁၀၅)မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှာ တရုတ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဇွန် ၁ ရက်မှ၁၀ရက်အထိ ဖရဲသီးများ တင်ပို့မှုလုံးဝမရှိတော့ဘဲ သရက်သီးများသာ လှိုင်လှိုင်တင်ပို့နေကြောင်း သိရှိရသည်။

တင်ပို့နေသော သရက်သီးများမှာ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ ရွှေတောင်၊ ရွှေဖလား၊ မချစ်စု၊ မယ်သီး၊ မစောရင်တို့ဖြစ်ပြီး အိတ်လွတ်နှင့် အိတ်စွပ်ဟူ၍ နှစ်မျိုးရောင်းချကြသည်။

ဈေးနှုန်းမှာ ၁၆ ကီလိုတစ်ခြင်းဈေးမှာ ရွှေဟင်္သာအိတ်စွပ် အကြီးစား (ရှယ်) ယွမ် ၁၂၀-၁၃၀၊အလယ်အလတ် ယွမ် ၉၀-၁၁၀၊အသေးဆုံးယွမ် ၅၀-၇၀၊ အိတ်လွတ် ယွမ် ၂၅-၃၅၊ စိန်တလုံး အိတ်စွပ်ရှယ် ယွမ် ၉၀-၁၀၅၊အလယ်အလတ် ယွမ် ၇၀-၈၅၊ အိတ်လွတ် ယွမ် ၆၀ - ၇၀၊ ရင်ကွဲအိတ်စွပ် ယွမ် ၄၀-၆၀၊ အိတ်လွတ် ယွမ် ၁၀- ၂၅၊ ရင်ကွဲ အိတ်စွပ်၄၀-၆၀၊ အိတ်လွတ် ယွမ် ၁၀-၂၅၊ ပတ္တမြားငမောက် ယွမ် ၃၀-၃၅၊ ရွှေဖလားယွမ် ၃၀-၅၀၊ မချစ်စု ယွမ် ၁၅-၂၃ အသီးသီးဈေးပေါက်ပြီး ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ် ဈေးပေါက်ခဲ့သည်။ ယခုရက်ပိုင်းအတွင်း တရုတ်ဘက်တွင် သရက်သီးများ စတင်လှိုင်လှိုင်ပေါ်ပြီဖြစ်သည့်အတွက် သရက်သီးအားလုံးနီးပါး ဈေးကျသွားခဲ့သည်။

ဇွန် ၁ရက်မှ ၁၀ရက်ထိ သရက်သီးကားစီးရေ ၁၇၀၈စီး၊တန်ချိန် ၁၀၆၁၈ တန် တင်ပို့ခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ သိရှိရသည်။

သရက်သီး တစ်တန်ဈေးနှုန်းမှာ ဇွန် ၁ရက်မှ ၈ ရက်ထိ အနိမ့်ဈေး ယွမ် ၁၅၀၀-၉၅၀၀၊ မြန်မာကျပ်ငွေ ကျပ် ၃၂၆၀၀၀-၂၀၆၅၀၀၀၊ ဇွန် ၉ ရက်မှ ၁၀ ရက်အထိ ၁၀၀၀-၉၃၀၀ယွမ် မြန်မာ ကျပ်ငွေ ၂၁၇၀၀၀-၂၀၂၁၇၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးအနည်းငယ် အေးသွားကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ သရက်သီးကို ကျောက်ဆည်၊ အုန်းချော၊ပလိပ်၊ အမရပူရ၊ စစ်ကိုင်း၊ မုံရွာ၊ ချောင်းဦး၊ စဥ့်ကိုင်၊ ဟန်မြင့်မိုလ်၊ မြင်းခြံ၊ တောင်ကြီးတို့မှ အများဆုံးတင်ပို့ ခြင်းဖြစ်ကြောင်း သိရှိရသည်။

**စုစုသာ(မောရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# မူဆယ်(၁၀၅)မိုင်မှ တရုတ်သို့တင်ပို့ ကြက်သွန်နီဈေးမြင့်

ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးအနည်းငယ်မြင့်ဖြင့် အရောင်းအဝယ်ဖြစ်ရန် အလားလာရှိနေသည်။ ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်ထိတင်ပို့မှုမှာ ကားအစီးရေ ၁၅၇ စီး၊ တင်ပို့တန်ချိန် ၂၆၇၂ ဒသမ ၅ တန်ဖြစ်ပြီး ဈေးနှုန်းမှာ ဇွန် ၅ ရက်မှ ၁၀ ရက်ထိ တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၅၀၀ ဝန်းကျင်ဖြစ်သော်လည်း ဇွန် ၁၁ ရက်တွင် အတက်ဘက်သို့ ဦးတည်နေပြီး တစ်ပိဿာ ကျပ် ၆၀၀ ဝန်းကျင်ဖြင့် ထူးခြားစွာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ တင်ပို့မှုမှာ ကားစီးရေ ၁၅၁ စီး၊ တင်ပို့တန်ချိန် ၂၅၇၉ တန်ဖြစ်ပြီး ဈေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြစ်သဖြင့် ယခုရက်သတ္တပတ်တွင် တင်ပို့မှုတန်ချိန်လည်း များလာသလို ဈေးနှုန်းလည်းတက်လာပြီး တစ်ပိဿာလျှင် ကျပ် ၅၀၀-ကျပ် ၆၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဇွန် ၅ ရက်မှ ၁၁ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၇-၂၂၁ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေ ကျပ် ၃၁၃၀၀၀ မှ ကျပ် ၃၇၁၅၀၀ ရရှိသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် တစ်ပိဿာ ကျပ် ၆၀၀ ဝန်းကျင်ရရှိပြီး တရုတ်ယွမ် ၂ ဒသမ ၇ ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်စာရင်းအရ သိရှိရသည်။

**စိုးသန္တာထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# မူဆယ်(၁၀၅)မိုင်တွင် ဖြစ်ပေါ်နေသော ဆန်၊ ဆန်ကွဲဈေးနှုန်း

မူဆယ် (၁၀၅)မိုင်မှ တရုတ်ပြည်သို့ ဆန်၊ ဆန်ကွဲများ နေ့စဉ်တင်ပို့လျက်ရှိရာ ယခုရက်ပိုင်းအတွင်း ဆန်ဈေးအနည်းငယ်မြင့်လာသလို အရောင်းအဝယ်လည်း အနည်းငယ်တိုးတက်ခဲ့သည်။ အရောင်းအဝယ်ဖြစ်ခဲ့သော ဆန်အမျိုးအစားများမှာ ဧည့်မထ ၅%၊ ၁၀%၊ ၁၅%၊ ၂၅% နှင့် ငစိန် ၁၅% တို့ ဖြစ်ပြီး၊ ဆန်ကွဲ (၂၊ ၃၊ ၄) (၁၊ ၂) (Extra )တို့လည်း တင်ပို့ခဲ့သည်။

ဆန်၊ဆန်ကွဲ အရောင်းအဝယ်ဈေးနှုန်းများမှာ ဧည့်မထ (၅%)တစ်အိတ်ဈေး ယွမ်၁၀၈-၁၁၀၊ တစ်အိတ် မြန်မာကျပ်ငွေ ၂၃၄၀၀-၂၃၈၀၀၊ ဧည့်မထ (၁၀%)ဆန် တစ်အိတ်ဈေးနှုန်း ယွမ်၁၀၀-၁၀၄၊ မြန်မာကျပ်ငွေ ၂၁၇၀၀-၂၂၅၀၀၊ ဧည့်မထ(၁၅%)ဆန်တစ်အိတ် ယွမ် ၁၀၃-၁၀၇ မြန်မာကျပ်ငွေ ၂၂၃၀၀-၂၃၂၀၀၊ ဧည့်မထ (၂၀%)ဆန်တစ်အိတ်လျှင် ၉၂-၉၃ ယွမ်၊ ကျပ် ၁၉၉၀၀-၂၀၂၀၀၊ ငစိန်(၁၅%)ဆန်တစ်အိတ်လျှင် ၁၀၆-၁၀၉ ယွမ်၊ ကျပ် ၂၃၀၀၀-၂၃၆၀၀၀ ပေါက်ဈေးဖြင့် ဆန်စပါးကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဆန်ကွဲရောင်းချမှုအနေဖြင့် (၂၊၃၊၄)တစ်အိတ်လျှင် ယွမ် ၇၀-၇၃၊ ကျပ် ၁၅၂၀၀-၁၅၈၀၀၊ (၁၊၂) တစ်အိတ်လျှင် ယွမ် ၇၆-၇၉၊ ကျပ် ၁၆၅၀၀-၁၇၂၀၀ ဈေးပေါက်ပြီး (1& Extra) တစ်အိတ်လျှင် ယွမ် ၈၂-၈၅၊ ကျပ် ၁၇၈၀၀-၁၈၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

မူဆယ်(၁၀၅)မိုင်တွင် ဆန်အိတ်ရေ ၁၂ သိန်းခန့် တန်ချိန် ၆၀၀၀၀ ခန့်လက်ဝယ်ရှိနေပြီး မူဆယ်မှဆန်များကိုမန္တလေးသို့ ပြန်လည်တင်ပို့နေကြောင်း သိရှိရသည်။

**ထွန်းမင်းထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# မလေးရှားနိုင်ငံသို့ ကွမ်းစားထုံးနှင့် ထုံးအကြမ်းများ တင်ပို့ရန် လာရောက်လျှောက်ထား

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)သို့ အမေရိကန်ဒေါ်လာ ၁၆၀၀၀ တန်ဖိုးရှိကွမ်းစားထုံး (Slaked Lime) တန်ချိန် ၂၀ နှင့် ထုံးအကြမ်း(Quick Lime) တန်ချိန် ၂၀ တို့အား မလေးရှားနိုင်ငံသို့ တင်ပို့ရန်အတွက် ပို့ကုန်လိုင်စင်လာရောက်လျှောက်ထားလာပါသည်။

အဆိုပါတင်ပို့မည့် ကွမ်းစားထုံး (Slaked Lime) သည် ကွမ်းယာထဲတွင်ထည့်၍ စားသုံးရသော အရေးပါသည့် ပစ္စည်းဖြစ်ပြီး ထုံးအကြမ်း (Quick Lime) မှာ အဆောက်အအုံနှင့်နိုင်လွန်ကတ္တရာလမ်းများ ခင်းရာတွင် အချိုးကျရောစပ်ရာ၌ လည်းကောင်း၊ ဆေးဖြူပြုလုပ်ရာ၌လည်းကောင်း၊ သားရေနယ်လုပ်ငန်းတွင် သားရေပြားများမှ အမွေးများ ကျွတ်စေရန်နှင့် မြေဆီလွှာတွင် အချဉ်ဓာတ် ပေါက်လာသောအခါ မြေအချဉ်ဓာတ်ပြယ်စေရန်အတွက် လည်းကောင်း၊ ထုံးအကြမ်းကို အသုံးပြုကြသည်။

မြန်မာနိုင်ငံတွင် ထုံးကျောက်ကို နေရာဒေသ အနှံ့အပြား၌ တွေ့ရှိရပြီး၊ ထုံးလုပ်ငန်းကို မော်လမြိုင်၊ မန္တလေး၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ကျောက်ဆည်နှင့် ရွှေဘိုမြို့တို့တွင် လုပ်ကိုင်ကြကြောင်း သိရှိရသည်။

**ချိုချိုမာ (ရန်ကုန်)**

# မြန်မာ့ခရီးသွားဘဏ်က အပေါင်ပစ္စည်းမဲ့ချေးငွေ ကျပ်သိန်း ၅၀ မှ ၅၀၀ အထိ ထုတ်ချေးပေးမည်

မြန်မာ့ခရီးသွားဘဏ်က အလားအလာကောင်းပြီး အောင်မြင်နေသည့် စီးပွားရေး လုပ်ငန်းများကို အပေါင်ပစ္စည်းမဲ့ချေးငွေ ကျပ်သိန်း ၅၀ မှ ၅၀၀ အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ယင်းဘဏ်၏အုပ်ချုပ်မှုဒါရိုက်တာ ဦးဘိုဘိုဝေမောင်က ပြောသည်။

ဇွန် ၁၂ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်သည့် မြန်မာ့ခရီးသွားဘဏ်၏ အထူးဝန်ဆောင်မှုများကို မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားတွင် ၎င်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

'ဒီလုပ်ငန်းက အရမ်းကို အောင်မြင်နေတဲ့ လုပ်ငန်း၊ ချေးတဲ့ငွေကလည်း ကျွန်တော်တို့ဆီ ပြန်လာနေတယ်၊ Cash Flow ကောင်းတာမျိုးဆိုရင် အတိုးနှုန်းက ၁၂ ရာခိုင်နှုန်းဖြစ်ရင်လည်းဖြစ်မယ်၊ ၁၃ ရာခိုင်နှုန်းလည်း ဖြစ်ရင်ဖြစ်မယ်။ အပေါင်ပစ္စည်းမပါဘူး ဆိုရင်ပေါ့လေ။ သူ့ရဲ့ Cash Flow နဲ့ Risk အပေါ်မှာ မူတည်ပြီးတော့ အတိုးနှုန်းကို သတ်မှတ်သွားမှာပဲ ဖြစ်ပါတယ်'ဟု ဦးဘိုဘိုဝေမောင်က ပြောသည်။

သို့သော် အပေါင်ပစ္စည်းပေးပြီး ချေးငွေယူသူများအတွက် ချေးငွေအတိုးနှုန်းကို ဗဟိုဘဏ်၏ သတ်မှတ်ချက်အတိုင်း အတိုးနှုန်း ၁၂ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးရန်လည်း စီစဉ်ထားသည်ဟု ဆိုသည်။

'လုပ်ငန်းရဲ့ အခြေအနေအရ ဒီသိန်း ၅၀၀ ကို ဘယ်လိုအသုံးပြုသလဲ၊ ဒီငွေအပေါ် မူတည်ပြီး သူ့လုပ်ငန်းဘယ်လောက်အထိ ကြီးထွားလာသလဲဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ ဒီထက်ပိုပြီး ချေးငွေ တိုးပေးဖို့လည်း အစီအစဉ်ရှိပါတယ်'ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ပြည်တွင်းဘဏ်များမှ အများပြည်သူသို့ ချေးငွေထုတ်ချေးရာတွင် အပေါင်ပစ္စည်း ပေးအပ်ပြီး ငွေချေးပါက အတိုးနှုန်း ၁၃ ရာခိုင်နှုန်းရယူနိုင်ပြီး အပေါင်ပစ္စည်းမဲ့ ငွေချေးပါက အတိုးနှုန်း ၁၆ ရာခိုင်နှုန်းအထိ ရယူနိုင်ကြောင်းဗဟိုဘဏ်က ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ထုတ်ပြန်ထားသည်။

ထို့ပြင် မြန်မာ့ခရီးသွားဘဏ်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် ဘဏ်မှ ထုတ်ချေးပေးသွားမည့် ချေးငွေ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ယင်းဘဏ်မှ Term Loans, Overdraft Loan, Hire Purchase, SMEs, Home Loans, Staff Loans, Travel Loans, Education Loans တို့ကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။ **ပန်းဆု**

# ဓာတ်ပုံပန်းချီကားချပ် နှစ်ချပ်ကို ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ဖလှယ်ရေးစင်တာက လာရောက်ပေးအပ်

မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်ကုန်သွယ်ဆက်ဆံရေး တိုးမြှင့်မှုကို ရှေးရှုလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ စီးပွားရေးသံမှူးရုံး၏မြေညီထပ်တွင် ဖွင့်လှစ်ထားသော မြန်မာ့လက်ဖက်ယဉ်ကျေးမှုပြခန်းတွင် ထားရှိသွားရန် မြန်မာ့ရှုခင်းဓာတ်ပုံပန်းချီကား နှစ်ချပ်အား ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးစင်တာက မေ ၃၀ ရက်တွင် လာရောက်ပေးအပ်ခဲ့သည်။ အဆိုပါပေးအပ်ပွဲသို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်က မြန်မာ့ရိုးရာလက်ဖက် ထမင်းနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာ့လက်ဖက်ပြခန်းသို့ လာရောက်ကြသော ဧည့်သည်တော်များမှာ ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးစင်တာမှ အတွင်းရေးမှူး Mr. Zhao Kei၊ နန်နင်းပြတိုက်မှ ပြတိုက်မှူး Mr. Zhang Xiaojin၊ နန်နင်းမြို့ နိုင်ငံခြားရေးသံရုံးမှ ဒုတိယညွှန်ကြားရေးမှူး Ms. Huang Halyan နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနမှ ဌာနစုမှူး Ms.Xiong Wei၊ ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးစင်တာ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနမှ ဌာနစုမှူး Mr. Mo Chunrong၊ China News Service၊ အယ်ဒီတာဌာနမှ ဒုတိယဌာနမှူး Ms. Chen Yang၊ Guangxi Daily Newspaper အာဆီယံ ဌာနမှဌာနမှူး Ms. Jiang Mulan နှင့် Phoenix Weekly Lifestyle Magazine ကွမ်ရှီးဌာနခွဲမှ ညွှန်ကြားရေးမှူး Mr.Shen Yu တို့ပါဝင်ခဲ့ကြသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# တည်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇွန် ၃ရက်မှ ဇွန် ၉ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရပါသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာ ကျပ် ၁၄၀၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ် တစ်ထုပ်ကျပ် ၆၀၀ မှ ၁၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ တစ်ထုပ် ကျပ် ၆၀၀ မှ ၈၀၀ အတွင်း၊ အာလူး တစ်ပိဿာ ကျပ် ၇၂၀ မှ ၈၅၀ အတွင်း၊ မုန်လာဥနီ တစ်ပိဿာ ကျပ် ၁၂၀၀၊ ရွှေဖရုံသီး တစ်လုံး ကျပ် ၁၅၀၀ မှ ၂၅၀၀ အတွင်း၊ ဘူးသီးတစ်လုံး ကျပ် ၃၅၀ မှ ၁၂၀၀ အတွင်း၊ မုန်ညင်းတစ်ထုပ် ကျပ် ၁၆၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) တစ်ပိဿာ ကျပ် ၇၅၀ မှ ၈၅၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ ကျပ် ၃၂၀၀၊ ချင်း တစ်ပိဿာ ကျပ် ၂၆၀၀၊ ဆလပ်ရွက် တစ်စီး ကျပ် ၁၇၀ မှ ၂၀၀ အတွင်း၊ ရုံပတီသီး တစ်တောင့် ကျပ် ၁၀ မှ ၁၂ အတွင်း၊ ကန်စွန်းရွက် (တရုတ်) တစ်စီး ကျပ် ၂၀၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရွက် တစ်စီးကျပ် ၄၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (မီးဖုတ်ခရမ်း)တစ်လုံး ကျပ် ၁၅၀ မှ ၃၀၀ အတွင်း၊ သံပုရာသီး တစ်လုံးကျပ် ၂၀ မှ ၂၅ အတွင်း၊ ပဲသီးတစ်စီး ကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၅၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၅၀၀၀ မှ ၈၀၀၀ အတွင်း၊ သရက်သီးမှည့်(ရင်ကွဲ/လတ်) တစ်တောင်း ကျပ် ၈၀၀၀ မှ ၁၂၅၀၀ အတွင်း၊ သရက်သီးမှည့်(ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရပါသည်။

ယခုတစ်ပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်၊ အာလူး၊ ကြက်သွန်နီ(ဆိပ်ဖြူ)၊ ဆလတ်ရွက်၊ သံပရာသီးတို့၏ ဈေးနှုန်းများမှာ ဈေးအနည်းငယ်တက်လာပြီး ပန်းဂေါ်ဖီ၊ ပဲသီးနှင့် ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့မှာ ဈေးအနည်းငယ်ကျလာသည်။ မုန်လာဥ(နီ)၊ ကြက်သွန်ဖြူ (ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်)တို့၏ ဈေးနှုန်းများမှာ ဈေးအတက်အကျမရှိ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ခိုင်ရွှေ (ရန်ကုန်)**

# တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ ဝယ်လိုအားများပြားမှုကြောင့် မြန်မာ့ငရုတ်အစိုများ ဈေးနှုန်းမြင့်တက်



တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ ဝယ်လိုအား များပြားမှုကြောင့် မြန်မာ့ငရုတ်အစိုများ ဈေးနှုန်းမြင့်တက်နေကြောင်း စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်က ဇွန် ၁၃ ရက်တွင် ပြောသည်။

'မြစ်ဝကျွန်းပေါ်မှာရှိတဲ့ အစို မိုးထောင်ငရုတ်သီး သာမိနဲ့ ဒီမိုဆိုပြီး နှစ်မျိုးရှိတယ်။ အဲဒါတွေကို အစိမ်းအတိုင်း ဝယ်တာ။ ကျွန်တော်တို့အအေးခန်းကားတွေနဲ့ ပို့နေတယ်။ တကယ်လို့ အစိုတစ်ပိဿာကို လှန်းမယ်ဆိုရင် ကျပ် ၂၄၀၀၀၊ ၂၅၀၀၀ လောက်ကျမယ်။ ဘာလို့လဲဆိုရင် သူက ၄ ချိုး ၁ ချိုးပဲထွက်တယ်။ အခုက အစိုအတိုင်းပဲ သွားနေတဲ့အတွက် အခြောက်ကိုမရှိဘူး။ မရှိတော့ အိန္ဒိယက ဝင်တာရှိတယ်၊ တချို့လည်း ဗီယက်နမ်က ဝင်တာရှိတယ်။ ပြီးခဲ့တဲ့နှစ်က လက်ကျန်တွေရှိတယ်။ အဲဒါတွေ ရောင်းနေကြတယ်။ ဒီရက်ပိုင်းမှာ ဈေးက အတော်တက်သွားတယ်'ဟု ၎င်းက ပြောသည်။

ယခင်က ငရုတ်အစိုဈေး ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း ရှိခဲ့သော်လည်း လက်ရှိတွင် ငရုတ်အစို တစ်ပိဿာလျှင် ၈၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်နေသည်ဟုဆိုသည်။ လက်ရှိတွင် ပြည်တွင်း၌ ငရုတ်အစို ရှားပါးနေသောကြောင့် စားသုံးသူများ နစ်နာမှု မရှိစေရန်အတွက် နယ်စပ်မှ တရားဝင် တင်သွင်းခွင့်ပြုရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြထားကြောင်း ၎င်းကပြောသည်။

'သူတို့ဘက်ကလည်း FDA ထောက်ခံချက်ပေးဖို့ အသင်းကို ဒါကိုသွင်းခွင့်ပြုဖို့ ထောက်ခံချက်တောင်းတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ဆုံးဖြတ်ပြီးပေးလို့ မရဘူး။ နိုင်ငံတော်အနေနဲ့ပဲ လုပ်လို့ရမယ်။ အဲဒါလေးကိုတော့ အကြံပေးထားတယ်။ သူတို့ ဒီရက်ပိုင်းမှာပဲ ကျောက်ဆည်မှာအစည်းအဝေး လုပ်မယ်ဆိုတော့ အစည်းအဝေးလုပ်ပြီး သူတို့ တင်ပြပြီးရင်တော့ သွင်းခွင့်ပြုသင့်တယ်ဆိုရင် သူတို့ခွင့်ပြုမှာပေါ့။ တကယ်လို့ ခွင့်ပြုလိုက်ပြီ ဆိုရင်တော့ ထိုက်သလောက်တော့ ဈေးနည်းနည်း လျော့သွားမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ မကြာခင်မှာ ငရုတ်သီးဈေးက တစ်သောင်း အထက်နားမှာ ရောက်သွားလိမ့်မယ်'ဟု ၎င်းက ပြောသည်။

မိုးထောင်ငရုတ်သီးဈေးနှုန်းသည် ယခင်က တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ကျပ် ၆၀၀၀ ခန့်အထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။ ငရုတ်အစိုများကို ပြည်ပသို့ တင်ပို့ရာတွင် အစိမ်းအတိုင်းဖြင့်သာ တိုက်ရိုက်အအေးခန်းအတွင်း ထည့်သွင်းသိုလှောင် ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

'အရင်က ဝယ်ပေမယ့် အခုလို အများကြီး မဝယ်ဘူး။ အဓိက သူတို့ဝယ်နေတာက ဗီယက်နမ်နဲ့ အိန္ဒိယကပါ။ အဲဒီနိုင်ငံတွေက ဝယ်လို့မရလို့ မြန်မာနိုင်ငံက ဝယ်တယ်လို့ကြားတယ်။ ဒီရက်ပိုင်း တော်တော်ဝယ်အားကောင်းတယ်။ တစ်ယောက်ကို ကားအစီး ၁၅၊ ၂၀ လောက်ဝယ်နေတာ။ စိုက်တဲ့သူက ခြောက်အောင်တောင် စောင့်စရာမလိုဘူး။ အစိုတွေ စွတ်ရောင်းပစ်တာ'ဟု ၎င်းက ပြောသည်။

အဆိုပါငရုတ်အစိုများကို တရုတ်နိုင်ငံအနေဖြင့် ယခင်က ဝယ်ယူမှု နည်းပါးခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင်၍ ပိုမိုဝယ်ယူလာခြင်းဖြစ်ကြောင်း သိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ လက်ရှိတွင် မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဝါးခယ်မ၊ ရွှေလောင်း စသည့် ဒေသများမှထွက်ရှိသည့် ငရုတ်များ ဝင်ရောက်နေပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ထွက်ရှိသော ငရုတ်များသည်လည်း ဈေးကွက်အတွင်း မကြာမီဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ်၊ ဇွန် ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Tanzania နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ သီရိလင်္ကာ၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ ကာတာနှင့် ယူကရိန်း စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ထိုင်း၊ နီပေါ၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်ဝမ်၊ တူရကီ၊ နော်ဝေ၊ အီတလီ၊ ဒိန်းမတ်နှင့် ကနေဒါ စသည့်နိုင်ငံပေါင်း ၄၄ နိုင်ငံသာရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုညဒသမ ၄၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇွန် ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Sweden နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၅ ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ရုရှား၊ သီရိလင်္ကာ၊ အီဂျစ်၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်နှင့် ပီရူး စသည့် နိုင်ငံများ အပါအဝင် ၅၂ နိုင်ငံတွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ထိုင်း၊ နီပေါ၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ အီတလီ၊ ကနေဒါ၊ ယူကရိန်း၊ နော်ဝေ၊ ဒိန်းမတ်နှင့် ဟန်ဂေရီစသည့် နိုင်ငံ ၄၅ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၇ |
| ၃ | ထိုင်း | လီတာ | ၁.၁၂ | ၀.၈၃ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဖြင့်လည်းကောင်း၊ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့် လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၂၁ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%)ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၈ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅ %) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ % ဘီဂရိတ်ဆန်၊ ညှော့မထ (၅ %) ဆန်၊ (၂၅ %) ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ ဈေးမြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင်လည်း ညှော့ မထ (၂၅ %) နှင့် ညှော့မထ (၅ %) ဆန်မှာ ဈေးအနည်းငယ်မြင့် တက်ခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးတည်ငြိမ်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင်လည်း ဆန်ဈေးမှာ သိသိသာသာ ပြောင်းလဲခြင်းမရှိကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် Bangkok Post တွင် ဖော်ပြထားသည့် အစီရင်ခံစာအရ အာဖရိကဈေးကွက်သို့ ဈေးသက်သာသည့် တရုတ်ဆန်များကို ယခုနှစ်အတွင်း တိုးမြှင့်တင်ပို့ဖွယ်ရှိသဖြင့် ထိုင်းဆန်တင်ပို့မှု အတွက် စိုးရိမ်ဖွယ်ဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် ပျမ်းမျှအားဖြင့် နှစ်စဉ် ဆန်တန်ချိန် သန်း ၁၂၀ ဝန်းကျင်ထုတ်လုပ်နေပြီး ဆန်တင်ပို့မှုလည်း မြင့်တက်လာရာ လွန်ခဲ့သည့်နှစ်က ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ နှစ်သန်းအထိ တင်ပို့နေရာမှ ယခုနှစ်တွင် ဆန်တန်ချိန် သုံးသန်းအထိ တင်ပို့နိုင်ဖွယ်ရှိသည်ဟု ထိုင်းဆန်တင်ပို့သူများအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ချူခေတ်အော့ဖ်ဝန်းဆီက ပြောကြားခဲ့သည်ကို သိရှိရသည်။ လက်ရှိ အာဖရိကဈေးကွက်တွင် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယစသည့် အခြားနိုင်ငံများထက် ဈေးသက်သာနေသည့် တရုတ်ဆန်များသည် အဓိကဈေးကွက်ဖြစ်နေကြောင်း၊ ထိုင်းဆန်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂၊ ဗီယက်နမ်ဆန်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ နှင့် အိန္ဒိယဆန်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ပေါက်ဈေးရှိသော်လည်း တရုတ်က အမေရိကန်ဒေါ်လာ ၃၀၀ ဖြင့် တင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် ဆန်အမျိုးအစားများစွာကို စိုက်ပျိုးနေသည့်အပြင် စိုက်ပျိုးမှုကိုလည်း ထပ်မံတိုးချဲ့နေ၍ အာရှနိုင်ငံများအထိပါ ဈေးသက်သာသည့်ဆန်များ တင်ပို့လာဖွယ်ရှိကြောင်း၊ ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် ဈေးကွက်ဆုံးရှုံးမှုမရှိစေရန် ဆန်စပါး သုတေသနလုပ်ငန်းများအား ပံ့ပိုးခြင်း၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ခြင်းနှင့် လယ်သမားများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရန်တို့အတွက် အစိုးရသစ်အနေဖြင့် လုပ်ဆောင်ပေးသင့်သည်ဟု ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌက ပြောကြားထားသည်ကို လေ့လာသိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းဆန်ဈေးများ အဆမတန် ကျဆင်းနေမှုကို ဆန္ဒပြနေကြခြင်းကြောင့် အစိုးရက တောင်သူများအား ထောက်ပံ့ကူညီသောအားဖြင့် ဆန်တင်သွင်းခွန်ကို လက်ရှိ ၂၈ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်ကြောင်း၊ ဗုဒ္ဓဟူးနေ့တွင် စတင်သက်ရောက်မည့် အဆိုပါအခွန်မြှင့်တင်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆန်တင်သွင်းမှု၊ အထူးသဖြင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံထံမှ ဆန်ဝယ်ယူမှုကို ထပ်မံလျှော့ကျစေမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၁၇ ခုနှစ်က ရေကြီးမှု ဖြစ်ပေါ်ပြီး သီးနှံများပျက်စီးခဲ့သဖြင့် အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်သို့ ဆန် အဓိက ထောက်ပံ့ရောင်းချသည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ် တောင်သူများသည် ဆန်ကို ထုတ်လုပ်မှုစရိတ်ထက် လျော့ကျသောနှုန်းဖြင့် ရောင်းချနေရသဖြင့် ယခုဆုံးဖြတ်ချက်မှာ တောင်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ယခင်နှစ်က ထွက်ရှိခဲ့သည့် ဆန်ပမာဏများခြင်း၊ ယခုနှစ်တွင် ဆန်အထွက်စံချိန်တင်မည်ဟု ခန့်မှန်းခြင်းတို့ကြောင့် ပြည်တွင်းဆန်ဈေးများမှာ သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းလာခဲ့ခြင်းကြောင့် ပြည်တွင်းတွင် ဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပိုလျှံဆန်တန်ချိန် နှစ်သိန်းမှ နှစ်သိန်းခွဲအထိ ရှိနေသည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာန၏ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

အခွန်မြှင့်တင်မှုသည် ပြည်တွင်းဆန်ဈေးကို ရေတို၌သာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး ပြည်တွင်းဆန်ဈေး တည်ငြိမ်နိုင်စေရန် ဘင်္ဂလားဒေ့ရှ်အနေဖြင့် ပိုလျှံဆန်များကို တင်ပို့နိုင်ရန်လိုအပ်ကြောင်း မွမ်ဘိုင်းအခြေစိုက် ပို့ကုန်လုပ်ငန်းရှင် တစ်ဦးက ပြောကြားခဲ့သည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု စတုတ္ထအများဆုံးဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်းဆန်ဈေး မြင့်တက်ခဲ့စဉ် ၂၀၀၈ ခုနှစ်၊ မေလမှစ၍ ဆန်အမျိုးအစားအချို့ ပြည်ပသို့ တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ဆန်အမျိုးအစားအားလုံးကိုပါ တင်ပို့မှုပိတ်ပင်ခဲ့သည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြည်တွင်းတောင်သူများ ထိုက်သင့် သည့် ဆန်ဈေးရရှိစေရန် ပိုလျှံဆန်များ တင်ပို့ရေးကိုလည်း စီစဉ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်တွင် ယခု ဘဏ္ဍာရေးနှစ်အတွင်း ဖိလစ်ပိုင်သို့ ပထမဆုံးအကြိမ် မြန်မာဆန်တန်ချိန် တစ်သိန်းခွဲတင်ပို့နိုင်ခဲ့ကြောင်း၊ ထိုသို့တင်ပို့ခဲ့ရာတွင် မြန်မာ့ဆန် အရည်အသွေးကို ကြိုက်နှစ်သက်သည့် အနေအထားဖြစ်သဖြင့် ရေရှည်တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်းသိရှိရသည်။ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ရာ ယခုနှစ်အတွင်း နှစ်သန်းခန့်သာ တင်ပို့နိုင်ရန် ခန့်မှန်းထားသဖြင့် ပြည်တွင်းတွင် ဆန်တန်ချိန် တစ်သန်းခွဲကျော်ခန့် ပိုလျှံလာနိုင်မည်ဖြစ်ပြီး နွေစပါးပေါ်ချိန်ဖြစ်သဖြင့် စပါးဈေးအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင် ပိုလျှံလာမည့်ဆန်များအား ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ဒေသ တွင်းအပါအဝင် ဥရောပ၊ အာဖရိက စသည့်နိုင်ငံများတွင် ဈေးကွက်ချဲ့ထွင်ခြင်းများ ဆက်တိုက်လုပ်ဆောင်နေကြောင်း သိရှိရသည်။

ယခုနှစ်ပိုင်းအတွင်း မြန်မာ့ဆန်ကို ဖိလစ်ပိုင်၊ အာဖရိကတို့က ဝယ်လိုအားရှိလာခြင်းကြောင့် ထိုသို့ဈေးကွက် အလားအလာရှိသည့် နိုင်ငံများနှင့် နှစ်နိုင်ငံ ဆန်ကုန်သွယ်မှုအတွက် G to G (Government to Government) တရားဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အစိုးရအနေဖြင့်

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၅ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၇ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၈ | ၀.၈၆ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုညဒသမ ၆၁ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၁၈ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၈ |
| ၃ | အီရန် | လီတာ | ၀.၂၉ | ဘာဘေဒို | လီတာ | ၁.၉၇ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၉၇ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | နယ်သာလန် | လီတာ | ၁.၉၆ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၉၁ |
| ၂ | Cuba | လီတာ | ၀.၀၈ | Iceland | လီတာ | ၁.၈၄ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွီဒင် | လီတာ | ၁.၇၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၇၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၉ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၃၄ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၅ | ၀.၉၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကြယ်စင်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၇.၆.၂၀၁၉ | စည် | ၅၂.၅၉ |
| ၂ | ၁၀.၆.၂၀၁၉ | စည် | ၅၃.၂၆ |
| ၃ | ၁၁.၆.၂၀၁၉ | စည် | ၅၃.၂၇ |
| ၄ | ၁၂.၆.၂၀၁၉ | စည် | ၅၁.၁၄ |
| ၅ | ၁၃.၆.၂၀၁၉ | စည် | ၅၂.၂၈ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဧပြီ ၁၅ ရက်မှ ဇွန် ၁၀ ရက်ထိ အပတ်စဉ်ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ ဆက်လက် မြင့်တက်လျက်ရှိပြီး ရက်ပိုင်းအတွင်း တစ်အောင်စလျှင် ဒေါ်လာ ၄၀ ခန့်အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် မေ ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၉၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဇွန် ၁၃ ရက်တွင် ၁၃၃၆ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းမှာလည်း မေ ၃၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၅၀၀ မှ ဇွန် ၁၃ ရက်တွင် ကျပ် ၁၀၇၃၀၀၀ သို့ ဈေးမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းကျော် မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ရွှေဈေး၏ အနိမ့်ဈေးအောက်သာ ရှိနေဆဲဖြစ်သည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်များက ပြောကြားကြသည်ကို သိရှိရသည်။ ပြည်တွင်းရွှေအရောင်းအဝယ်မှာ သိသိသာသာ ပြောင်းလဲလာခြင်းမရှိသော်လည်း လက်ရှိတွင် ရွှေဈေးအမြင့်နှုန်း ရောက်လာခြင်းကြောင့် အမြတ်လိုသူများ ပြန်လည်ရောင်းချခြင်းနှင့် တောင်သူများ ငွေလို၍ ပြန်လည်ရောင်းချခြင်းကြောင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း အောင်သမာဓိရွှေဆိုင် အထွေထွေမန်နေဂျာက ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေ ၃၁ ရက်မှ ဇွန် ၁၃ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၃၁.၅.၂၀၁၉ | ၁၀၅၀၅၀၀ | ၁၂၉၉ |
| ၂ | ၁.၆.၂၀၁၉ | ၁၀၅၄၅၀၀ | ၁၃၀၅ |
| ၃ | ၃.၆.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၁၇ |
| ၄ | ၄.၆.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၂၆ |
| ၅ | ၅.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၇ |
| ၆ | ၆.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၆ |

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။

အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၃-၆-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၂-၆-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၁၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 12-Jun-19 | 13.05 cts/lb | 12.64 cts/lb | 338.15 $/T | 15.34 cts/lb |
| 11-Jun-19 | 13.01 cts/lb | 12.59 cts/lb | 339.65 $/T | 15.41 cts/lb |
| 10-Jun-19 | 12.88 cts/lb | 12.54 cts/lb | 337.35 $/T | 15.30 cts/lb |
| 7-Jun-19 | 12.97 cts/lb | 12.49 cts/lb | 340.85 $/T | 15.46 cts/lb |
| 6-Jun-19 | 12.94 cts/lb | 12.45 cts/lb | 341.70 $/T | 15.50 cts/lb |
| 5-Jun-19 | 12.70 cts/lb | 12.41 cts/lb | 335.10 $/T | 15.20 cts/lb |
| 4-Jun-19 | 12.84 cts/lb | 12.40 cts/lb | 339.75 $/T | 15.41 cts/lb |
| 3-Jun-19 | 12.69 cts/lb | 12.37 cts/lb | 334.00 $/T | 15.15 cts/lb |

Source: www.isosugar.org

၂၀၁၉ ခုနှစ် ဇွန်လဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေ သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၅ ဖြစ် ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၄၁၉-၄၃၅၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၆၉-၆၀၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိကာ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇွန်လ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၀ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၅ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင်အမေရိကန်ဒေါ်လာ ၄၉၇ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၁ ဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက် ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရ သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ဇွန် ၁၃ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၉၂ ရာခိုင်နှုန်း မြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ဒုတိယပတ်အတွင်း ပြည်တွင်း သကြားဈေးနှုန်းများမှာ အတက်အကျအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနား နေပြည်တော်၌ကျင်းပ

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်မိတ်ဆက်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိသင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ ကိုယ် စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မီဒီယာများ စုစုပေါင်း ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

ယခုကျင်းပသည့် ကော်မရှင်မိတ်ဆက်ပွဲ အခမ်းအနားမှာ ရန်ကုန်မြို့တွင် ဇွန် ၃ ရက်က ကျင်းပပြီးနောက် နေပြည်တော်ရှိဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မီဒီယာများကို ယှဉ်ပြိုင်မှုကော်မရှင် တည်ထောင်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းတာဝန်များကိုရှင်းလင်းအသိပေးရန်အတွက် နေပြည်တော်တွင် ထပ်မံကျင်းပခြင်းဖြစ်သည်။

ကော်မရှင်အဖွဲ့ဝင်များက မိတ်ဆက်ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ပြီးနောက်ပိုင်းတွင် မိတ်ဆက်ပွဲအခမ်းအနားတက်ရောက်လာသူများက ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေ၊ ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ စက်သုံးဆီ၊ သားငါးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်မှုဆိုင်ရာ ရှုထောင့်မှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင်များမှ မေးခွန်းများကို ပြန်လည်ဖြေကြားပေးခဲ့ကာ အခမ်းအနားကို ၁၂ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနား ပြီးဆုံးပြီးနောက် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မီဒီယာများနှင့်တွေ့ဆုံပြီး မေးမြန်းမှုများကိုလည်း ဆွေးနွေးဖြေကြားပေးခဲ့သည်။

ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပပြီးနောက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် အဖွဲ့ဝင်များသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သွားရောက်ကာ ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သော တာဝန်ရှိသူများနှင့် နှုတ်ဆက်တွေ့ဆုံကာ ယှဉ်ပြိုင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကိုဆွေးနွေးခဲ့ကြသည်။

**ယှဉ်ပြိုင်မှုကော်မရှင်ရုံး**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တရုတ်ပြည်သူ့သမ္မတနိုင်ငံ Assistant Minister of Commerce ဖြစ်သူ H.E. Mr. Li Chenggang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Assistant Minister of Commerce ဖြစ်သူ H.E. Mr. Li Chenggang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၁၂ ရက်မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးတွက် ကုန်သွယ်ရေးပူးတွဲကော်မတီ (Joint Trade Committee - JTC) ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ အပြင် Sister City အစီအစဉ်အရ ကုန်ပစ္စည်းခြင်းဖလှယ်သည့် စနစ် (Barter System) ဖြင့် တင်ပို့မှုတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးအတွက် နှစ်ဦးနှစ်ဖက် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းအဖြစ် ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ဆက်လက်ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များအား တရုတ်နိုင်ငံသို့ စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစွာ တိုးမြှင့်တင်ပို့သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . . မှအဆက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီဗဟိုကော်မတီအတွင်းရေးမှူး Mr. Chen Hao၊ တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးများနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့်အတူ ချင်းတောင်ရတနာကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Sichuan Newstar Konijac Co., Ltd တို့အကြား ဝဥနည်းပညာနှင့် အရည်အသွေး မြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် အရည်အသွေးမြင့် ဝဥခြောက်ရောင်းဝယ်ရေး နားလည်မှုသဘောတူ စာချုပ်ချုပ်ဆိုပွဲသို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် မြန်မာနိုင်ငံမှ ကုန်စည်ပြခန်း ၆၆ ခန်း၊ ကုန်သည်လုပ်ငန်းရှင် ၂၅၀ ပါဝင်တက်ရောက်ခဲ့ပြီး ချင်းပြည်နယ်မှ ဝဥ နှစ်စဉ်တန်ချိန် ၅၀၀ ခန့်၊ ခန့်မှန်း တန်ဖိုးအမေရိကန်ဒေါ်လာ ငါးသန်းခန့်ရောင်းဝယ်ရေးစာချုပ်နှင့် အခြားကုန်သွယ်မှုစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ညောင်ပင်သာကျေးရွာ၌ သရက်စိုက်ပျိုးတင်ပို့ရောင်းချသည့် တောင်သူနှင့် တွေ့ဆုံ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်သာကျေးရွာမှ သရက်စိုက်ပျိုးတင်ပို့ရောင်းချသည့် တောင်သူ ဦးသောင်းညဏ် (သရက်စိုက်ဧက-၂၀ )နှင့် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန် ၅ရက်တွင်ညောင်ပင်သာကျေးရွာ သရက်ခြံသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ယခင်နှစ်ကအထွက်နှုန်းများသော်လည်း ဈေးကွက်ဈေးနှုန်းနည်းခဲ့၍ အမြတ်မရရှိကြောင်း ယခုနှစ်တွင် အထွက်နှုန်းနည်းပေမဲ့ ဈေးနှုန်းကောင်းသောကြောင့် စိတ်ချမ်းသာရကြောင်းပြောသည်။ ယခုနှစ် စိန်တလုံး (ဖာ-၇၀၀) ကို မူဆယ်တင်ပို့ရောင်းချခဲ့ရာ စိန်တစ်လုံး 16kg တစ်ခြင်း ယွမ် ၁၀၇ ရရှိခဲ့ကြောင်း၊ မူဆယ်တင်ပို့၍မရသည့်အသီးများကို မုံရွာမြို့၊ မန္တလေးမြို့များသို့ ရောင်းချခဲ့ကြောင်းသိရသည်။

**သင်းယုနွယ် DOCA (စစ်ကိုင်း)**

စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

သဘောတူညီချက် ရရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တန်ချိန်တစ်သိန်း တင်ပို့ရေးကိစ္စနှင့် ပတ်သက်၍ တင်ပို့မည့်နည်းလမ်းများအား ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးကြပါရန် ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နည်းလမ်းလေးမျိုးဖြင့် ဆန်တင်ပို့လျက်ရှိရာ ပထမနည်းမှာ နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်အရ G to G စနစ်ဖြင့် တင်ပို့ခြင်း၊ ဒုတိယနည်းမှာ Sister City MOU အရ ကုန်ပစ္စည်းခြင်း ဖလှယ်သည့်စနစ် (Barter System) ဖြင့် တင်ပို့ခြင်း၊ တတိယနည်းမှာ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တိရစ္ဆာန်အစာအဖြစ် ဆန်ကြမ်း၊ ဆန်ကွဲတို့အား ကုန်ကြမ်းအဖြစ်တင်ပို့ခြင်း၊ စတုတ္ထနည်းမှာ တရုတ်နိုင်ငံမှ သွင်းကုန်ကုမ္ပဏီများအတွက် တရုတ် နိုင်ငံအစိုးရက သတ်မှတ်ပေးထားသော Quota ဖြင့် မြန်မာကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူခြင်း စသည့် နည်းလမ်းများ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ၎င်းတို့သတ်မှတ်ထားသည့် Sanitary and Phytosanitary – SPS Protocol များကိုလေ့လာ၍ စံချိန်စံညွှန်းဆိုင်ရာ အရည်အသွေးပြည့်မီစွာ စနစ်တကျ တင်ပို့သွားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရချင်း သဘောတူညီမှုရရှိပြီးဖြစ်သည့် G to G စနစ်ဖြင့် တင်ပို့မည့် မြန်မာ့ဆန်တန်ချိန်တစ်သိန်းအား လာမည့် အောက်တိုဘာလအတွင်း အပြီးသတ်တင်ပို့သွားနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လာမည့်အောက်တိုဘာလအတွင်း လက်ရှိသတ်မှတ်ပေးထားသော ဆန် Quota ခွဲတမ်းအား ပြင်ဆင်သတ်မှတ်မှုများ ပြုလုပ်ရန်ရှိသည့်အတွက် ရရှိပြီး Quota ပမာဏအပေါ် အချိန်မီတင်ပို့နိုင်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

တက်ရောက်လာကြသော တာဝန်ရှိသူများအနေဖြင့် ဆန်တင်ပို့နိုင်ရေးနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရန် ဆောင်ရွက်သင့်သည့်နည်းလမ်းများနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့် လင်းလင်း ဆွေးနွေးအကြံပြုသွားရန် စသည်ဖြင့်ပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော ဌာန ဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် Japan Patent Office မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ပညာရေးဝန်ကြီးဌာနမှ မူပိုင်ခွင့်ဌာနအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းရယူ၍ မူပိုင်ခွင့်ဦးစီးဌာနအဖြစ် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် အပြီးသတ်ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး၊ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူအား အသိပညာပေးရေးနှင့် ပေါင်းကူးဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ကျင့်သုံးဆောင်ရွက်သွားနိုင်ရေး၊ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအား နည်းပညာအသုံးပြု အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေး၊ IP Cyber Security ခိုင်မာစွာ ထားရှိဆောင်ရွက်သွားနိုင်ရေးနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့တွင် Japan Patent Office မှ ပံ့ပိုးကူညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ မူပိုင်ခွင့်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**




Perfect Way

# Perfect Way Trading Co., Ltd.




Address : No.(50), First Floor, 39th , Kyauktada Township, Yangon, Myanmar.
Phone : 01-245445,09 421025126, 09 43074688,
Email : perfectwayny@gmail.com



Open Daily
9:30AM to 6:30P.M
Free
Delivery Service,
Dontown Area
( Since 2003 )
Citicom
IT&Mobile Sales & Services
AEON
CREDIT SERVICE
၆လ
၉လ
၁၂လ
၁၈လ
ငွေကျပ် ၃ သောင်းခန့် ရှိရုံဖြင့်
လစဉ်အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့်
ဝယ်ယူနိုင်ပါသည်။
လူကြီးမင်းတို့၏ Company များ၊ ကျောင်းများ၊ ရုံးများ၊ အိမ်များအတွက် လိုအပ်သော Desktop, Laptops, Tablet, Mobile Phone များအပြင် Printers, Projectors, Scanners, IT Product Accessories, Network Accessories များ အားလုံးကို One Stop Service ဖြင့် တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူရရှိနိုင်ပါသည်။
Citicom
ဆိုင်များ
No.186-188, Mahabandoola Garden Street
(Middle Block), Kyauktada Township, Yangon, Myanmar.
Tel: 01-373175, 376564, 376566
E-mail: citicom.bar/ 2011@gmail.com
No.101-103, Seikkanthar Street
(Lower Block), Kyauktada Township, Yangon.
Tel: 01-240620, 374544, 382977
E-mail: citicommyanmar@gmail.com
No.166, Seik Kan Thar Road (Middle BLock),
Kyauktada Township, Yangon, Myanmar.
Ph: 09 44 111 44 33
E-mail: skt@citicom.com.mm
Room No.223, 1st Floor, Capital Hyper Mart,
Tharkayta Township, Yangon.
Ph: 09 448 974 010
E-mail: citicom.tharkata@gmail.com




TRYING BEST TO BE ACCOMPLISHED,
FORWARDING TO SAFE LIFE
SHINE & NYUNT
Engineering Services Co., Ltd.
COMPANY PROFILE
Address : : No ( 6/2 ) , Yadanar Housing , Thanlyin Township, Yangon.
01-590118 , 09 - 5104526. 09-5196722.
Email : :shineandnyunt1@gmail.com,shineandnyunt2@gmail.com.

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်ဝန်ဆောင်မှုများကို ရွေးချယ်ရယူသုံးစွဲကြပါစို့

**နိုင်ဦး (DOCA)**

ယနေ့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုံခြုံစိတ်ချရမှု မရှိသော အစားအသောက်များ၊ အသုံးအဆောင်များ၊ လူသုံးကုန်ပစ္စည်းများကြောင့် ရခဲလှသောလူ့ဘဝကို များစွာ အန္တရာယ်ပေးလျက်ရှိသည်။ စားသုံးသူများသည် အဆိုပါပစ္စည်းများကြောင့် ရောဂါဆန်းများ၊ ပုံစံအမျိုးမျိုးဖြင့် ထိခိုက်သေဆုံးမှုများ ကြုံတွေ့နေရသည်။

လူသားများသက်တမ်းစေ့နေထိုင်နိုင်ရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲဆောင်ရွက်ရေး၊ လုပ်ငန်းရှင်များအတွင်း တရားမျှတသော ပြိုင်ဆိုင်မှုများဖြစ်ပေါ်လာရေးအတွက် စားသုံးသူများ အကာအကွယ်ပေးရေး လုပ်ငန်းများဖြင့် စားသုံးသူများ၏ ရပိုင် ခွင့်ရှိသော အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိသည်။

စားသုံးသူများသည် ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များ၊ ထုတ်လုပ်သော အစား အစာ၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အခြားထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နေ့စဉ်အမှီပြုကာ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများကို ဖြေရှင်းလျက်ရှိနေကြသည်။ ဘေးအန္တရာယ်ကင်းရှင်းပြီး အမှန်တကယ်အကျိုးရှိစေမည့် ကုန်စည်၊ ဝန်ဆောင်မှုများကိုခံစားလိုကြသည်။ စီးပွားရေးပညာရှင်တစ်ဦးက ပြောခဲ့ဖူးသည်။ 'လူသားတို့သည် မျှော်လင့်ချက်များကို ငွေဖြင့်လဲလှယ်ယူကြသည်'ဟူ၍ဖြစ်သည်။ လုပ်ငန်းရှင်များသည် စားသုံးသူများ၏မျှော်လင့်ချက်များကို ပေးအပ်သော ဝန်ဆောင်ခများနှင့်အညီ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ပေးအပ်ရန် တာဝန်ရှိသည်။

စားသုံးသူများအတွက် ထုတ်လုပ်သောကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုပေးသောလုပ်ငန်းများ စိတ်ချရမှု၊ လုံခြုံမှု၊ အပြည့်အဝရရှိစေရေးအတွက် ဌာနဆိုင်ရာများမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ လိုက်နာရမည့်ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားသည့် အမိန့်များအတိုင်း တိကျစွာလိုက်နာ၍ မိမိနိုင်ငံနှင့်နိုင်ငံတကာ အဆင့်မီ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ရန် အရေးကြီးသည်။

ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ လုံခြုံစိတ်ချရမှုအဆင့်တိုင်းတွင် လုပ်ငန်းရှင်များ သာမက ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်သွင်းသူ၊ လက်ကားရောင်းချသူ၊ လက်လီရောင်းချသူ အားလုံး အကျုံးဝင်သည်။ ကိုယ်စီကိုယ်ငအဆင့်တိုင်းတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး စိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ စားသုံးရာတွင်လည်းကောင်း၊ သိုလှောင်၊ ကိုင်တွယ်၊ ထိန်းသိမ်းရာတွင်လည်းကောင်း လုံခြုံစိတ်ချရမှုမရှိ၍ ထိခိုက်နစ်နာဆုံးရှုံးမှုများပေါ် ပေါက်ပါက ကုစားဖြေရှင်းပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုမရှိ၍ ရက်လွန်၊ တရားမဝင်သော ဓာတုဆေးသုံး အစားအစာများကိုစားသောက်မိ၍ အော့အန်၊ မူးဝေ၊ သတိလစ်၊ သေဆုံးမှုများ ဖြစ်ပေါ်နေရခြင်း၊ ပဲဆီစစ်စစ်ဟူ၍ ဈေးကြီးပေးကာ ဝယ်ယူသုံးစွဲသော စားဆီများတွင် တရားမဝင်ဓါတု ဆေးအနံ့ရောစပ်၍ ရောင်းချနေခြင်းများကြောင့် ရောဂါပေါင်းစုံ ခံစားနေရခြင်း၊ အရည်အသွေးညံ့ဖျင်း၍ စံချိန်စံညွှန်းမညီသော ဆောက်လုပ်ရေးသုံးပစ္စည်းများ သုံးစွဲ ဆောက်လုပ်၍ အချိန်မတိုင်မီ ပြိုကျ၍ သေကျေပျက်စီးခြင်း၊ အရည်အသွေးမပြည့်မီသော မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း အချို့ကြောင့် ယာဉ်များတိမ်းမှောက်ပျက်စီးကာ လူများစွာသေကျေပျက်စီးခြင်း၊ တရားမဝင် တင်သွင်းလာသော အရည်အသွေး၊ စံချိန်စံညွှန်း ကိုက်ညီမှု မရှိသောဆေးဝါး များကြောင့်လူများစွာ သေကျေပျက်စီးရခြင်း၊ အရည်အသွေးအာမခံချက်မရှိသော အလှကုန်ပစ္စည်းများကြောင့် မြန်မာ့အမျိုးသမီးများစွာ အလှပျက်သည့်အပြင် ဆိုးကျိုး များစွာ ကြုံတွေ့နေရခြင်း၊ ဆောက်လုပ် ရေးလုပ်ငန်းအချို့တွင်လည်း အခန်းများ၊ အထပ်မြင့်အခန်းများ ဆောက်လုပ်ရောင်းချရာတွင် ကြော်ငြာ၊ အာမခံထားသည့်ပစ္စည်းများ သုံးမည့်အစားအခြား ဈေးပေါ၍ အရည်အသွေးမမီသော ပစ္စည်းများသုံးစွဲ၍ နစ်နာနေရခြင်း၊ အရည်အသွေးမပြည့်ဝသော လျှပ်စစ်ပစ္စည်းများကြောင့် မီးဘေးအန္တရာယ်များဖြစ်ပွားကာ လူများစွာအိုးမဲ့အိမ်မဲ့ဖြစ်၍ သေကျေပျက်စီးခြင်း၊ တယ်လီဖုန်းများ ဝယ်ယူခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် ကြော်ငြာထားသည့်အတိုင်း အာမခံထားသည့် အတိုင်း ဆောင်ရွက်ပေးမှုမရှိခြင်း၊ လူမှုမီဒီယာနည်းလမ်းများကို အသုံးပြု၍ ကုန်ပစ္စည်းများ၊ အစုရှယ်ယာများအား လိမ်လည်ရောင်းချ ခြင်း၊ တယ်လီဖုန်းဘေ(လ်)များကို မသမာမှုပြုကာ ဖြတ်တောက်ခံနေရခြင်းတို့ ကြုံတွေ့နေရသည်။

အဆိုပါ ထိခိုက်နစ်နာမှုများကို စားသုံးသူများကြုံတွေ့နေရကြောင်း၊ မီဒီယာများမှ မပြတ်ဖော်ပြလျက်ရှိသော်လည်း လက်လှမ်းမမီသော၊ ပညာအသိဉာဏ်နည်းပါးသောစားသုံးသူများ ကြုံတွေ့နေရဆဲဖြစ်နေသည်ကို ဝမ်းနည်းဖွယ် ကြားသိနေရသည်။

ထို့ကြောင့်ပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉) ကိုပြဋ္ဌာန်းကာ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများဘေးကင်းလုံခြုံရေးအတွက် လည်းကောင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက်လည်းကောင်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး လက်အောက်တွင် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိသော လုပ်ငန်းများသို့ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း အရေးယူဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများနှင့် သတင်းအချက်အလက်များ ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဈေးကွက်သတင်းများကို ရယူခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းမှုရှိ/မရှိ ရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်၊ တံဆိပ်အမှတ် အသားတွင် ဖော်ပြထားသည့်အချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ အချက်များမပါသော ကုန်စည်များ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် သုံးစွဲပုံနည်းလမ်းများ မပါရှိသော ကုန်စည်၊ အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်မပါရှိသော ကုန်စည်၊ ဝန်ဆောင်မှုများမပြုလုပ်ရန် တားမြစ်ထားကြောင်း ပညာပေးဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေး ပညာပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းရှင်သည်လည်း နာမည်တစ်ခုလုံးဆုံးရှုံးခြင်း၊ ဂုဏ်သိက္ခာပျက်ယွင်းခြင်းများ ကြုံတွေ့ကာ စီးပွားရေးလောကတွင် နာလန်မထူနိုင် ဖြစ်မည်ကို စိုးရိမ်ပါသည်။ လုပ်ငန်းရှင်အပါအဝင် စားသုံးသူပါ မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာမှုများ ဖြစ်မည်ကို မလိုလားပေ။ ယင်းသို့ မဖြစ်စေရေးလုပ်ငန်းရှင်များက ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရောင်းချကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ပါ၍ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ကုန်၊ ဝန်ဆောင်မှုများလုံခြုံ စိတ်ချရမှုရှိစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များမှ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မြန်မာနိုင်ငံနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းထားသော ထုတ်ပြန်ထားသော ဥပဒေ လုပ်ထုံး၊ လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန်နှင့် စားသုံးသူများကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည် ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူအားပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

■

## ကောလင်းမြို့တွင် ပဲတောင်သူများ၊ ဆီစက်ပိုင်ရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကသာခရိုင် ကောလင်းမြို့တွင် ပဲတောင်သူများ၊ ဆီစက်ပိုင်ရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၉ ရက်တွင် ကောလင်းမြို့ စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ ပဲစိုက်တောင်သူများ၊ ဆီစက်ပိုင်ရှင်များ စုစုပေါင်း ၃၉ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ကောလင်းမြို့နယ် တာဝန်ခံဦးမြင့်ကြိုင်က ဆီကိုစားသုံးရခြင်း၏ အကျိုးကျေးဇူးအကြောင်း၊ ဆီကိုလွန်ကဲစွာစားသုံးလျှင် ဖြစ်ပေါ်တတ်သည့် ရောဂါ ဆိုးကျိုးများအကြောင်း၊ ပြည့်ဝဆီနှင့် မပြည့်ဝဆီပါဝင်မှုအန္တရာယ်ရှိ မြေပေါင်းဆီနှင့် ပြန်ကြော်ဆီများကို ရှောင်ရှားသင့်ကြောင်း၊ စားသုံးဆီနှင့် ပတ်သက်၍ ကောင်းကျိုးဆိုးကျိုးများနှင့် သတိထားရှောင်ရှားရမည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ကောလင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဦးမိုးဆွေက ပြည့်ဝဆီနှင့်မပြည့်ဝဆီအကြောင်းအရာများ၊ ပြန်ကြော်ဆီနှင့်ပတ်သက်သည့် ဆိုးကျိုးအကြောင်း၊ အပူနှင့် ထိတွေ့လျှင် အငွေ့ပြန်မှုအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလှမြင့်က ဆီမဖြစ်ခင် စိုက်ပျိုးထုတ်လုပ်သော ဆီထွက်သီးနှံများ အော်ဂဲနစ်သီးနှံဖြစ်ရန်နှင့် ရိတ်သိမ်းချိန်လွန်နည်း ပညာအကြောင်းများ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ပဲစိုက်တောင်သူများနှင့် ဆီစက်လုပ်ငန်းရှင်များကလည်း စံမမီအန္တရာယ်ရှိသော တရားမဝင်ထုတ်လုပ်ရောင်းချနေသော စားသုံးဆီများကို ထိရောက်စွာထိန်းသိမ်းစေလိုကြောင်း၊ စံချိန်စံညွှန်းကို သတ်မှတ်ပေးရန်လိုကြောင်း၊ ရော နှောရောင်းချနေသော ဆီအချို့ကို တိကျစွာ ဖော်ပြပေးရန် လိုကြောင်း၊ စားသုံးသူကို လိမ်လည်လှည့်ဖြားလို၍ ထင်ယောင်ထင်မှားဖြစ်စေသော ဓာတုအနံ့ မြေပဲ၊ နှမ်း CHEMICAL ဓာတ်များရောနှောရောင်းချခြင်းများကိုလည်း လုံးဝခွင့်မပြုသင့်ကြောင်း ဆွေးနွေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ကြိုင်က ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသစ်အရ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် ဥပဒေကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခြင်းနှင့်စားသုံးရန်မသင့်သော စားသုံးဆီများ နောင်တွင် ရောနှောရောင်းချပါက ခရိုင်အငြင်းအပွားမှု ဖြေရှင်းရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများနှင့်စစ်ဆေးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ဟုသိရသည်။ **လှလှခိုင်(ကသာ)**

# ၂၀၄၀ ပြည့်နှစ်တွင် မီဂါစီးတီးဖြစ်လာမည့် ရန်ကုန်

| မောင်လွင်ပြင် |

အနာဂတ် ရန်ကုန်စီမံကိန်းအတွက် ရန်ကုန်စီမံကိန်းဘဏ် Yangon Project Bank အကြောင်း ရှင်းလင်းပွဲကို ဇွန် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် အနာဂတ်ရန်ကုန်စီမံကိန်းများ မည်သို့မည်ပုံ အကောင်အထည်ဖော်မည်ဆိုသည့် အကြောင်းများ၊ ယင်းအတွက် ရန်ကုန်စီမံကိန်းဘဏ် ပေါ်ပေါက်လာပုံအကြောင်းများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်ဘဏ်စီမံကိန်းဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး အတွင်း အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းများ၊ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ဘဏ်သဖွယ် စုဆောင်းထားရှိခြင်း၊ ထုတ်ယူ အသုံးချနိုင်ခြင်းကို ဆိုလိုသည်။ အနာဂတ်ရန်ကုန်စီမံကိန်းဟူသည် လာမည့်အနာဂတ် ၂၀၄၀ ပြည့်နှစ်ရောက်လျှင် ရန်ကုန်မြို့တော် မီဂါစီးတီး အဆင့်ရှိ မြို့တော်ကြီးဖြစ်အောင် တဖြည်းဖြည်းချင်း အဆင့်မြှင့်တင် တိုးချဲ့အကောင်အထည်ဖော်မည့် တည်ဆောက်ရေးမြို့ပြဆိုင်ရာ စီမံကိန်းများဖြစ်သည်။ အနာဂတ် ရန်ကုန်စီမံကိန်းများသည် ရန်ကုန်စီမံကိန်းဘဏ်ထဲတွင် ထည့်သွင်း တည်ရှိသည်။ ထို့ကြောင့် ရန်ကုန်စီမံကိန်းဘဏ်ကို ရန်ကုန်မြို့၏ လမ်းပြမြေပုံ Road Map ဟု တင်စားခေါ်နိုင်သည်ဟု ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ သည်။ ရန်ကုန်မြို့သည် ယခုအခါ လူဦးရေထူထပ်လာ၏။ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိ အခြေချနေထိုင်ကြသည့် ရွှေ့ပြောင်း အခြေချနေထိုင်သူများလည်း တဖြည်းဖြည်းတိုးပွားနေသည်။ လူဦးရေ ထူထပ်သောအခါ နေရာကျပ်တည်းလာသည်။ နေရာထိုင်ခင်းကိစ္စ ပြဿနာ ရှိလာသည်။ အချို့ဒေသများတွင် နေစရာမရှိ၍ ကြုံရာကျပန်း ကျူးကျော်နေထိုင်ကြသည်များ ရှိလာသည်။ အနာဂတ်ရန်ကုန် စီမံကိန်းသည် အနာဂတ်ရန်ကုန်တွင် နေရာထိုင်ခင်းအခက်အခဲရှိခြင်း များ ဖြေရှင်းပေးမည့် အစီအစဉ်လည်း ပါဝင်သည်။ အမှန်တော့ အနာဂတ်ရန်ကုန်စီမံကိန်းဟုဆိုလျှင် ရန်ကုန်မြို့နေ ပြည်သူများအပြင် တစ်နိုင်ငံလုံးက ရွှေ့ပြောင်းအခြေချနေထိုင်ချင်သည့် ပြည်သူများနှင့်လည်း သက်ဆိုင်နေသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် အားလုံးနှင့် သက်ဆိုင်နေသည့် အနာဂတ်ရန်ကုန်စီမံကိန်းများ ဖြစ်နေသည့်အတွက် အများပြည်သူ ပွင့်လင်းမြင်သာသိရှိရန် ယခုလို သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်းဖြစ်သည်။ သတင်းစာ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၄၀ ပြည့်နှစ်တွင် တိုင်းအတွင်း စီမံကိန်းအားလုံးပေါ်ပေါက်လာပါက မီဂါစီးတီး ဖြစ်လာလိမ့်မည်ဟု ဝမ်းမြောက်ဖွယ်စကားဆိုခဲ့သည်။ တိုင်းအတွင်း ၂၀၂၀ပြည့်နှစ်အထိ ပြင်ဆင်ထားသည့် ကာလလတ်စီမံကိန်းများ ရှိသည်။ ထို့ပြင် ၂၀၃၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်ခုစာ ဆောင်ရွက်မည့် စီမံကိန်းများလည်း ရှိသည်။ ၂၀၃၀ ပြည့်နှစ်မှ ၂၀၄၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့် စီမံကိန်းများရှိသည်။ ယင်းစီမံကိန်းများအားလုံး ရန်ကုန်စီမံကိန်းဘဏ်ထဲတွင် ထည့်သွင်းထားသည်။ ၂၀၄၀ ပြည့်နှစ်ရောက်လျှင် စီမံကိန်းအားလုံးအကောင်အထည်ပေါ်လာပါက ရန်ကုန်သည် မီဂါစီးတီး ဖြစ်လာလိမ့်မည် မျှော်မှန်းထားသည်။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု လိုက်လျောညီထွေဖြစ်စေမည့် စီမံကိန်းများနှင့်

**၂၀၄၀ ပြည့်နှစ်ရောက်လျှင် စီမံကိန်းအားလုံးအကောင်အထည် ပေါ်လာပါက ရန်ကုန်သည် မီဂါစီးတီးဖြစ်လာလိမ့်မည် မျှော်မှန်းထားသည်။**

ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဖို့လိုမည် စသည်ဖြင့် ပြောကြားခဲ့သည်။

မီဂါစီးတီးဆိုသည်မှာ လူဦးရေ ၁၀သန်း အထက်ရှိသော မြို့တော်ကြီးကို ခေါ်ခြင်းဖြစ်၏။ လူဦးရေ ၁၀သန်းအထက်ရှိသော လူဦးရေ သက်သာချောင်ချိနေထိုင်နိုင်သည့် မြို့ပြဆိုင်ရာ အဆောက်အအုံများလည်း ရှိရမည်။ မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်သော လမ်း၊ တံတား၊ ပန်းခြံ၊ အားကစားကွင်း၊ အပန်းဖြေ နေရာများလည်း ရှိရမည်။ ကောင်းမွန်ပြီး အဆင့်မြင့်သော မြို့ပြ ဆိုင်ရာ ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သော ရထား သယ်ယူပို့ဆောင်ရေး၊ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးတို့လည်း ရှိရမည်။ ဆက်သွယ်ရေးစနစ်လည်း အဆင့်မြင့်ကောင်းမွန်ရမည်။ အစိုးရက စီစဉ်ပေးသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများလည်း ကောင်းမွန်ရမည်။ ယင်းအရည်အချင်းများ ပြည့်စုံမှ မီဂါစီးတီးမြို့တော်အဖြစ် သတ်မှတ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနာဂတ်ရန်ကုန်စီမံကိန်းကိစ္စ ဆက်လက်ရှင်းပြပါသည်။ နယ်စပ်ကုန်စည်စီးဆင်းမှုမှတစ်ဆင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး နိုင်ငံအတွင်းမှ ကမ္ဘာကြီးအထိ ကုန်ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နိုင်မည်ဆိုပါက ရန်ကုန်သည် ကုန်စည်သယ်ယူပို့ဆောင်ရေး အချက်အချာကျပြီး ကူးသန်းရောင်းဝယ်ရေး တင်ပို့တင်သွင်းလုပ်ငန်းများတွင် အဓိက ကျလာနိုင်သည်။ ထို့ကြောင့် ဆိပ်ကမ်းအသစ်များ တည်ဆောက်ရမည်။ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရမည်။ စက်မှုဇုန်အသစ်များလည်း ထူထောင်ဖို့လိုလာမည် စသည်ဖြင့် ပြောကြားခဲ့သည်။ အနာဂတ်ရန်ကုန်စီမံကိန်းများတွင် ရန်ကုန်မြို့ကို တိုးချဲ့မည့် အစီအစဉ်များလည်းပါဝင်သည်။ ရန်ကုန်မြို့ တိုးချဲ့မည့် အစီအစဉ် အကြမ်းဖျင်းကိုလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။ ရန်ကုန်မြစ်အနောက်ဘက်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်မြင်တိုင်တစ်ဖက်ကမ်း မြို့သစ်စီမံကိန်း (ယင်းစီမံကိန်းမှာ ရန်ကုန်မြို့သစ်စီမံကိန်းကိုဆိုလိုသည်။ ရန်ကုန်မြို့သစ်စီမံကိန်းကို ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဆိပ်ကြီးခနောင်တိုအနောက်ဘက်ခြမ်း မြေဧက ၂၀၀၀၀ပေါ်တွင် စီမံကိန်းအပိုင်း(၁) ကို စတင်အကောင်အထည်ဖော်မည်။ ရန်ကုန်မြို့သစ် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ (NYDC)နှင့် တရုတ်ကုမ္ပဏီ (CCCC)တို့ ပူးပေါင်းဆောင်ရွက်ကြမည်။) ဒလမြို့နယ်ဘက်ခြမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ယင်းစီမံကိန်းအတွက် ယခုအခါ ရန်ကုန်-ဒလ တံတားစတင်တည်ဆောက်နေသည်။ ရန်ကုန်-ဒလတံတားကို ကိုရီးယားနိုင်ငံချေးငွေအထောက်အပံ့ဖြင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားအဖြစ် တည်ဆောက် ခြင်းဖြစ်သည်။ ကိုရီးယားနိုင်ငံသည် ဒလဘက်ခြမ်းတွင် ဒုတိယ ရန်ကုန်မြို့တော်အဖြစ် ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ရှိသည်။ ဒလမြို့ တောင်ဘက်ခြမ်းရှိကွမ်းခြံကုန်း၊ ကော့မှူးအစရှိသော မြို့ရွာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်ဖြစ်သည်။) ရန်ကုန်မြစ်၏မြစ်ဝအထိ ဖွံ့ဖြိုးတိုး တက်ရေး အထူးစီးပွားရေးဇုန်၊ ရန်ကုန်မြစ်ဝ ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေး စီမံကိန်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းစသည့် စီမံကိန်းများ အကောင်အထည်ဖော်မည်ဖြစ်သည်။

ယင်းအနာဂတ်ရန်ကုန်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားသည်။ "ကျွန်တော်တို့က လာရောက်ရင်းနှီးမြှုပ်နှံသူ လိုသလောက်ကို ဖိတ်ခေါ်မယ်။ ကျွန်တော်တို့ တည်ဆောက်မယ်။ တဖြည်းဖြည်းချင်း ကျွန်တော်တို့ အနာဂတ်စီမံကိန်းတွေကို သွားမယ်"ဟုဆိုသည်။ ထို့ပြင် ရန်ကုန်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်ပါက ရန်ကုန်မြို့အား နေချင်စဖွယ်မြို့ဖြစ်ရန် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခု ရည်မှန်းချက်များကို ချက်ချင်းဆောင်ရွက်နိုင်မည်မဟုတ်ဘဲ ဆယ်စုနှစ်ချီကာ ကြိုးစားရမည်ဖြစ်ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ အနာဂတ်ကို မည်ကဲ့သို့ ပုံဖော်မည်နည်း၊ ရန်ကုန်မြို့ အနာဂတ် အိပ်မက်များကို သိဖို့လိုပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအစိုးရအနေဖြင့် သုံးနှစ်တာ ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဝိုင်းဝန်းကူညီကြောင်း၊ ပုဂ္ဂလိကကဏ္ဍကလည်း ဝိုင်းဝန်းကူညီမှုများရှိကြောင်း၊ Project Bank ကို တင်ပြခြင်းအားဖြင့် တိုင်းဒေသကြီးအစိုးရ၏ ဆောင်ရွက်နေမှုများကို ပွင့်လင်းမြင်သာမှုရှိသည်ကို ပြသနိုင်မည်ဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည်များကို Project Bank က ပြသနိုင်မည်ဖြစ်ကြောင်း Project Bank က ဆောင်ရွက်မည့် ကိစ္စအချို့ကို လွှတ်တော်သို့ တင်ပြရမည်လည်းရှိကြောင်း၊ ပြည်ထောင်စု အစိုးရသို့ တင်ပြရမည်လည်း ရှိကြောင်း၊ တိုင်းဒေသကြီး အစိုးရ၏ ဆုံးဖြတ်ရမည့် စီမံကိန်းများလည်းရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

## Commerce ကာတွန်း



# ကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲ ပြုလုပ်

ဇွန် ၁၄ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်သွင်းကုန်ရုံးရန်ကုန်ရှိ ပထမထပ်အစည်းအဝေးခန်းမတွင် ယူနန်ပြည်နယ် ယူရှင်းမြို့တော်ဝန် ဦးဆောင်သော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ ပို့ကုန်သွင်းကုန်ရုံးရန်ကုန်ရှိ ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့အား လာရောက်တွေ့ဆုံ၍ ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ယူနန်ပြည်နယ် ယူရှင်းမြို့တော်ဝန်က မြန်မာ-တရုတ်နှစ်နိုင်ငံ ပို့ကုန်သွင်းကုန် ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ယူနန်ပြည်နယ်က ဖွံ့ဖြိုးသော ဒေသဖြစ်ပြီး လူဦးရေ ၂၃ သိန်းခန့်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးမှုရှိကြောင်း၊ ယခု ယူရှင်းမြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးတို့နှင့်အတူ နှစ်ဦးနှစ်ဖက်လေ့လာရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လူကြီးမင်းတို့၏ အကြံဉာဏ်များကိုလည်း သိရှိလိုကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်သွင်းကုန်ရုံး ညွှန်ကြားရေးမှူးဦးဖေကြိုင်က တကူးတက အချိန်ပေးလာရောက်သည့်အတွက် ကျေးဇူးတင်ကြောင်း၊ မြန်မာနှင့် တရုတ်နိုင်ငံသည် ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်များဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်မှုပြုလုပ်ကြောင်း၊ မူဆယ် နယ်စပ်တစ်ခုတည်းမှ ကုန်သွယ်မှုသည် တစ်နိုင်ငံလုံးကုန်သွယ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ နှစ်နိုင်ငံစီးပွားရေးဇုန်များလည်း တည်ဆောက်နေပြီဖြစ်ကြောင်း၊ မူဆယ်၊ ကန်ပိုက်တီ၊ ချင်းရွှေဟော်များတွင် စီးပွားရေးဇုန်များ တည်ဆောက်နေပြီဖြစ်ကြောင်း၊ ဇုန်တည်ဆောက်ပြီးစီးပါက ယခင်က ပစ္စည်းသုံးလေးမျိုးသာ သွားနေရာမှ မျိုးစုံ သွားနိုင်မည်ဖြစ်ကြောင်း၊ ချင်းရွှေဟော်တွင် တရုတ်ဘက်က ဆောက်လုပ်ပေးထားသည့် ကွမ်လုံတံတားရှိကြောင်း၊နောက်ထပ်တစ်စင်းထပ်ဆောက်ဖို့လည်းရှိကြောင်း၊ ယခင်က ပို့ကုန်သွင်းကုန်ကား တစ်နေ့အစီး ၁၀၀ ကျော် သွားနေရာမှ တံတားပြီးစီးပါက ကုန်ကားစီးရေ ၄၀၀ မှ ၅၀၀ ခန့်အထိ သွားနိုင်မည်ဖြစ်ကြောင်း၊ ကျန်သည့်စခန်းများတွင်လည်း ကုန်သွယ်မှု တိုးတက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိတ်ဆွေများဘက်ကလည်း ကုန်သွယ်မှုဆိုင်ရာများတွင် ဖြေလျှော့ပေးမှ လုပ်သာကိုင်သာ ရှိမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်က အဓိကပို့ကုန်များမှာ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းများ ဖြစ်ကြောင်း၊ တစ်ဖက် တရုတ်နိုင်ငံက ယူလိုက်၊ ပိတ်လိုက်လုပ်ခြင်းမှာ ကုန်သွယ်မှုအတွက် မကောင်းကြောင်း၊ မိမိတို့ဘက်ကပို့နိုင်တာ ကုန်ကြမ်းများသာဖြစ်ကြောင်း၊ လုပ်နိုင်ကိုင်နိုင်ရှိမှ လုပ်ချင်မှာဖြစ်ကြောင်း၊ နွားအရှင်များ တင်ပို့စဉ်ကလည်း ရုတ်တရက်ပိတ်လိုက်သည့်အခါ မိမိတို့ဘက်တွင် စားကျက်မြေ လုံလောက်စွာ မရှိသည့်အတွက် ဒုက္ခရောက်ကြောင်း၊ မိမိ၏မျက်မြင်တွေ့ရှိချက်ကိုပြောခြင်းဖြစ်ကြောင်း၊ မိမိ ချင်းရွှေဟော်စခန်းတွင် တာဝန်ထမ်းဆောင်စဉ် လောက်ကိုင်၊ ဟိုပန်တွင် တရုတ်က ကြံလာစိုက်ကြောင်း၊ တရုတ်တွင် တန်တစ်သောင်းကျစက်ရုံရှိကြောင်း၊ မိမိတို့ဘက်က အများကြီးကူညီပေးခဲ့ကြောင်း၊ မကူညီပါက ကြံများ ခြောက်သွားပြီး အရည်မရနိုင်ကြောင်း၊ တစ်နေ့ကို ကုန်ကားအစီး ၁၅၀ ခန့်ရှိကြောင်း၊ အခြားပစ္စည်းများလည်း ရှိသေးကြောင်း ၊မိမိတို့ဘက်ကဆန်တင်ပို့ပြီး တရုတ်ဘက်က ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းကြောင်း နှစ်ဦးနှစ်ဖက်မျှတမှုရှိလျှင် ပိုကောင်းမည်ဖြစ်ကြောင်း၊ စီးပွားရေးဇုန်များပြီးစီးပါက အများကြီးတိုးတက်လာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ယဉ်ယဉ်အေး**

## မုံရွာခရိုင်အတွင်း အသင်း/အစုအဖွဲ့နှင့် တွေ့ဆုံ

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မုံရွာခရိုင်အတွင်းရှိ အသင်း ၂၂ သင်းနှင့် အစုအဖွဲ့များ ၁၀၀ ခန့်အား တစ်လလျှင် အသင်း/အစုနှစ်ဖွဲ့အား တွေ့ဆုံရန် လျာထားသတ်မှတ်ပြီး ကွင်းဆင်းတွေ့ဆုံလျက်ရှိကြောင်း သိရှိရသည်။

မုံရွာခရိုင် ဒု-ခရိုင်ဦးစီးမှူးနှင့် မုံရွာမြို့နယ် တာဝန်ခံတို့သည် မုံရွာမြို့နယ် ကျောက္ကာ(မြောက်)ကျေးရွာရှိ သနပ်ခါးအစုအဖွဲ့ နှင့် ဆီထွက်သီးနှံအစုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးနှင့် ဇွန် ၁၁ ရက်က တွေ့ဆုံခဲ့ရာ အစုအဖွဲ့များ၏ တည်နေရာသည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဖြစ်ကြောင်း၊ မုံရွာမြို့နယ်အတွင်း သနပ်ခါးစိုက်ဧက ၇၀၀ ကျော်ရှိကြောင်း၊ မိမိတို့ရွာတွင် သနပ်ခါးကို အပင်ပြတ်/ခြံပြတ် ပွဲစားများကို ရောင်းချခြင်းနှင့် ကျောက္ကာရွှေဂူနီ ဘုရားဈေးတွင် လက်လီရောင်းချခြင်း များဖြစ်၍ မိမိတို့ သနပ်ခါးဈေးကွက်ကို ခိုင်မာသည့် ဈေးကွက် ရရှိလိုကြောင်း ဥက္ကဋ္ဌက ပြောကြားသည်။ အလားတူ ဆီထွက်သီးနှံအသင်းအနေဖြင့်လည်း အသင်းအမှုဆောင်များ ပြန်လည်တွေ့ဆုံ၍ ဈေးကွက်/ဈေးနှုန်းများ ခိုင်မာအောင် ဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ပြီး မုံရွာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ မုံရွာ မြို့နယ် ဆီထွက်သီးနှံ အသင်းအလုပ်အမှုဆောင်များအား ချိတ်ဆက်ပေးသည်။ မကြာမီ အသင်းအလုပ်အမှုဆောင်များ တွေ့ဆုံပွဲ၊ အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်သည်။

**သန်းသန်းတင်(မုံရွာ)**

## မြောင်မြို့နယ် မကျီးဘုတ်ကျေးရွာ၌ Solar Dryer Dome စနစ်ဖြင့် ငရုတ် အခြောက်လှန်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး၊ ဒု-ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန် ၁၁ ရက်တွင် Solar dryer domeစနစ်ဖြင့်အခြောက်လှန်းရုံ နှစ်ရုံတည်ဆောက်ပြီး ဒေသထွက်ငရုတ်သီးများကိုပိုးမွှားကင်းစင်ပြီး အရောင်အသွေးလှရန် အခြောက်လှန်းခြင်း ပြုလုပ်သည့် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာသို့ရောက်ရှိပြီး တာဝန်ခံ ဦးစိုးငွေအောင်နှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မေးမြန်း ဆွေးနွေးသည်။

အဆိုပါ Solar dryer dome စနစ်ဖြင့် အခြောက်လှန်းရုံ တည်ဆောက်ပြီး အခြောက်လှန်းခြင်းဖြင့် မှိုနှင့်ပိုးမွှားကင်းစင်ခြင်း၊ လေဒဏ်မိုးဒဏ်ကာကွယ်ခြင်း၊ အချိန်ကုန်သက်သာခြင်းတို့အပြင် ဖလံကဲ့သို့အဖြူများ မပါဝင်ဘဲ အခြောက်ညီသည့်အတွက် အရောင်အသွေးကလည်း လှပလာခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းခရိုင်ဦးစီးမှူးက အဆိုပါ Solar dryer dome စနစ်ဖြင့် အခြောက်လှန်းရုံတည်ဆောက်ပြီး အခြောက်လှန်းခြင်းမှာ Aflatoxin မှိုဆိပ်ကင်းစင်စေသည့်အတွက် ကျန်းမာရေးအတွက် စိတ်ချယုံကြည်ရကြောင်းနှင့် ငရုတ်သီးသီးနှံအား အခြောက်လှန်းသည့်စနစ်ငရုတ်သီးအတိုင်း သာမကတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချပါက ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် ဈေးနှုန်းအားဖြင့် ပိုမိုရရှိသဖြင့် အကျိုးအမြတ်ပိုမိုရရှိစေခြင်း၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေခြင်း စသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

**ခင်စောဝင်း (စစ်ကိုင်း)**

## ရော်ဘာ RSS အမျိုးအစား ဈေးထပ်မံမြင့်တက်

ဇွန် ၁ ရက်မှ ၇ ရက်အထိကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော် တန်ဖိုးရှိရော်ဘာတန်ချိန် နှစ်ထောင်ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစားတန်ချိန် ၁၁၆၀ ကျော်၊ RSS-5 အမျိုးအစားတန်ချိန်၁၅၀၊ MSR-20 အမျိုးအစားတန်ချိန် ၂၄၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန်၄၅၀ နီးပါးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀ ခန့် ပိုမိုတင်ပို့နိုင်သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂ ရက်မှ ၈ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိရော်ဘာအဆင့်စုံတန်ချိန်၁၈၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့ခဲ့သော နိုင်ငံများမှာ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံများဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၇၆၀ ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစားတန်ချိန် ၇၁၀ ကျော် ၊ အိန္ဒိယနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၃၀၀ ကျော်ဖြစ်သည်။ ယခုတစ်ပတ်ရော်ဘာ တင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၃၈၀၀ ကျော်ဖြစ်သည်။

မေလအတွင်း အကျမရှိဘဲ အတက်ဈေးဖြင့် ရှိနေခဲ့သော ရော်ဘာဈေးမှာ ယခုတစ်ပတ်တွင်လည်း နိုင်ငံတကာရော်ဘာဈေး RSSအမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ကြောင်း သိရသည်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဈေးနှုန်းထုတ်ပြန်ချက်အရ ပြည်ပသို့ တင်ပို့မည့် မြန်မာ့ရော်ဘာ FOB ဈေးနှုန်းများကို ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| RSS-1 | တစ်တန်လျှင် | ဒေါ်လာ ၁၇၀၀-၁၇၅၀၊ |
| RSS-2 | တစ်တန်လျှင် | ဒေါ်လာ ၁၆၅၀-၁၇၅၀၊ |
| RSS-3 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ ၊ |
| RSS-4 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀၊ |
| RSS-5 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀ |

တို့ဖြစ်သည်။

**ယဉ်ယဉ်အေး**



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝှ်ရှ် (၂၀၀၇) | J | ၃၃၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | မတ်(ခ်)အိပ်စ်(၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဗန်းဂတ် (၂၀၀၈) | M | ၅၈၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | H | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကလူဂျာ (၂၀၀၆) | M | ၄၈၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပါဆို (၂၀၀၈) | F | ၁၂၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀ ) | - | ၁၃၅ သိန်း | - |

# ရေဦးမြို့နယ် ပန်းကုံး အထက်တန်းကျောင်း(ခွဲ)တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် တာဝန်ခံသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဇွန် ၁၁ ရက်တွင် ရေဦးမြို့နယ် ပန်းကုံးအခြေခံပညာအထက်ကျောင်း(ခွဲ)၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာ၊ မြို့နယ်တာဝန်ခံမှ စားသုံးသူကာကွယ်ရေး ဥပဒေပါစားသုံးသူအခွင့်အရေးများနှင့် အန္တရာယ်ရှိ စားသောက်ကုန်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးက စာဖတ်ရခြင်းအကျိုးကျေးဇူးများနှင့် လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒု-ဦးစီးမှူးက မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း၊မီးသတ်ဆေးဘူး အသုံးပြုနည်းများ အကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေး ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၂၄ ဦး၊ ကျောင်း မုန့်ဈေးသည် ခြောက်ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၅၅ ဦး၊ စုစုပေါင်း ၅၈၅ ဦး တက်ရောက်ကာ တားမြစ်စားသောက်ကုန်များစာရင်း ခြောက်စုံကို ကျောင်းမုန့်ဈေးသည် ခြောက်ဦးထံ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျောင်းစားသုံးသူရေးရာအဖွဲ့နှင့် ပူးပေါင်းကာ ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်ခြောက်ဆိုင်သို့ ဆက်လက်စစ်ဆေးခဲ့ရာ ဈေးဆိုင်သုံးဆိုင်မှာ မြန်မာ့ရိုးရာ အစားအသောက်များကိုသာ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိရသော်လည်း ကျန်ဈေးဆိုင်သုံးဆိုင်မှ ရောင်စုံခဲတုဆိုးဆေးများ လွန်းသောရောင်စုံဂျယ်လီအသေး ၂၀ ခု၊ ဂျယ်လီအနီဘူး ၁၃ ဘူး၊ ရောင်စုံဂျယ်လီ အတောင့် ငါးတောင့်၊ ကန်တော့ပုံ ရောင်စုံဂျယ်လီ ၁၄ ခု၊ လိမ္မော်ရောင်တုတ်ထိုးချိုချဉ်ပြား ၁၄ ခုကို တွေ့ရှိရ၍ ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးခဲ့ကြောင်း၊ ကျောင်းစားသုံးသူရေးရာအဖွဲ့က ကျောင်းမုန့်ဈေးတန်းအား ဆက်လက်ကြီးကြပ်ရန် တာဝန်ပေးအပ်ခဲ့ကြောင်းနှင့် ပန်းကုံး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စားသုံးသူရေးရာအဖွဲ့မှ ကျောင်းတွင် စားသုံးသူတိုင်ကြားမှုလက်ခံစာတိုက်ပုံးထားရှိခဲ့ကြောင်း သိရသည်။

**အောင်ညွန့်**

# ကယားပြည်နယ်အတွင်းရှိ စားသုံးသူပြည်သူများအတွက် စားသုံးသူကာကွယ်ရေး အသိပညာပေးဆောင်ရွက်

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာအကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဇွန်လ ပထမပတ်တွင် လွိုင်ကော်မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းများ၌လည်းကောင်း၊ ဇွန် ၉ ရက်တွင် လွိုင်ကော်မြို့ ပန်ကန်းရပ်ကွက် ထူသူငံသ နှစ်ခြင်းဘုရား ကျောင်း၌လည်းကောင်း၊ ဇွန်၁၂ ရက်တွင် လွိုင်ကော်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ လည်းကောင်း၊ ဇွန် ၁၃ ရက် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း စားသုံးသူ ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဆီစက်လုပ်ငန်းများ၌ ကွင်းဆင်းအသိပညာပေးရာတွင် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် စားသောက်ကုန်များ၏ထုပ်ပိုးမှုတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်၍ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး အသိ ပညာပေးဆောင်ရွက်ခဲ့သည်။

စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲများတွင် စားသုံးသူပြည်သူများ မိမိတို့၏အခွင့်အရေးကိုအပြည့်အဝနားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ မိမိတို့နေ့စဉ်ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများအပေါ် ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝရရှိရေးများကိုလည်းကောင်း၊ ကုန်ပစ္စည်း(သို့)ဝန်ဆောင်မှုများ ဝယ်ယူရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက် ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး နောက် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားနိုင်သည့် ကုန်စည်(သို့)ဝန်ဆောင်မှုများဖော်ပြထားသည့် ဗီနိုင်းများကို ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

# လှိုင်သာယာမြို့နယ်ရှိ ရွှေရင်အေးဈေးနှင့် အမှတ် (၁) ဈေးများတွင် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေးနှင့် တာဝန်ရှိသူဝန်ထမ်းများသည် ဇွန် ၁၁ ရက်တွင် လှိုင်သာယာမြို့နယ်၊ ရွှေရင်အေးဈေးနှင့် အမှတ်(၁) ဈေးသို့သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေး အတွက် အသိပညာပေးဟောပြောပွဲနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေးက ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားလာသည့် ကုန်စည်/ ဝန်ဆောင်မှုနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဈေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေးအတွက် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဟောပြောပွဲသို့ ရွှေရင်အေးဈေးရှိ ဈေးတာဝန်ခံပါ ဝန်ထမ်းနှင့် ဈေးသူ/ဈေးသား စုစုပေါင်း ၃၉ ဦး တက်ရောက်ခဲ့ပြီး ဟောပြောပွဲ တက်ရောက်သူများနှင့် ကွင်းဆင်းပညာပေးသည့်ဈေးသူ/ဈေးသားများသို့ 'စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ယင်းနေ့မွန်းလွဲပိုင်းတွင်လည်း လှိုင်သာယာမြို့နယ်၊ အမှတ်(၁)ဈေး၊ ဈေးရုံအတွင်း အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဦးဝင်းဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခိုင်ရွှေနှင့် ဒုတိယဦးစီးမှူး ဒေါ်နီလာဦးကလည်း အသီးသီး ဟောပြော ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ ဈေးဝန်ထမ်းများနှင့်အတူ ဈေးသူ/ဈေးသား ၃၆ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နီလာဦး (ရန်ကုန်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

**၁၇-၆-၂၀၁၉ မှ ၂၃-၆-၂၀၁၉ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းများတိုးပွားလာတတ်သည်။ အခြေခိုင်သောစီးပွားရေးလုပ်ငန်းအောင်မြင်မည်။ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းပိုမိုအကျိုးဖြစ်ထွန်းမည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုအားကောင်း၍ ပညာတတ်ဖြစ်မည်။ အချစ်ရေးတွင်ညှိနှိုင်းတိုင်ပင်ဆွေးနွေးနေရတတ်သည်။ အိမ်ထောင်ရေးသာယာမှုရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အပူနာဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ **လာဘ်ရွှင်ဂဏန်း။ ။၁၊ ၂၊ ယတြာ။ အုန်းသားပုတီးစိပ်ပါ။**



**တနင်္လာသားသမီးများအတွက်** အတတ်ပညာရှင်များ၊ လုပ်ငန်းစီးပွားရေးပညာရှင်များ အောင်မြင်တိုးတက်မှုရှိမည်။ ရုပ်ရှင်လုပ်ငန်း၊ ဂီတအနုပညာလုပ်ငန်းများအကျိုးဖြစ်ထွန်းမှုရှိမည်။ ပညာရေးအရည်အချင်းကောင်းတို့နှင့်ပြည့်စုံတတ်ပါသည်။ အချစ်ရေးတွင်သောကအနည်းငယ်ရှိတတ်သည်။ အိမ်ထောင်ရေးအပေးအယူမျှတနေမည်။ ကျန်းမာရေးဖြင့် ပြည့်စုံမှုရှိမည်။
**လာဘ်ရွှင်ဂဏန်း။ ။ ၃၊ ၅၊ ယတြာ။ ကံ့ကော်သားပုတီးစိပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** တစ်ခုခုလုပ်ကိုင်ဆောင်ရွက်နေရမှုကျေနပ်တတ်လိမ့်မည်။ အသိုင်းအဝိုင်းကြားတွင် ငြိမ်းချမ်းမှုများရှိနေမည်။ မော်တော်ကား၊ မြေ၊ တိုက်ခန်းများနှင့်စီးပွားရေးလုပ်ကိုင်ပါက အကျိုးရှိနေမည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင်ယှဉ်ပြိုင်မှုရှိနေမည်။ အိမ်ထောင်ရေးသာယာပျော်ရွှင်မည်။ ကျန်းမာရေးအနေဖြင့် ဝမ်း၊ ရင်ဥပဒ်ရှိတတ်သည်။ သတိရှိပါ။
**လာဘ်ရွှင်ဂဏန်း။ ။၄၊ ၅၊ ယတြာ။ ဆီးသားပုတီးစိပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ပလတ်စတစ်နှင့်ပြုလုပ်သောပစ္စည်းအမျိုးမျိုး စီးပွားကောင်းလိမ့်မည်။ ပလတ်စတစ်စက်ရုံစသည်တို့ကို လုပ်ကိုင်ပါက အကျိုးကျေးဇူးရှိနေမည်ဖြစ်သည်။ ဝင်ငွေ၊ ထွက်ငွေအားကောင်းလိမ့်မည်။ ပညာရေးအကျိုးပေးကောင်းနေမည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှုအားနည်းလိမ့်မည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် အရေပြားနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။
**လာဘ်ရွှင်ဂဏန်း။ ။ ၄၊ ၆၊ ယတြာ ပယင်းပုတီးစိပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ရတနာပစ္စည်းဆိုင်၊ အကျိုးပေးမှုအားကောင်းလိမ့်မည်။ ဆေးကုသရေးတွင်လည်း ဝင်ငွေအားကောင်းနေမည်။ စီးပွားရေးတိုးတက်မှုရှိနေမည့်ကာလဖြစ်နေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် စိတ်တူသဘောတူရှိနေမည်။ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရှိမည်။ ကျန်းမာရေးအနေဖြင့် ဆီး၊ ဆီးချို၊ သွေးချိုရောဂါသတိရှိပါ။
**လာဘ်ရွှင်ဂဏန်း။ ။ ၅၊ ၇၊ ယတြာအဆောင် ကျောက်စိမ်းပုတီးစိပ်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းစီးပွားရေးအပြောင်းအလဲများဖြစ်နေတတ်သည်။ ယာဉ်၊ စက်နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်း အခက်အခဲကြုံတတ်သည်။ ဝင်ငွေထက်ထွက်ငွေများနေမည်။ ပညာရေးကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင် ချစ်သူ၏စွန့်ပစ်ခြင်း ခံရတတ်သည်။ အိမ်ထောင်ရေးပဋိပက္ခရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆီပိတ်သောဝေဒနာခံစားရတတ်သည်ကိုသတိရှိပါ။
**လာဘ်ရွှင်ဂဏန်း။ ၃၊၆ ယတြာအဆောင် ပိတောက်သားပုတီးစိပ်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကိုပြည်ပနှင့်ဆက်သွယ်ပြီး လုပ်ကိုင်ပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ပါသည်။ ပြည်ပဆက်သွယ်ရေး အားကောင်း သောကာလဖြစ်သည်။ ပညာရေးဉာဏ်ရည် ဖွံ့ဖြိုးမှုအားနည်းနေသောကြောင့် ဝီရိယခွန်အား ကြိုးစားပါက အောင်မြင်မှုရရှိမည်။အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေသည်။ကျန်းမာရေးအတွက် အကြော၊ လေရောဂါကို ဂရုစိုက်ပါ။
**လာဘ်ရွှင်ဂဏန်း။ ။ ၁၊ ၅၊ ယတြာ အဆောင် ထိမ်သားပုတီးစိပ်ပါ။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ စိန့်ဂျွန်းသိုလှောင်ရုံဝင်းမှ အောက်ဖော်ပြပါ ဝန်ထမ်း အိမ်ရာ အဆောက်အအုံ သုံးလုံးအား မြေမပါ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-
Lot-1 (၂)ထပ်(၆၃ဒ×၃၅ဒ×၁၈ဒ) (သွပ်၊ အုတ်၊ အင်္ဂတေ)၊ (၂)ထပ်(၆၅ဒ×၃၄ဒ×၂၀ဒ) (သွပ်၊ အုတ်၊ အင်္ဂတေ)၊ (၂)ထပ်(၇၅ဒ×၃၄ဒ×၁၈ဒ) (သွပ်၊ အုတ်၊ အင်္ဂတေ)

၂။ အဆိုပါ အဆောက်အအုံများအား ၂၄. ၆. ၂၀၁၉ ရက်နောက်ဆုံးထား၍ အဆိုပြုလွှာက်လွှာ တင်ပြရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲ တင်ပြရပါမည်။ Tender ယှဉ်ပြိုင်ရမည့် နေ့ရက်နှင့် အချိန်အား ထပ်မံ အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ တင်သွင်းနိုင်ပြီး ၎င်း ရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီး**
**စားသုံးသူရေးရာဦးစီးဌာန**

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ အသားတိုးကြက်မွေးမြူကြပါစို့

**ခင်မြတ်မူ (စစ်ကိုင်း)**

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးအခြေခံသည့်နိုင်ငံဖြစ်သည့်အလျောက် စစ်ကိုင်းခရိုင်၊စစ်ကိုင်းမြို့၊ နီလာရပ်ကွက်စက်မှုဇုန်ရှိ KT လုပ်ငန်းစု၊ ခေတ်သစ်ထွန်း ကုမ္ပဏီ ဦးတင်ထွန်းဦး(ရွှေဘိုသား)က မျိုးကြက် မွေးမြူရေး အသားတိုးကြက်သား ဖောက်လုပ်ငန်း၏ ရည်ရွယ်ချက်မှာ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်စေရန်၊ တစ်နိုင်ငံလုံး အသားထုတ်လုပ်မှုတိုးတက်စေရန်၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်မွေးမြူသူများဝင်ငွေ တိုးတက်လာစေခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုအထောက်အကူပြုစေရန်၊ လူတစ်ဦးချင်း အသားစားသုံးမှုနှုန်း တိုးတက်လာစေရန် နှင့်ကြက်မွေးမြူသူများ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မွေးမြူခြင်းဖြစ်သည်။

KT လုပ်ငန်းစုအား ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်မှစတင်၍ တည်ထောင်ခဲ့ကြောင်း၊ မြေအကျယ်အဝန်း ၁၄ ဧကအတွင်း တည်ဆောက်ထားကြောင်း၊ ကြက်သားဖောက် စက်ရုံတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ 325 KVA ထရမ်စဖော်မာနှစ်လုံး အထိုင်ထားရှိသည်။ လျှပ်စစ်ဓာတ်အား ပြတ်လပ်မှုရှိပါက မီးစက်အင်ဂျင် 400 KW တစ်လုံး၊ 300 KW တစ်လုံး၊ 200 KW တစ်လုံး၊ 100 KW တစ်လုံး စုစုပေါင်း အင်ဂျင်လေးလုံး မောင်းနှင်အသုံးပြု၍ကြက်သားဖောက်စက် ၁၂ စက်အား မောင်းနှင်လည်ပတ်လျက်ရှိသည်။ ကြက်သား ဖောက်စက်များမှာ တရုတ်နိုင်ငံ ET ကုမ္ပဏီမှ ထုတ်လုပ်သော ဖောက်စက်များဖြစ်ပြီး မျိုးကြက် O19200 လုံး ထည့်သွင်း၍ဖောက်နိုင်သည်။ မျိုးကြက်ဥ များအား ဖောက်စက်အတွင်း ထည့်သွင်းပြီး ပျမ်းမျှ အပူချိန် 37°C, 38°C အပူပေး၍ ၂၁ ရက်ကြာသောအခါ ကြက်သားပေါက်များ ထုတ်လုပ်ရရှိသည်။ ပေါက်ဖွားမှု ရာခိုင်နှုန်းမှာ ၈၅ ရာခိုင်နှုန်းမှ ၉၁ ရာခိုင်နှုန်းထိရှိကြောင်း၊ စက်စွမ်းအားမှာ 5.5Hp ရှိကြောင်း၊ ကြက်သားပေါက် မွေးမြူသောမျိုးများမှာ IR (INDIA RIVER) မျိုးကြက်(၀)ရက်သားအကောင်များအား ဩစတြေးလျနိုင်ငံမှ လေယာဉ်ဖြင့် သယ်ယူပြီး လေယာဉ်မှတစ်ဆင့် Air-conditioner Bus ဖြင့် တစ်ခါသယ်လျှင် အကောင်ရေ ၇၀၀၀၀ ဝယ်ရပါကြောင်း၊ ကြက်ခြံအရောက် ဝယ်ယူရကြောင်း၊ ဩစတြေးလျမှ ကြက်ခြံအရောက် တစ်ကောင်လျှင် ၅ ဒေါ်လာ ၆ ဒေါ်လာရှိကြောင်း မျိုးကြက်သက်တမ်းမှာ ၁၃ လဖြစ်ကြောင်း ဥသက်ကိုးလ ဥကြောင်း သိရှိရသည်။

သားဖောက်ပုံအဆင့်ဆင့်အနေဖြင့် ဩစတြေးလျမှ(၀) ရက်သားကြက်များဝယ်ပြီး ခြောက်လ / ၂၄ ပတ်ထိ ဥမဥပါ။ အရွယ်ရောက်ကြက်မဖြစ်အောင် ပြုစုရကြောင်း၊ ၂၇ ပတ်တွင် မျိုးဥထုတ်ပြီး မျိုးဥများအား ၁၈ ရက်ကြာဝပ်ပေးပြီး ၂၁ ရက်ကြာလျှင် အကောင်ပေါက်ကြောင်း၊ တစ်လလျှင် ကြက်သားပေါက် ထုတ်လုပ်မှုမှာ အကောင် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ ထိရှိကြောင်း၊ ဥမှအကောင်ပေါက်ပေါက်ပြီး သုံးရက်အထိ အစာမကျွေးလျှင်ရကြောင်း၊ ကြက်သားအကောင်ပေါက်များအား ကြက်သားပေါက် စက်ရုံအတွင်းသို့ပြင်ပမှ ဝယ်ယူ/ သယ်ယူကားများဖြင့် ဝယ်ရောက်သယ်ယူခြင်း ခွင့်မပြုထားပါ။ ၎င်းကြက်ခြံအတွင်း ရောဂါများကူးစက်မည်စိုးရိမ်သောကြောင့် ၁၂ နာရီအတွင်း ကြက်ကောင်ပေါက်များအား ဂျပ်ဖာ တစ်ဖာလျှင် ၆၈ ကောင် ထည့်၍ ၎င်းခြံနှင့်နီးစပ်သော ခေတ်တောက်ထွန်းကုမ္ပဏီသို့ပို့ဆောင်ပြီး အသားတိုးကြက်မွေးမြူသောသူများ အား တစ်ကောင်လျှင် ကျပ်၄၈၀ မှ ၆၀၀ အတွင်း ရောင်းချသည်။ မျိုးကြက်ခြံအား စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာတွင်ထားရှိပြီး ဥများအား စစ်ကိုင်းမြို့၊ နီလာရပ်ကွက်သို့ ယူဆောင်ပြီး ကြက်သားပေါက် စက်ဖြင့် ဖောက်ခြင်းဖြစ်ပါသည်။ ဥမဥတော့သည့် ၁၃ လ ကြက်ကောင်များအား သက်တမ်းလွန်ကြက် တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချကြသည်။

အသားတိုးကြက်လုပ်ငန်းကိုလည်း စစ်ကိုင်းမြို့၊ နီလာရပ်ကွက်စက်မှုဇုန် KT အသားတိုးကြက်သားဖောက်စက်ရုံမှ သယ်ယူ၍ KT နတ်ခရိုင်အသားတိုးကြက်ခြံတွင် မွေးမြူကြပါသည်။ **စာမျက်နှာ (၂၇)သို့**

# ၂၀၂၀ နှင့် နောက်ပိုင်း ကျွန်တော်တို့လိုချင်သော မနက်ဖြန်များ

၂၀၂၀ နှင့် နောက်ပိုင်း ကျွန်တော်တို့ လိုချင်သော မနက်ဖြန်များကို ပုံဖော်တွေးကြည့်တဲ့အခါမှာ လက်ရှိ ကျွန်တော်တို့ရဲ့ အနေအထား ဘယ်နေရာမှာရှိနေလဲ၊ ကျွန်တော်တို့ရောက်ချင်တဲ့ အနေအထား ဘယ်လိုသွားကြမလဲဆိုတဲ့ အချက်တွေ စဉ်းစားရမှာ ဖြစ်ပါတယ်။ ၂၀၁၉ World Bank ပြောကြားထုတ်ပြန်ချက်အရကတော့ မြန်မာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ Gross National Income (GNI) per capita သည် အမေရိကန်ဒေါ်လာ ၁၁၉၀ ရှိသောကြောင့် တစ်ဦးချင်းဝင်ငွေအနေဖြင့် ကြည့်လျှင် Lower-middle-income group ထဲတွင်ပါဝင်ပါတယ်။ နိုင်ငံပေါင်း ၅၀ ပါဝင်သော Lower-middle-income group ထဲက နိုင်ငံများရဲ့ တစ်ဦးချင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁၀၀ မှ ၃၉၀၀ ကြားမှာရှိကြပါသည်။

နောင်လာမည့် ငါးနှစ်အတွင်းမှာဆိုရင်တော့ Lower-middle-income group ထဲရောက်နေသင့်ပါပြီ။ ရောက်အောင် ကြိုးစားရပါမည်။ ထို group ထဲတွင်ရှိသော နိုင်ငံပေါင်း ၅၃ နိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေ GNI per capita ကတော့ အမေရိကန်ဒေါ်လာ ၃၉၄၀ မှ ၁၁၁၂၀ ကြားမှာရှိပါတယ်။ ထို့အတူ နောင်လာမည့် ၁၀ နှစ်ဆိုရင်တော့ OECD နိုင်ငံအများစုပါဝင်သော High-income group ထဲသို့ ရောက်အောင် ထပ်မံ၍ ပိုမိုကြိုးစားရပါဦးမည်။ ထို group ထဲမှာတော့ နိုင်ငံပေါင်း ၅၅ နိုင်ငံရှိပြီး တစ်ဦးချင်းဝင်ငွေ GNI per capita သည် အမေရိကန်ဒေါ်လာ ၁၂၅၇၀ မှ ၈၁၁၃၀ ကြားတွင်ရှိကြပါတယ်။

နောင်လာမည့် ၁၅ နှစ်မှာဆိုရင်တော့ တစ်ဦးချင်းဝင်ငွေ အများဆုံးဖြစ်သော Top Ten နိုင်ငံများအတွင်းသို့ ရောက်ရှိရပါမည်။ ထိုသို့ရောက်ရှိအောင်လည်း အစွမ်းကုန်ကြိုးစားရပါလိမ့်မည်။ ဤသည်တို့မှာ ၂၀၂၀ နောက်ပိုင်း ကျွန်တော်တို့ လိုချင်သော မနက်ဖြန်များ ဖြစ်ပါတယ်။




၂၀၂၀ မှ ၂၀၂၅ အတွင်းမှာတော့ ယခုလက်ရှိရောက်ရှိနေသည့် Lower-middle-income group မှ Upper-middle-income group သို့ ရောက်အောင်သွားရာတွင် အခြေခံဦးစားပေး လိုအပ်ချက်များဖြစ်သည့်

- ကျန်းမာပျော်ရွှင်သောဘဝ (Happy & Healthy Lives)
- အရည်အသွေးပြည့်ဝသောပညာရေး (Quality Education)
- လျှပ်စစ်နှင့် အခြားစွမ်းအင်များ (Electricity and other Energy)
- စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း (Economic Growth) နှင့်
- အခြေခံအဆောက်အအုံ နဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်း (Infrastructure and Industrialization)၊ တို့ကို အဓိကထားပြီး တိုးတက်အောင်လုပ် ဆောင်ရမှာဖြစ်ပါတယ်။ ဤငါးချက်သည် UNDP ၏ Sustainable Development ရဲ့ ၁၇ ချက်တွင်လည်း ပါဝင်ပါတယ်။




အခြေခံအဆောက်အအုံဖြစ်တဲ့ Infrastructure ရဲ့ စွမ်းဆောင်ရည် Efficiency ကို တိုးတက်အောင် လုပ်ဆောင်ရပါမယ်။ ထို Infrastructure ကို အဓိက နှစ်ပိုင်းခွဲ၍ ကြည့်လျှင် မြင်သာထင်ရှားသောအပိုင်း (Hard Infrastructure)နဲ့ မမြင်သာ ပျော့ပျောင်းသောအပိုင်း (Hard Infrastructure) ဟု မြင်တွေ့နိုင်ပါတယ်။ Infrastructure သည် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါတယ်။ ရှိသင့်သော အတိုင်းအတာနဲ့ သင့်တော်သော Infrastructure မရှိရင် ကုန်ပစ္စည်းများသည် သတ်မှတ်ထားသောနေရာသို့ အချိန်မီပို့ဆောင်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်လျှင် စီးပွားရေး ဆုံးရှုံးနစ်နာမှုများကို ကြုံတွေ့ရပါလိမ့်မည်။

ကောင်းမွန်ပြည့်စုံစွာ တည်ဆောက်ထားသော အခြေခံအဆောက်အအုံတို့သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ချမ်းသာကြွယ်ဝမှုတို့ကို များစွာအထောက်အကူပြုစေပါတယ်။ စွမ်းဆောင်ရည်မပြည့်မီသော အခြေခံအဆောက်အအုံတို့သည် နိုင်ငံရဲ့ ချမ်းသာကြွယ်ဝမှုကို နှောင့်နှေးထိခိုက်စေပါတယ်။

နမူနာအားဖြင့် ကုန်ပစ္စည်းများ သယ်ယူရာတွင် တစ်ရက်မျှ နောက်ကျသွားခြင်းသည် ထိုနိုင်ငံ၏စီးပွားရေး လုပ်ဆောင်မှု ပမာဏ၏တစ်ရာခိုင်နှုန်း ကျော်ကျဆင်းစေပြီး ထိုနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ သုညဒသမ ၅ရာခိုင်နှုန်းကျော်ကို ကျဆင်းစေပါတယ်။




အများပြည်သူအတွက် ဆောင်ရွက်ပေးသော Service တိုင်းတွင် Economy, Effciency and Effectiveness 3(E) ဖြစ်နေသင့်ပါတယ်။

အောက်ဖော်ပြပါပုံသည် မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ်ရမှတ်နှင့် Regional Average ကို နှိုင်းယှဉ်ပြသော ပုံဖြစ်သည်။




၂၀၂၀ နှင့် နောက်ပိုင်း ကျွန်တော်တို့လိုချင်သော မနက်ဖြန်များကို အကောင်ထည်ဖော်ရာတွင် Ethical,Effective and Empowering Leaders များလိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ဇေယျာသူရမွန်**

# အမေရိကန်သို့ ဗီယက်နမ်သရက်သီးများ ပုံမှန်တင်ပို့လျက်ရှိ

အမေရိကန်ပြည်ထောင်စုသို့ ဗီယက်နမ်နိုင်ငံ၏ သရက်သီးများ ပုံမှန်တင်ပို့လျက်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ မြို့ကြီးနှင့် ပြည်နယ်ငါးခုတို့မှ အမေရိကန်ပြည်ထောင်စုသို့သရက်သီးများ တန်ချိန် ၁၃၀ ခန့်တင်ပို့ခဲ့ရာ ၎င်းတို့အနက်မှ တန်ချိန် ၈၀ ကို ဟိုချီမင်းမြို့အခြေစိုက် Vina T & T Import Export Trading Service Co., Ltd က တင်ပို့ခဲ့ကြောင်း The Labourer သတင်းစာက အစီရင်ခံတင်ပြထားသည်။

သရက်သီးများကို လေကြောင်းဖြင့်တင်ပို့ခဲ့မှုမှအပ Vina T & T Import Export Trading Service Co., Ltd က ဒုတိယအသုတ်အနေဖြင့် ပင်လယ်ရေကြောင်းမှတင်ပို့ခဲ့သည်။ ပထမအသုတ်တင်ပို့ခဲ့သော သရက်သီးများသည် ပင်လယ်ရေကြောင်းမှ ၂၃ ရက်ကြာပြီးနောက် အမေရိကန် ပြည်ထောင်စုရှိ စူပါမားကက်ဆိုင်များတွင် ကောင်းမွန်သော အခြေအနေများရှိနေကြောင်း အဆိုပါကုမ္ပဏီ၏တာဝန်ရှိသူက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသို့ သရက်သီးတင်ပို့ခဲ့သော ပထမဆုံးကုမ္ပဏီမှာ Ben Tre Province မှ Chanh Thu Fruit Import & Export Co., Ltd ဖြစ်ပြီး လောလောဆယ် အဆိုပါကုမ္ပဏီက သရက်သီးတန်ချိန် ၅၀ ခန့်အားတင်ပို့ထားကြောင်း၊ ၎င်းအပြင် အဆိုပါကုမ္ပဏီက ဈေးပေါသော မက္ကဆီကိုနိုင်ငံသရက်သီးများနှင့် ယှဉ်ပြိုင်နေရခြင်းနှင့် လက်တွေ့လုပ်ကိုင်မှုတွင် ကြုံတွေ့နေရသော အကြောင်းကိစ္စရပ်များကြောင့် တင်ပို့သည့်ပမာဏများမှာ ယာယီအားဖြင့် ကျဆင်းခဲ့ကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမှ သစ်သီးဝလံများ၏ ဂုဏ်သတင်းကို ထိန်းသိမ်းဖို့အတွက် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန် ကုမ္ပဏီများကို အပင်ကာကွယ်ရေးဌာနခွဲက အားပေးခဲ့ကြောင်းနှင့် ယခုအခါ ကျွဲကောသီးနှင့် လတ်ဆတ်သော ထောပတ်သီးများကို အမေရိကန်ပြည်ထောင်စုသို့တင်ပို့ရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေသည်။

**Source;vietnamnews.vn**

**ချိုချိုမာ (ရန်ကုန်)**

# မြန်မာနိုင်ငံတစ်ဝန်း ဒစ်ဂျစ်တယ် ဗဟုသုတတိုးပွားရေး Internet 1O1 အစီအစဉ်စတင်

မိုဘိုင်းအင်တာနက်အသုံးပြုမှု တိုးတက် များပြားလာခြင်းကြောင့် ပြည်သူများအနေဖြင့် ဒီဂျစ်တယ်ဗဟုသုတတိုးပွားရန်အတွက် “Internet 1O1’ (Internet One on One) အစီအစဉ်ကို အူရီဒူးမြန်မာ၊ Facebook နှင့် GSMA တို့ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၁၁ ရက်တွင် သတင်းရရှိသည်။

ယခုအစီအစဉ်သည် ကျေးလက်ဒေသကို အဓိကထား၍ မြန်မာနိုင်ငံအနှံ့အပြားရှိ အူရီဒူး၏လက်လီဆိုင်များနှင့် အူရီဒူးအမှတ်တံဆိပ် အရောင်းဆိုင်ကြီးများတွင် အင်တာနက်စတင်အသုံးပြုသူများကို တစ်ဦးချင်း အသိပညာပေးရန် ရည်ရွယ်ကြောင်း သိရသည်။

“အင်တာနက်အသုံးပြုခြင်းအတွက် အကြီးမားဆုံး အဟန့်အတားတစ်ခုမှာ ဒီဂျစ်တယ်ဗဟုသုတနည်းပါးနေခြင်းဖြစ်သည်။ ယခုလုပ်ဆောင်ချက်သည် မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူများကို အင်တာနက်ဖြင့်လုပ်ဆောင်နိုင်သော နည်းလမ်းမျိုးစုံ၊ အကျိုးကျေးဇူးများနှင့် တာဝန်ယူလိုစိတ်ရှိခြင်းတို့ကို လမ်းညွှန်ပြသပေးရန်ရည်ရွယ်ပါတယ်။ နိုင်ငံတစ်ဝန်းတွင်ပြုလုပ်မည့် ဒီဂျစ်တယ်ဗဟုသုတတိုးပွားရေး လှုပ်ရှားမှုအစီအစဉ်များသည် မြန်မာနိုင်ငံရှိ အင်တာနက် အသုံးပြုသူများအား အင်တာနက်ကို စနစ်တကျဖြင့် အကျိုးရှိစွာအသုံးပြုနိုင်သူများ ဖြစ်လာစေရန် အပြည့်အဝလုပ်ဆောင်ပေးနိုင်မည်ဟု အူရီဒူးမြန်မာ၊ Facebook နှင့်GSMA တို့ ယုံကြည်ထားပါသည်”ဟု အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Rajeev Sethi က ပြောသည်။

မြန်မာနိုင်ငံရှိ လူဦးရေ သန်း၅၀ ကျော်အနက် မိုဘိုင်းအင်တာနက်အသုံးပြုသူမှာ ၂၁ သန်းနီးပါးရှိကြောင်း GSMA ၏အချက်အလက်များအရ သိရသည်။

**သန်းထိုက်အောင်**

## အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာစေရန် Psychology of Persuasion B2B စကားဝိုင်းပြုလုပ်မည်

အောင်မြင်သောစီးပွားရေးလုပ်ငန်း ရှင်များဖြစ်လာစေရန်နှင့် ဒီဂျစ်တယ်စီးပွားရေးလောကအတွင်း ရှင်သန်ရပ်တည်နိုင်စေရန် Psychology of Persuasion B2B စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Hotel Yangon (ရှစ်မိုင်)၌ ပြုလုပ်မည်ဖြစ်ပြီး ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိဖြစ်ကြောင်း သိရသည်။

စကားဝိုင်းတွင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ကြိုးမှူး ဟောပြောမည်ဖြစ်ပြီးကို Alex Khine (Digital Marketer)၊ မခင်နှင်းကြည်သာ (Author)၊ မခင်မြတ်မြတ်နိုင် (Food & Travel Blogger,Go with Me) နှင့် မမေဇွန်ဝင်း (Travel Blogger, I love Travelling)တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ချင်သော်လည်း ယုံကြည်ချက်ပျောက်ဆုံးနေသူများ၊ အောင်မြင်သော အရောင်းသမားဖြစ်လိုသူများ၊ တိုးတက်လာသော ခေတ်နှင့်အညီ Digital Media ပေါ်၌ မိမိကုန်စည်အမှတ်တံဆိပ်ကို ထိုးဖောက်လိုသူများ တက်ရောက်သင့်ကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉- ၇၈၅၆၀၆၀၆၀ နှင့် ၀၉- ၉၆၈၅၅၇၅၆၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

Psychology of Persuasion ဆိုသည်မှာ မိမိပြောဆိုလိုသည့်အကြောင်းအရာကို နားထောင်သူများ စိတ်ပါဝင်စားကာ နားလည်လွယ်အောင် ပြုလုပ်သော နည်းလမ်းဖြစ်သည်။

**သန်းထိုက်အောင်**



## Daewoo City Bus နှင့် Mini Bus များ စတင်ထုတ်လုပ်နေပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချမည်

Daewoo City Bus BS 106 နှင့် Daewoo Lestar Mini Bus အမျိုးအစားနှစ်မျိုးကို ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်သော Semi Knock Down စနစ်ဖြင့် စမ်းသပ်ထုတ်လုပ်ခြင်း သတင်းစာ ရှင်းလင်းပွဲကို ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်ရှိ Daewoo Bus Myanmar Co.,Ltd ၏မော်တော်ကားစက်ရုံတွင် ပြုလုပ်ခဲ့သည်။

"အခု ဒေဝူးဘတ်စ်ကားမော်လ်ဒယ်နှစ်မျိုးကို ကိုရီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံကပဲ ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက ဒီဘတ်စ်ကားအမျိုးအစားနှစ်မျိုးကို ဝယ်ချင်တယ်ဆိုရင် ကျွန်တော်တို့ထုတ်လုပ်ထားတဲ့ ဘတ်စ်ကားတွေကိုရောင်းချလို့ရပါတယ်။ ဒါကြောင့်မို့ ဒီစက်ရုံက ပြည်တွင်းအတွက် ရည်ရွယ်ထားသလို ပြည်ပကိုလည်း တင်ပို့သွားနိုင်ဖို့ ရည်ရွယ်ထားပါတယ်"ဟု Daewoo Bus Myanmar Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်က ပြောသည်။

ယခုတပ်ဆင်ထုတ်လုပ်နေသော Daewoo City Bus BS 106 အမျိုးအစားမှာ တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၈၅၀၀၀ ဝန်းကျင်နှင့် Daewoo Lestar Mini Bus မှာ တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၄၅၀၀၀ ဝန်းကျင်ကျသင့်မည်ဖြစ်ကြောင်း၊ ဝယ်လိုအားပေါ် မူတည်၍ တစ်နှစ်လျှင် ကားအစီး ၅၀၀ ခန့်ကို ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ဒေါက်တာကျော်ကျော်အောင်က ဆက်လက်ပြောကြားသည်။

Daewoo Bus Myanmar ၏ Service Centre များကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် တည်ဆောက်ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Daewoo Bus Myanmar Co., Ltd ကို ကိုရီးယားနိုင်ငံအခြေစိုက် Zyle Daewoo Commercial vehicle Company နှင့် ပြည်တွင်းမှ Myanmar Trade Center Co.,Ltd. တို့ ပူးပေါင်းတည်ထောင်ထားခြင်းဖြစ်သည်။

Daewoo Bus Myanmar Co., Ltd သည် ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ထောက်ကြန့်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနပိုင် ၁၄ ဧကကျယ်ဝန်းသော မြေကို ငှားရမ်းကာ စက်ရုံတည်ဆောက် လုပ်ကိုင်ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

## အိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှားခြင်းများကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်မည့် Find Property အက်ပလီကေးရှင်း မိတ်ဆက်

အိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှားခြင်းများကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်မည့် Find Property အက်ပလီကေးရှင်း စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ Central Hotel ၌ ကျင်းပခဲ့သည်။

Find Property အနေဖြင့် ပြည်တွင်း၌ တွေ့ကြုံနေသည့် အိမ်ခြံမြေဈေးကွက်တွင်း လိုအပ်နေသည့် ဝန်ဆောင်မှုကိုပေးနိုင်ရန်အတွက် အက်ပလီကေးရှင်း ဝန်ဆောင်မှုကို မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုကကတော့ ပြည်တွင်းမှာက ရောင်းသူဝယ်သူ တိုက်ရိုက်ထိတွေ့တဲ့ အနေအထားမျိုးရှိတယ်။ အဲဒါကြောင့် ရောင်းသူဝယ်သူအတွက် ပလက်ဖောင်းတစ်ခုဖြစ်အောင်ရည်ရွယ်ပြီး အရောင်းအဝယ် သွက်အောင် ကျွန်တော်တို့ အက်ပလီကေးရှင်းက အထောက်အပံ့ပေးနိုင်မယ်လို့ ထင်ပါတယ်"ဟု Find Property မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထက်လူက ပြောသည်။

"ကျွန်တော်တို့ အက်ပလီကေးရှင်းကို နိုင်ငံတကာက ဝင်ကြည့်တဲ့နှုန်းကလည်း များပါတယ်။ အဲဒါကြောင့် ပြည်တွင်းအိမ်ခြံမြေကို ပြည်ပနိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေပါ သိရှိဖို့ ဘာသာစကားတွေ ထပ်တိုးသွားမှာပါ။ ကျွန်တော်တို့ အက်ပ်ကို အိမ်ခြံမြေရောင်းဝယ်ငှားအားလုံးအတွက် အသုံးပြုနိုင်ပါတယ်။ အငှားအတွက် အနိမ့်ဆုံး တစ်သိန်းလောက်ကစပြီး ရှာလို့ရအောင် ထည့်ပေးထားပါတယ်။ ပြည်တွင်းကလူတွေသာမက ဖော်ရိန်နာတွေပါ အလွယ်တကူရှာဖွေ အသုံးပြုနိုင်အောင် လုပ်ဆောင်ပေးထားပါတယ်"ဟုရင်းက ပြောဆိုသည်။

လက်ရှိတွင် အဆိုပါ အက်ပလီကေးရှင်းကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုနိုင်စေရန် လုပ်ဆောင်ထားပြီး နောက်ပိုင်းတွင် အခြားသော ဘာသာစကားများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စပိန်နှင့် တရုတ်ဘာသာစကားတို့ကိုပါ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

## လူစိတ်ဝင်စားမှု နည်းပါးသော်လည်း ထီလက်မှတ်ထုတ်လုပ်မှုကို လျှော့ချသွားမည်မဟုတ်

လက်ရှိ ထုတ်လုပ်ရောင်းချနေသည့် ကျပ်တစ်ထောင်တန် ထီလက်မှတ်အပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှုနည်းပါးနေသော်လည်း ပြင်ပပေါက်ဈေး မြင့်မားမှုမရှိစေရန် ထီလက်မှတ်ထုတ်လုပ်မှုကို လျှော့ချသွားမည်မဟုတ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရ သည်။

လက်ရှိတွင် ကျပ်တစ်ထောင်တန်ထီ ရောင်းချမှုနှင့်ပတ်သက်၍ တစ်ဆင့် ပြန်လည်ရောင်းချသူများထံတွင် ထီလက်မှတ်ကျန်ရှိမှုများ ဖြစ်ပေါ်နေပြီး အများစုမှာ ၁၀ စောင်ဝယ်လျှင် ၁ စောင် အပိုပေးခြင်း၊ ၁၀ စောင်အထက်ဝယ်ယူမှုများအတွက် လက်မှတ် အပိုလက်ဆောင်ပေးခြင်းတို့ ပြုလုပ်နေကြောင်း သိရသည်။

"ထီလက်မှတ်တွေ ကျန်တာများလို့ ထုတ်လုပ်မှုလျှော့ချလိုက်ရင် အရင် ၅၀၀ တန်ထီလိုမျိုး ပြင်ပပေါက်ဈေးတွေ မြင့်လာမှာ စိုးရတယ်။ ဒါပေမဲ့ ဒီမိုးတွင်းမှာတော့ ပုံမှန်အကွာရာလျှော့တာမျိုးတော့ လုပ်သွားမယ်"ဟု ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ကျပ်တစ်ထောင်တန် ထီလက်မှတ်များကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ထီဆုကြီးလေးဆုကို ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုဇွန်လတွင် ထွက်ရှိမည့် ကျပ်တစ်ထောင်တန် အောင်ဘာလေထီတွင် ကျပ် သိန်းတစ်သောင်းဆုတစ်ဆုကို ထပ်တိုးချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ကျပ်ငါးရာတန်ထီ ရောင်းချခြင်းကိုမူ ပြီးခဲ့သည့် မတ်လမှ စတင်၍ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

## PTT Oil နှင့် ကမ္ဘောဇအုပ်စုဝင် ကုမ္ပဏီများ ပူးပေါင်း၍ စက်သုံးဆီဆိုင်ပေါင်း ၇၀ ဖွင့်လှစ်သွားမည်

ထိုင်းနိုင်ငံအခြေစိုက် PTT Oil and Business Public Company Limited နှင့် ကမ္ဘောဇ အုပ်စုဝင်ကုမ္ပဏီတို့ ပူးပေါင်း၍ ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဆိုင်ပေါင်း ၇၀ ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဇွန် ၉ ရက်တွင် ကျင်းပသည့် The Oil Terminal & Retail Business Development ပွဲမှ သိရသည်။

အဆိုပါ စက်သုံးဆီ အရောင်းဆိုင်များကို လာမည့် ၂၀၂၃ ခုနှစ်မတိုင်မီ နိုင်ငံအနှံ့အပြားတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၆ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ စက်သုံးဆီဆိုင်များဖွင့်လှစ်နိုင်ရန်အတွက် လက်လီစက်သုံးဆီဆိုင်များကို ယခုနှစ်အတွင်း ၁၀ ဆိုင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်လည် အဆင့်မြှင့်တင်သည့်ဆိုင်များအပြင် SME လုပ်ငန်းရှင်များကို ပံ့ပိုးသည့်အနေဖြင့် မြေနှင့် ပိုင်ဆိုင်ပြီး လက်လီဆိုင် များဖွင့်လှစ်နိုင်ရန် ပူးပေါင်းမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိပြည်တွင်းက စက်သုံးဆီ ဈေးကွက်ထဲကို ဆီဆိုင် တွေအများကြီး ဝင်လာမယ်ဆိုရင် ရောင်းလိုအား များလာတဲ့အတွက် ဈေးကျလာနိုင်သလို သိုလှောင်ပမာဏထားရှိနိုင်တဲ့အတွက် ဈေးနှုန်းလည်း တည်ငြိမ်နိုင်မှာပါ။ နောက်ပြီး PTT က နိုင်ငံတကာအတွေ့အကြုံရှိတဲ့အတွက် ဈေးကစားမှုကင်းလွတ်အောင် လုပ်နိုင်လာမှာပါ"ဟု ကမ္ဘောဇအုပ်စု၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ပြောသည်။

ပူးပေါင်းလုပ်ဆောင်သွားမည် ကုမ္ပဏီများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဆီသိုလှောင်ကန်ဆောက်လုပ်မှုကိုလည်း လုပ်ဆောင်နေကြောင်း၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီ ဂါလန်သန်း ၁၀၀ ကျော်ဆံ့နိုင်မည့် ဆီသိုလှောင်ကန်နှင့် အိမ်သုံးဂတ်စ်လီတာကျူ ၄၅၀၀ သို လှောင်နိုင်မည့် ကန်များကို ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ကမ္ဘာ့ဘဏ်အနေဖြင့် ထိုင်းစီးပွားရေးတိုးတက်မှုကို ၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဖြတ်ချ




ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၉ ခုနှစ်အတွက် ထိုင်းစီးပွားရေး တိုးတက်မှုကို ၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဖြတ်ချလိုက်ကြောင်း၊ ကက်ဘိနက်အဖွဲ့သစ် ဖွဲ့စည်းပြီးနောက် ထပ်မံ၍ စီးပွားရေးအလားအလာကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့အနေဖြင့် အသစ်ဖြစ်ပေါ်လာမည့် စီးပွားရေးဝန်ကြီးများနှင့် ၎င်းတို့၏ မူဝါဒများကို စောင့်ကြည့်မည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာ အချက်အလက်များကို စုစည်းကောက်ယူမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် Kiatipong Ariyapratyau ပြောကြားသည်။

ဝန်ကြီးများအဖွဲ့စာရင်းမှာ ထိုင်းနိုင်ငံ စီးပွားရေးအရှိန်အဟုန်အတွက် အရေးကြီးကြောင်း၊ စီးပွားရေး အလျင်မပြတ်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအပိုင်းတို့မှာ စီးပွားရေးခြဲ့ထွင်မှုအတွက် အဓိက အရေးပါသော မူဝါဒများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၉ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုဆိုင်ရာ ခန့်မှန်းသုံးသပ်ချက်အား နောက်လတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Global Economic Prospects ၏ သုံးသပ်ချက်အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏ ၂၀၁၉ ခုနှစ် GDP တိုးတက်မှုမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘဏ်အနေဖြင့်ကမ္ဘာ့ဒုတိယ စီးပွားရေးအကြီးဆုံး အရှေ့တောင်အာရှအနေဖြင့် ၂၀၁၉ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ယမန်နှစ် အောက်တိုဘာလတွင် ကြိုတင် ခန့်မှန်းထားကြောင်း သိရသည်။ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာအရ ကမ္ဘာ့ဘဏ်အနေဖြင့် အရှေ့တောင်အာရှ၏ ၂၀၂၀ ခုနှစ်အတွက် GDP ကို ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်အတွက် GDP ကို ၃ ဒသမ ၇ ရာခိုင်နှုန်းအသီးသီး ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ကမ္ဘာ့ဘဏ်၏ နောက်ဆုံးသုံးသပ်ချက် မှန်ကန်ပါက ထိုင်းစီးပွားရေးအနေဖြင့် အရှေ့တောင်အာရှတွင် အနှေးကွေးဆုံးနေရာတွင် ရှိလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းဘဏ်အရာရှိများ၏ ပြောကြားချက်အရ ထိုင်း GDP အနေဖြင့် ယခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအောက်တွင်သာ ရှိလိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှေးကွေးနေကြောင်း၊ နှစ်အလိုက်ပထမလေးလပတ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းသာရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုကြောင့်နှင့် ပို့ကုန်ထိုး၍ ကျဆင်းမှုတို့ကြောင့် ဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ အနေဖြင့် ပြိုင်ဘက် (Future Forward Party) အနာဂတ်အရေးရှေ့သို့ချီ ပါတီ၏ ခေါင်းဆောင် တာနာတုံရွှန်ရန်ကစ်ကို ပါလီမန်တွင် ၅၀၀၂၄၄ မဲဖြင့် အနိုင်ရကာ ဝန်ကြီးချုပ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် ကက်ဘိနက်အဖွဲ့ကို ရက်ပိုင်းအတွင်း ဖွဲ့စည်းမှာဖြစ်ပြီး အစိုးရသစ်ကို ယခုလနှောင်းပိုင်း ဖွဲ့စည်းနိုင်ကြောင်း သိရှိရသည်။

Global Economic Prospects အဖွဲ့၏ အစီရင်ခံစာအရ တရုတ်၏ ကြေညာချက်များကြောင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေး တိုးတက်မှုမှာ နှေးကွေးမည်ဖြစ်ကြောင်း၊ ဒေသတွင်းပို့ကုန်မှာ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ ငွေဖောင်းပွမှုမှာ ဒေသတွင်း၌ မူလသတ်မှတ်ချက် ထက်ကျဆင်းနေကြောင်း သိရှိရသည်။ တရုတ်နိုင်ငံအားဖယ်ထားမည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုမှာ မူလ ၅ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၀၁၉ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု ပြန်လည်ဦးမော့လာနိုင်ကြောင်း သိရှိရသည်။

ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့တွင် ပြည်တွင်းဝယ်လိုအားသည် ကောင်းမွန်သော ဘဏ္ဍာရေး အထောက်အပံ့အခြေအနေ၊ ငွေကြေးဖောင်းပွမှုနည်းပါးခြင်း၊ အရင်းအနှီးများ ဝင်ရောက်လာမှု မြင့်မားလာခြင်းတို့ကြောင့် ဆက်လက် အကျိုးအမြတ်ရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အများ ပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း ပရောဂျက်လုပ်ငန်းများ ဆက်လက်ရှင်သန်နေမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ကမ္ဘာ့ဘဏ်၏အခြား အစီရင်ခံစာတစ်စောင်ဖြစ်သော အရှေ့တောင်အာရှ ဒီဂျစ်တယ်စီးပွားရေးအစီရင်ခံစာအရ ဒေသတွင်း၌ ဒီဂျစ်တယ်စီးပွားရေး အခြေခံများကို ခိုင်မာအောင် တည်ထောင်ခြင်းဖြင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် ရှိနေကြောင်း သိရှိရသည်။ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ဒေသတွင်း ဒီဂျစ်တယ်စီးပွားရေးအတွက် အဓိကအင်အားဖြစ်ကြောင်း၊ ဒီဂျစ်တယ်ငွေပေးချေစနစ်သည်လည်း မရှိမဖြစ် လိုအပ်ချက် ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့အခြား နေရာများနှင့် နှိုင်းယှဉ်ပါက ဒေသတွင်း၌ နောက်ကျနေကြောင်း၊ အရှေ့တောင်အာရှနိုင်ငံ အတော်များများ၌ ငွေသားဖြင့် ပေးချေမှုကိုသာ သုံးစွဲနေကြကြောင်း၊ ဘဏ်စာရင်းဖွင့်ထားသူများ၏ ၁၉ ရာခိုင်နှုန်းခန့်သာ အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုကြကြောင်း၊ ကောင်းမွန်သောလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့် ခေတ်မီ ဒီဂျစ်တယ်သက်သေခံကတ်ပြားစနစ်တို့ဖြင့် ဒီဂျစ်တယ်ငွေကြေးစနစ် ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်ကြောင်း သိရှိရသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)**

# အီးယူအနေဖြင့် ထိုင်းနိုင်ငံ၏ ပို့ကုန်ကိုတာကိစ္စရပ်များအပေါ် စေ့စပ်ညှိနှိုင်းဆွေးနွေးရန် သဘောတူ

အီးယူအနေဖြင့် ထိုင်းနိုင်ငံ၏ ကုန်ပစ္စည်း ၃၁ မျိုးအပေါ် ပို့ကုန်ကိုတာရရှိရေး ညှိနှိုင်းဆွေးနွေးရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ထိုင်းကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။ အဆိုပါကိစ္စအား ယခင်နှစ် ဒီဇင်ဘာလတွင် တင်ပြတောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါပို့ကုန် ၃၁ မျိုးအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကိစ္စရပ်များမှာ အီးယူနှင့် ဗြိတိန်တို့ ဘရဲဇစ်ဆိုင်ရာ ညှိနှိုင်းမှုများ ပြန်လည်မစတင်မီကတည်းက ထိုင်းနိုင်ငံအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါကုန်ပစ္စည်း ၃၁ မျိုးတွင် ဥစား၊ အသားစား မွေးမြူရေးတိရစ္ဆာန် အသားကိုးမျိုး၊ ဆန်မှထုတ်လုပ်သော ထုတ်ကုန် ကိုးမျိုး၊ အားလူးနှင့် ပီလောပီနံထုတ်ကုန် လေးမျိုး၊ ငါးနှင့်ပုစွန် ထုတ်ကုန်ခြောက်မျိုး၊ အသင့်စား အစားအစာ သုံးမျိုးတို့ ပါဝင်သည်။ စေ့စပ်ဆွေးနွေးမှုသည် အရေးကြီးပြီး အကြောင်းမှာ အီးယူအနေဖြင့် ၂၀၁၇ ခုနှစ် တစ်နှစ်တည်းမှာပင် အဆိုပါ ကုန်ပစ္စည်းများအား အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ (ထိုင်းဘတ်ငွေ ၄၄ ဘီလီယံ)ခန့် ဝယ်ယူခဲ့ခြင်းကြောင့်လည်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အလားတူထိုင်းနိုင်ငံအနေဖြင့် ဗြိတိန်နိုင်ငံသို့လည်း ၎င်း၏ပို့ကုန် ၃၀ အတွက် ပို့ကုန် ကိုတာရရှိရေး တရားဝင်တင်ပြခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဗြိတိန်သို့ တင်ပြရာတွင် အသားနှင့် ဥစားမွေးမြူရေးတိရစ္ဆာန် အသား ၁၀ မျိုး၊ ဆန်မှထုတ်လုပ်သော ထုတ်ကုန် ခုနစ်မျိုး၊ အားလူးနှင့် ပီလောပီနံ ထုတ်ကုန် သုံးမျိုး၊ ငါးနှင့်ပုစွန်ထုတ်ကုန် ခြောက်မျိုး၊ အသင့်စားအစားအစာ လေးမျိုးတို့ပါဝင်ကြောင်း သိရှိရသည်။ မိမိတို့အနေဖြင့် ဗြိတိန်သို့ အဆိုပါကိစ္စရပ်အား အမြန်ဆုံး စဉ်းစားဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အဆိုပါ ကုန်ပစ္စည်း ၃၀ အား ဗြိတိန်သို့ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၇ ဒသမ ၆ သန်း ရှိခဲ့သည်။ မိမိတို့အနေဖြင့် အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အီးယူနှင့် ဗြိတိန်တို့အား စက်တင်ဘာလတွင် အပြီးသတ်ပေးစေချင်ကြောင်း၊ ဗြိတိန်အနေဖြင့် အောက်တိုဘာလတွင် အီးယူမှ ခွဲထွက်ရန်ကိစ္စရှိနေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အကယ်၍ ဘရဲဇစ် သဘောတူညီချက်ကိစ္စ ကိုင်တွယ်ပြီးပါက အီးယူနှင့် ဗြိတိန်တို့အနေဖြင့် ၎င်းတို့၏ လက်ရှိ ကုန်သွယ်မှုမူဝါဒများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ဆက်လက်ကိုင်တွယ် ထိန်းသိမ်းသွားမည်ဖြစ်၍ ထိုင်းနိုင်ငံအနေဖြင့် လူးသာလွန့်သာရှိမည်ဖြစ်ကြောင်း၊ အကယ်၍ ဘရဲဇစ်ကိစ္စ ခက်ခဲစွာအဆုံးသတ်ပါက ဗြိတိန်အနေဖြင့် သွင်းကုန်ကိုတာနှင့် အခွန်နှုန်းသစ်များကို ယခု လာမည့်အောက်တိုဘာလတွင် ချမှတ်ဖွယ်ရာ ရှိနေခြင်းကြောင့်လည်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)**

စာမျက်နှာ (၂၄) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ . . . မှအဆက်

ခြံဧကမှာ ၁၂ ဧကဖြစ်ပြီး ကြက်ခြံအနေဖြင့် ရှစ်ဧက ဖြစ်ပါသည်။ ၂၀၁၅/ ၂၀၁၆ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ပြီး တစ်ခြံလျှင် ၁၀၀၀၀ နှင့် ၁၀ ခြံ၊ တစ်ခြံလျှင် ၂၀၀၀၀ နှင့် နှစ်ခြံမွေးမြူပါသည်။ ကြက်တစ်ရက်သားမှ ၄၅ ရက်သား ဈေးကွက်ဝင်သည့်အထိ အစာဖိုး၊ ဆေးဖိုး၊ လုပ်အားခ၊ လျှပ်စစ်မီတာခ၊ စက်သုံးဆီ၊ သယ်ယူစရိတ် အပါအဝင် ကျပ် ၂၈၀၀ မှ ၃၀၀၀ ထိကုန်ကျသည်။ တစ်ရက်လျှင် အသားတိုး ကြက်အကောင်ရေ ၄၀၀၀ ရောင်းချရန် မှန်းထားသော်လည်း အကောင်ရေ ၁၅၀၀ သာ လက်ကား တင်ပို့ရောင်းချနိုင်ကြောင်း၊ တစ်ကောင်လျှင် ပျမ်းမျှ အလေးချိန် တစ်ပိဿာ ၅၀ ကျပ်သား ရှိကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ လက်ကား ရောင်းချပါသည်။ ဤလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဒေသရှိပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်းနှင့် လုပ်ငန်းရှင်များ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာကြောင်း သိရှိရသည်။

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်နှင့် ဝန်ထမ်းများသည် ဇွန် ၅ ရက်တွင် စစ်ကိုင်းမြို့ နီလာရပ်ကွက်၊ စက်မှုဇုန်အတွင်း လုပ်ကိုင်ဆောင်ရွက်နေသော KT လုပ်ငန်းစု၊ ခေတ်သစ်ထွန်း ကုမ္ပဏီမှ မျိုးကြက်မွေးမြူရေးနှင့် အသားတိုးကြက်သားဖောက်လုပ်ငန်း၏ မျိုးကြက်မှ အသားတိုးကြက်အထိ Supply chain တစ်ခုလုံး လုပ်ကိုင်ဆောင်ရွက်နေမှုများကို အထွေထွေမန်နေဂျာ ဦးစိုးမြင့်သူအား မေးမြန်းဆွေးနွေးရသမျှအား တစေ့တစောင်းရေးသား တင်ပြလိုက်ရပါသည်။

# သဃ်န်းညီနောင်ကျေးရွာ အထက်တန်းကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ဒု-ကြီးကြပ်ရေးမှူး ဦးစိုးအောင်၊ ဦးဆောင်သောအဖွဲ့သည် ဇွန် ၁၀ ရက်တွင် မြဝတီမြို့နယ်၊ သဃ်န်းညီနောင် ကျေးရွာရှိ အထက်တန်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူ/ ဆရာ/ ဆရာမ ၁၅၀ ဦးတို့အား မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့၊ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့အဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်အတူ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြဝတီခရိုင်ရုံး ဒု-ကြီးကြပ်ရေးမှူး ဦးစိုးအောင်က စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ( ၁၅ )ရက် တွင် အတည်ပြုပြဋ္ဌာန်းသော ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ ကုန်စည်သုံးစွဲရာတွင် ဘေးကင်းလုံခြုံစိတ်ချရမှု ရှိစေရေး၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာရှိအထက်တန်းကျောင်းတွင် ရောင်းချလျက်ရှိသော ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဆိုင်ငါးဆိုင်တို့အား စားသုံးသူများအတွက် ဘေးအန္တရာယ်ရှိသော ကုန်စည်များ ရောင်းချခြင်းရှိ/ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ရောင်းချသော ကုန်ပစ္စည်းများတွင် စားသုံးသူ ဘေးကင်း လုံခြုံရေးအတွက် ကုန်ပစ္စည်း၏ ထုပ်ပိုးမှုတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်း အမှတ်အသား သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုန်ပစ္စည်းများကို ဥပဒေနှင့်အညီ ရောင်းချနိုင်ရေး အသိပညာပေး ဆောင်ရွက်ခဲ့သည်။

**မသဇင် (မြဝတီ)**

# ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ် မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ တွင် ယင်းမာပင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ကျင်းပရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်၍ အဖွဲ့ဝင်များနှင့် စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့သည်။



ယင်းအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသက်နိုင်က ယခုလို ကျင်းပသည့် အငြင်းပွားဖြေရှင်းရေးအဖွဲ့ တစ်လတစ်ကြိမ် ကျင်းပဆောင်ရွက်ခြင်းအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၁/၂၀၁၉)မတ်လ(၁၅)ရက်စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ် ထုတ်ပြန်ထားပြီး ကော်မတီအဖွဲ့ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်သော်လည်း အထက်ညွှန်ကြားချက်ရမှသာ အသစ်ပြန်လည်ဖွဲ့စည်းပြီး ယခုလက်ရှိ အနေအထားအရ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်လ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ယခုလ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အခြေအနေများအား ဆွေးနွေးပြောကြားသည်။

ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးရာမှ FDA က စားသုံးရန်မသင့် ကြော်ငြာထားသော ပစ္စည်းများ၊ သက်တမ်းလွန်များ၊ တားမြစ်၊ သိမ်းဆည်းလာသော ပစ္စည်းများအား အစည်းအဝေးဆုံးဖြတ်ချက်အရ မြေမြှုပ်ဖျက်ဆီးရန်နှင့် ကျောင်းစားသုံးသူ ရေးရာအသင်းအဖွဲ့များ၊ CICC တိုင်ကြားမှုစာတိုက်ပုံးများ ထားရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ အငြင်းပွားမှုအဖွဲ့ဝင်များ၊ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ ပညာရေး၊ ငါးမွေးမြူရေးဦးစီးဌာနများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ကျောင်းကျန်းမာရေးအဖွဲ့နှင့်အတူ စားသုံးသူရေးရာဦးစီးဌာနက ပူးပေါင်းပညာပေးဆောင်ရွက်ရန်၊ ဇွန် ၁၈ ရက်တွင် စားသုံးရန်မသင့် ပစ္စည်းများအား မြေမြှုပ်ဖျက်ဆီးရန် ကျောင်းများသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပညာရေးဌာနမှ ATEO၊ ဒု-ဦးစီးမှူးများ လိုက်ပါဆောင်ရွက်နိုင်ရန် တစ်လတစ်ကြိမ် အစည်းအဝေးပုံမှန် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး အစည်းအဝေးဆုံးဖြတ်များအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အစည်းအဝေး ဆုံးဖြတ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် နေပြည်တော်(ရုံးချုပ်)မှ စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉) ခုနှစ် ရှင်းလင်းပို့ချ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ရုံးအစည်းအဝေးခန်းမတွင် ဇွန် ၁၂ ရက်တွင် စားသုံးသူ ရေးရာဦးစီးဌာန (ရုံးချုပ်)နေပြည်တော်မှ စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉)ခုနှစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပို့ချသည့် အခမ်းအနားကျင်းပရာ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ ဦးစီးအရာရှိ ဦးထက်ဝင်းအောင်၊ ဦးစီးအရာရှိ ဒေါ်နှင်းရတနာကြည်၊ ဒေါ်ဟန်နီစိုး၊ တိုင်းဦးစီးမှူး ဦးစိုးအောင်၊ ဒုတိုင်းဦးစီးမှူး၊ ဌာနခွဲမှူးများနှင့် တိုင်းရုံးရှိ အရာထမ်း/အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က အဖွင့်အမှာစကား ပြောကြား၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍ အခန်း (၁)မှ အခန်း(၆)အထိ ဦးစီးအရာရှိဦးထက်ဝင်းအောင်က ရှင်းလင်းပို့ချပေးပြီး အခန်း(၇)မှ အခန်း(၁၈) အထိ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က ရှင်းလင်းပို့ချပေးခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးထက်ဝင်းအောင်က အခန်း(၁၉)မှ အခန်း(၂၅)အထိ စားသုံးသူကာကွယ်ရေး ဥပဒေကို ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော တိုင်းဦးစီးရုံး၊ ခရိုင်၊ မြို့နယ် တာဝန်ခံများမှ သိလိုသည်များကို မေးမြန်းခဲ့ရာ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့် ဦးစီးအရာရှိ ဦးထက်ဝင်းအောင်တို့က ပြန်လည်ဖြေကြားပေးပြီး တိုင်းဦးစီးမှူး ဦးစိုးအောင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**မင်းမင်းဦး (ပုသိမ်)**

# မလှိုင်တွင် လုံခြုံစိတ်ချမှုမရှိသော ကုန်ပစ္စည်းများအား ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ဦးဆောင်မှုဖြင့် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ဇွန် ၅ ရက်တွင် မလှိုင်မြို့၊ မြို့မဈေးကြီးနှင့် မြို့ပေါ်ရှိ ကုန်စုံဆိုင်များအား လှည့်လည်၍ စစ်ဆေးရန် နမူနာကောက်ယူခြင်းလုပ်ငန်းနှင့်အတူ ကွင်းဆင်းစစ် ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

မလှိုင်မြို့နယ်အတွင်းရှိ ကုန်စုံဆိုင် ၁၆ဆိုင်အား ကွင်းဆင်း စစ်ဆေးရာတွင် နှစ်ဆိုင်မှ ကျင်းထုံခြင်ဆေးခွေ စုစုပေါင်း ၉၄ဘူး၊ သက်တမ်းလွန်မုန့်များဖြစ်သည့် ကာတွန်းကိတ်မုန့် ငါးထုပ်နှင့် မြင့်မြင့်ခင်ထိုးမုန့် ရှစ်ထုပ်၊ စုစုပေါင်း ၁၃ ထုပ်အား တွေ့ရှိသိမ်းဆည်းခဲ့သည်။ ဈေးဆိုင်ပိုင်ရှင်များအား စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်၍ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှု များ အား ဝယ်ယူသုံးစွဲရာတွင် လုံခြုံစိတ်ချမှုရှိစေရန်နှင့် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရန်အတွက် စိတ်ချလုံခြုံမှုမရှိသော ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း မရောင်းချစေရေးနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဝန်ခံကတိများအား လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သိမ်းဆည်းထားသော ပစ္စည်းများအား မလှိုင်မြို့၊ ပန်းလှိုင်ရွှေဝါခန်းမရှိ ရေကန်ဟောင်းတွင် ပူးပေါင်းအဖွဲ့များနှင့်အတူ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**ဖြူဖြူထွန်း (မိတ္ထီလာ)**

# မလှိုင်မြို့ရှိဆေးဆိုင်များသို့ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စားသုံးသူပြည်သူများ ကျန်းမာရေး လုံခြုံစိတ်ချမှုရရှိစေရန် မလှိုင်မြို့ပေါ်ရှိ ဆေးဆိုင်များသို့ ဇွန် ၁၁ ရက်တွင် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီ၊ မလှိုင်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီတို့ ပူးပေါင်း၍ သက်တမ်းလွန်ဆေးဝါးများနှင့် ထိန်းချုပ်ဆေးဝါး၊ သက်ဆိုင်ရာဌာနများမှ တရားဝင်တားမြစ်ထားသော ဆေးဝါးများ၊ စပ်ဆေးတွဲများ ရောင်းချမှု မရှိစေရန် ရှောင်တခင် ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် ထိန်းချုပ်ဆေးဝါး၊ တားမြစ်ထားသောဆေးဝါးများ ရောင်းချခြင်းမရှိဘဲ ဆေးဆိုင် နှစ်ဆိုင်မှ သက်တမ်းလွန် ဆေးဝါး ခန့်မှန်းတန်ဖိုး ကျပ် ၈၀၀၀ ခန့် သိမ်းဆည်းခြင်း၊ တားမြစ်ခြင်းများပြုလုပ်ခဲ့ပြီးနောက်နောင် သက်တမ်းလွန် ဆေးဝါးများအား စီစစ်၍ ရောင်းချရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

**သိမ့်သူဇာမောင် (ထီလာ)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဟောပြောပွဲတွင် စားသုံးသူရေးရာ အသိပညာပေးဟောပြော

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန် ၁၃ရက်က မွန်ပြည်နယ် မုဒုံမြို့အထက (၂)၌ မုဒုံမြို့နယ်ရဲတပ်ဖွဲ့နှင့် မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် 'အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ'တွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများအား ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီချိုက 'စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားစေခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်က 'စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း' အားလည်းကောင်း၊ မုဒုံမြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး ဦးခင်မောင်ထွန်းက 'မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့နောက် မုဒုံမြို့နယ် အ. ထ. က (၂) ကျောင်းအုပ်ဆရာကြီး ဦးမောင်ညိုက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား/ကျောင်းသူ ၅၀၀ နှင့် ဆရာ/ဆရာမ ၂၀ တို့တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူကာကွယ်ရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ ကို ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်မှ တာဝန်ရှိသူများဦးဆောင်လျက် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလှည့်ကျလိုက်လံ ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့်အဖွဲ့သည် ဇွန် ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ဒုတိယထပ်အစည်းအဝေးခန်းမ၌ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါပြဋ္ဌာန်းချက်များနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့် ဦးစီးအရာရှိ ဦးထက်ဝင်းအောင်တို့က စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ ပြဋ္ဌာန်းချက်များကို အခန်းအလိုက်တစ်ခုချင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်းနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသည့် ဝန်ထမ်းများ၏မေးမြန်းဆွေးနွေးမှုများကို ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ရုံးချုပ်မှတာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင် လေးခရိုင်၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (ရန်ကုန်)၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနခွဲ (လှည်းကူး)၊ ရခိုင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၆၇ ဦး တက်ရောက်ခဲ့သည်။

**လဲ့လဲ့ဌေး(စားသုံးသူ၊ ရန်ကုန်)**

## ပုဇွန်တောင်ဈေးနှင့် မင်္ဂလာတောင်ညွန့်ဈေးတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ပုဇွန်တောင်ဈေးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ဈေးတို့တွင် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဆောင်သောအဖွဲ့နှင့် ခရိုင်စည်ပင်တာဝန်ခံအဖွဲ့တို့ပူးပေါင်း၍ ပုဇွန်တောင်ဈေးတာဝန်ခံရုံးတွင်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာတောင်ညွန့်ဈေးတာဝန်ခံ၊ ဈေးစည်ပင် ဝန်ထမ်းများနှင့် ပူးပေါင်း၍ ငှင်းဈေးသူ၊ ဈေးသားများအား ဈေးတာဝန်ခံရုံးတို့တွင် ဇွန်လပထမအပတ်အတွင်း စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်း (ဦးစီးအရာရှိ)က Online Shopping နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော Website များကိုသာ အသုံးပြုကြရန်နှင့် လုပ်ငန်းတည်နေရာ၊ လိပ်စာတိကျစွာဖော်ပြပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်၊ Fax တို့အား အမှန်တကယ်ဖော်ပြထားသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အခြားဝယ်ယူသုံးစွဲသူများ၏ ထောက်ခံဝယ်ယူအားပေးမှုကိုရရှိထားသော Website နှင့် Facebook Page များတွင်ဝယ်ယူသုံးစွဲကြရန်နှင့် ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ထုတ်ပြန်ထားသော ဥပဒေတွင် စားသုံးသူအခွင့်အရေး(၅)ချက်နှင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်၌ အသစ်ထုတ်ပြန်ထားသော ဥပဒေတွင် စားသုံးသူအခွင့်အရေး(၈)ချက်ပါဝင်ပြီး အခန်း(၁၈) ပါ ဥပဒေများသည် အထူးသဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် မြန်မာလူမျိုးများ နားလည်သော ကုန်အမှတ်၊ အညွှန်း၊ အထောက်အထား၊ သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့် မြန်မာဘာသာတွဲလျက်ဖြစ်စေ၊ ဥပဒေသစ်ထုတ်ပြန်ရာတွင်ပါဝင်ပြီးလည်းကောင်း၊ ဥပဒေသစ်သည် တစ်နှစ်ပြည့်က အတည်ပြုမည်ဖြစ်ကြောင်းနှင့် ဥပဒေပါအကြောင်းအရာတို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့ပြီး တက်ရောက်သူ ဈေးသူ၊ ဈေးသားများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းပေးခဲ့သည်။

ဆက်လက်၍ ပုဇွန်တောင်ဈေးနှင့် မင်္ဂလာတောင်ညွန့်ဈေးတို့တွင် လက်လီ၊ လက်ကားရောင်းချလျက်ရှိသော မုန့်မျိုးစုံ၊ ကုန်မျိုးစုံနှင့် ကုန်ခြောက်ဆိုင်ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ပူးပေါင်းအဖွဲ့နှင့် ဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးခဲ့သည်။ **တင်မင်း (ရန်ကုန်)**

## စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းဆိုင်များ စစ်ဆေး

ကရင်ပြည်နယ် ဘားအံမြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့ကြီးမှူး၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးလုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်အတွင်းတွင် ၂၀၁၉ ဇွန်လပထမပတ်ကစတင်၍ ကျောင်းကျန်းမာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နေသည်။

ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့တာဝန်ခံ ဒေါက်တာအောင်ကိုကို (သွားဖက်ဆိုင်ရာ)၊ ဒေါက်တာမိုးသူဇာအောင် (သွားဖက်ဆိုင်ရာ) နှင့် ကျန်းမာရေးဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ ဆက်စပ်ဌာနများမှ အသိပညာပေးမှုများကို စီစဉ် ဆောင်ရွက်၍ ဟောပြောခဲ့ကြသည်။

စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောချက်များတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပြဋ္ဌာန်းချက်များ၊ စားသုံးသူတိုင်းသိသင့်သည့် စားသုံးသူအဓိပ္ပာယ်၊ ကုန်စည်နှင့် ဝန်ဆောင်မှု၊ စားသုံးသူကာကွယ်ရေးအကြောင်း၊ စားသုံးသူများရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များ၊ စားသုံးသူ နစ်နာ ဆုံးရှုံးလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဟောပြောဆောင်ရွက်ခဲ့သည်။

ဇွန် ၇ ရက်တွင် အမှတ်(၁)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ၁၀ ရက်တွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ၁၁ ရက်တွင် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ၁၃ ရက်တွင် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ၁၄ ရက်တွင် အမှတ်(၅)အခြေခံပညာ မူလတန်းလွန်ကျောင်းတို့တွင် ကျောင်းသား/ ကျောင်းသူစုစုပေါင်း ၁၂၅၀ ယောက်တို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းများစစ်ဆေးခြင်း၊ ရောင်းချသည့်မုန့်များ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ စားသုံးရန်မသင့်သည့် မုန့်များ မရောင်းချရေး၊ ဈေးသည်များအား အသိပညာပေးခြင်း၊ ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေး လိုအပ်သည်များကို သက်ဆိုင်ရာ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပြောကြားခဲ့သည်။ **ခင်ကြည် (ကရင်ပြည်နယ်)**



## အလက(ပန်ဟုန်း)တွင် စားသုံးသူကာကွယ်ရေး ဥပဒေအား ဟောပြောဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အလက (ပန်ဟုန်း)ဇွန် ၁၀ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးကျိုင်းတုံမှ ဝန်ထမ်းများက စားသုံးသူကာကွယ်ရေး ဥပဒေအား ဟောပြော ဆွေးနွေးခဲ့သည် ။ အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ စုစုပေါင်း ၁၄၀ဦး တက်ရောက်ခဲ့ပြီး ဦးမြင့်ကြည် (ဦးစီးမှူး)မှ ကမ္ဘာပေါ် တွင်စားသုံးသူကာကွယ်ရေးဥပဒေနှင့် စားသုံးသူအခွင့်အရေးများစတင်ပေါ်ပေါက်လာပုံ၊ မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့် အခွင့်အရေးများ ပေါ်ပေါက်လာပုံ၊ စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များတာဝန်များ၊ စားသောက်ကုန် တစ်ခုတွင်ပါဝင်ရမည့်အချက်များအား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။ ဦးရန်နောင် (ဦးစီးမှူး)ကလည်း စားသောက်ကုန်များတွင် ထည့်သွင်းလာသော ဓာတုဆိုးဆေးများ၏ အန္တရာယ်များ၊ အရည်အသွေးနိမ့်သော စားသုံးဆီများ၏ အန္တရာယ်များ၊ ဖော်မလင်၏ဆိုးကျိုးများ၊ ဟင်းချိုမှုန့်၏ ဆိုးကျိုးများ စသည်ဖြင့် Power point ဖြင့် ဟောပြော ဆွေးနွေးခဲ့သည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် အလက(ပန်ဟုန်း)ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းကျန်းမာရေး အဖွဲ့ဝင်များ ပူးပေါင်းလျက် ကျောင်းဝင်းအတွင်းရှိ မုန့်ဆိုင်များအား ကြည့်ရှုစစ်ဆေး အသိပညာပေးခဲ့ကြောင်း သိရှိရသည်။

**မိုးထက်နိုင်(DOCA)**

# နည်းပြ ဆာရီ ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ



ချယ်လ်ဆီးအသင်းနည်းပြ ဆာရီသည် အီတလီ စီးရီးအေ ထိပ်တန်းကလပ် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ကိုင်တွယ်ရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြ ဆာရီသည် ဂျူဗင်တပ်အသင်းနှင့် သုံးနှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုရန် သဘောတူခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ဂျူဗင်တပ်အသင်းတွင် တစ်နှစ်လစာ ပေါင် ၆ ဒသမ ၂ သန်း ရရှိမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ချယ်လ်ဆီးအသင်းသည် ဆာရီနှင့်စာချုပ်သက်တမ်း ကျန်နေခြင်းကြောင့် ဂျူဗင်တပ်အသင်းထံမှ လျော်ကြေးငွေ ပေါင် ခုနစ်သန်း ရရှိခဲ့သည်။

'ကျွန်တော်က အီတလီနိုင်ငံသားဖြစ်သလို အီတလီအသင်းတွေနဲ့လည်း မစိမ်းပါဘူး။ ဒါကြောင့် ဂျူဗင်တပ်အသင်းမှာ အခက်အခဲမရှိနိုင်ဘူးလို့ ထင်ပါတယ်။ ဂျူဗင်တပ်အသင်းမှာ ကစားသမားကောင်းတွေရှိနေတာက အားသာချက်တစ်ခုပါ။ ကျွန်တော့်လက်ထက်မှာလည်း အသင်းကို အောင်မြင်အောင် ဆက်လက်စွမ်းဆောင်သွားမှာပါ'ဟု ဆာရီက ပြောသည်။

ဆာရီသည် ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့ရာတွင် ယူရိုပါလိဂ်ဖလား တစ်လုံးသာ ရယူပေးနိုင်ခဲ့သည်။ ဆာရီသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ မပြီးဆုံးမီက ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံရရန် ရေပန်းစားခဲ့သေးသည်။ အသက်(၆၀) ရှိ ဆာရီသည် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်ကစပြီး ချယ်လ်ဆီးအသင်းကို စတင်ကိုင်တွယ်ခဲ့ရာတွင် ပြိုင်ပွဲအရပ်ရပ် ၆၃ ပွဲ၌ ၃၉ ပွဲနိုင်၊ ၁၃ ပွဲ သရေကျကာ ၁၁ ပွဲရှုံးနိမ့်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် အနိုင်ရရှိမှု ၆၂ ရာခိုင်နှုန်းဖြစ်သည်။

ဆာရီသည် ချယ်လ်ဆီးအသင်းကို မကိုင်တွယ်မီက အီတလီကလပ်များဖြစ်သည့် အမ်ပိုလီနှင့် နာပိုလီအသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်မှစတင်ပြီး စတီယာအသင်းနှင့်အတူ နည်းပြဘဝသို့ ဝင်ရောက်ခဲ့ရာတွင် ချယ်လ်ဆီးအပါအဝင် အသင်းပေါင်း ၁၉ သင်းကို ကိုင်တွယ်ခဲ့ဖူးသည်။ ထို့ကြောင့် ဆာရီသည် နည်းပြလောကထဲတွင် အသင်းအများဆုံး ကိုင်တွယ်ဖူးသူလည်းဖြစ်သည်။



## အမ်ဘတ်ပီနှင့် ပေါ့ဂ်ဘာတို့ကို ရီးရဲလ် ခေါ်ယူလို

ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ရာသီသစ်အတွက် ကြယ်စင်စု စီမံကိန်းတစ်ရပ်ကို ဖော်ဆောင်ရန်ရှိနေရာ လက်ရှိအချိန်တွင် ဟာဇက်အပါအဝင် ကစားသမား လေးဦးအထိ ခေါ်ယူထားပြီးဖြစ်သည်။ သို့သော် ဇီဒန်း၏ ကစားသမားခေါ်ယူမှုစီမံကိန်းမှာ ပြီးဆုံးဖွယ်မရှိသေးဘဲ ပြင်သစ်ကစားသမားများဖြစ်သည့် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီနှင့် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့ကို ထပ်မံခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အမ်ဘတ်ပီသည် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသကဲ့သို့ ပေါ့ဂ်ဘာသည်လည်း မန်ယူအသင်းမှ ထွက်ခွာရန် သေချာသလောက် ရှိနေသည်။ ထို့ကြောင့် အဆိုပါကစားသမားနှစ်ဦးထဲမှ အနည်းဆုံးတစ်ဦးမှာ ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိရန် ရာနှုန်းများနေကြောင်း သတင်းများတွင် ဖော်ပြထားကြသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံ တောင်ပံကစားသမား ဟာဇက်၊ ဖရန့်ဖတ်အသင်းမှ ဆားဘီးယား တိုက်စစ်မှူး လူကာဂျိုဗစ်၊ ပေါ်တိုအသင်းမှ ဘရာဇီး နောက်ခံကွင်းလယ်ကစားသမား အီဒါမီလီတာအို၊ လိုင်ယွန်အသင်းမှ ပြင်သစ် ဘယ်နောက်ခံကစားသမား မန်ဒီနှင့် ဆန်းတို့စ်အသင်းမှ ဘရာဇီးလူငယ်တိုက်စစ်မှူး ရိုဒရီဂိုတို့ကို ခေါ်ယူထားပြီးဖြစ်ရာ ၎င်းကစားသမားလေးဦးအတွက် ပေါင် ၃၄၄ သန်း ကုန်ကျထားပြီးဖြစ်သည်။

## တန်ဖိုးကြီး ကစားသမားများထဲတွင် အမ်ဘတ်ပီ ထိပ်ဆုံး၌ရပ်တည်



ဘောလုံးလောကတွင် တန်ဖိုးကြီး ကစားသမား ၂၅ ဦး၏ စာရင်းကို Goal.com က ဖော်ပြခဲ့ရာတွင် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်လူငယ်ကစားသမား အမ်ဘတ်ပီက ထိပ်ဆုံး၌ ရပ်တည်နေသည်။

၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့ခဲ့သော ဘရာဇီးတိုက်စစ်မှူး နေမာမှာ တန်ဖိုးကျဆင်းသွားခဲ့သည်။ ထို့ပြင် လက်ရှိကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်သည့် မက်ဆီ၏ တန်ဖိုးမှာလည်း အမ်ဘတ်ပီထက် နိမ့်ကျနေသည်။

လက်ရှိ ထိပ်တန်းကစားသမား ၂၅ ဦး အပေါ် တန်ဖိုး သတ်မှတ်ထားရာတွင် အမ်ဘတ်ပီ (ပီအက်စ်ဂျီ၊ ပေါင် ၂၂၄ သန်း)၊ မိုဟာမက်ဆာလက်ချ် (လီဗာပူး၊ ပေါင် ၁၉၆ သန်း)၊ စတာလင်း ( မန်စီးတီး၊ပေါင် ၁၈၅သန်း)၊ မက်ဆီ (ဘာစီလိုနာ၊ ပေါင် ၁၄၉ သန်း)၊ ဂျာဒွန်ဆန်ချို (ဒေါ့မွန်၊ ပေါင် ၁၄၁ သန်း)၊ မာနေး( လီဗာပူး၊ ပေါင် ၁၄၁သန်း)၊ ဟယ်ရီကိန်း (စပါး၊ ပေါင် ၁၃၈ သန်း)၊ ဖာမီနို(လီဗာပူး၊ ပေါင် ၁၂၈ သန်း)၊ ဂရက်ဇ်မန်း (အက်သလက်တီကို၊ ပေါင် ၁၂၈ သန်း)၊ ဆာနေး (မန်စီးတီး၊ ပေါင် ၁၂၂ သန်း)၊ ဘာနာဒိုဆေးလ်ဗား (မန်စီးတီး၊ ပေါင် ၁၂၂ သန်း)၊ ဂျီဆပ် (မန်စီးတီး၊ ပေါင် ၁၁၇ သန်း)၊ အာနိုး (လီဗာပူး၊ ပေါင် ၁၁၆ သန်း)၊ ကော်တင်ဟို (ဘာစီလိုနာ၊ ပေါင် ၁၁၅ သန်း)၊ လူကာကူ (မန်ယူ၊ ပေါင် ၁၁၁ သန်း)၊ ပေါ့ဂ်ဘာ (မန်ယူ၊ ပေါင် ၁၁၁ သန်း)၊ နေမာ (ပီအက်စ်ဂျီ၊ ပေါင် ၁၁၁ သန်း)၊ ရက်ချ်ဖို့ဒ်(မန်ယူ၊ ပေါင် ၁၁၀ သန်း)၊ ဟာဇက်(ရီးရဲလ်မက်ဒရစ်၊ ပေါင် ၁၀၇ သန်း)၊ စီရိုနယ်ဒို(ဂျူဗင်တပ်၊ ပေါင် ၁၀၅ သန်း)၊ ဒမ်ဘီလီ (ဘာစီလိုနာ၊ ပေါင် ၁၀၄ သန်း)၊ ဗန်ဒက် (လီဗာပူး၊ ပေါင် သန်း ၁၀၀)၊ ဒိုင်ဘလား(ဂျူဗင်တပ်၊ ပေါင် ၉၆ သန်း)၊ အလစ်ဆန် (လီဗာပူး၊ ပေါင် ၉၆ သန်း)၊ လာပေါ်တီ(မန်စီးတီး၊ ပေါင် ၉၃ သန်း) တို့ဖြစ်ကြသည်။

လက်ရှိအချိန်တွင် တန်ဖိုးအမြင့်ဆုံး ကစားသမားများအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေကြသည့် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အမ်ဘတ်ပီကို တခြား ဥရောပ အသင်းကြီးများက ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရပြီး လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလက်ချ်ကိုလည်း ဘာစီလိုနာ အသင်းက ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# မာတာ၏ ကမ္ဘာ့ဖလားသွင်းဂိုးက ရော်နယ်ဒိုနှင့် ပီလီတို့ကို ကျော်ဖြတ်နိုင်ခဲ့



ဘရာဇီး အမျိုးသမီး လက်ရွေးစင်အသင်း၏ တိုက်စစ်မှူး မာတာသည် ဇွန် ၁၄ ရက်အထိ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ဘရာဇီး အမျိုးသမီးအသင်းအတွက် သွင်းဂိုး ၁၆ ဂိုးအထိ ရရှိခဲ့ခြင်းကြောင့် ၎င်း၏သွင်းဂိုးမှာ ဘရာဇီး၏ ဂန္ထဝင် ကစားသမားများဖြစ်သည့် ရော်နယ်ဒိုနှင့် ပီလီတို့၏ သွင်းဂိုးများထက် ကျော်လွန်ခဲ့ပြီဖြစ်သည်။

မာတာသည် လက်ရှိ ပြင်သစ်နိုင်ငံတွင် ကျင်းပနေသည့် ၂၀၁၉ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်းနှင့်အတူ ပါဝင်လျက်ရှိသည်။ မာတာသည် ဩစတြေးလျအသင်းနှင့် ကစားခဲ့သည့် အုပ်စု ဒုတိယပွဲစဉ်တွင် ပင်နယ်တီမှ တစ်ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် သွင်းဂိုးအများဆုံး စံချိန်တစ်ရပ်ကို ရရှိခဲ့ခြင်း ဖြစ်သည်။

ဘရာဇီး အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှ ကစားသမားများ၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ခဲ့မှုနှင့် သွင်းဂိုးများကို ကြည့်မည်ဆိုလျှင် မာတာသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်အထိ ဝင်ရောက်ကစားခွင့်ရထားပြီး ၁၈ ပွဲ ကစားထားပေးရာတွင် သွင်းဂိုး ၁၆ ဂိုး ရရှိထားသည်။ ရော်နယ်ဒိုမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ကြိမ်တွင် ၁၉ ပွဲကစားပြီး သွင်းဂိုး ၁၅ ဂိုး၊ ပီလီမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ် ကစားခွင့်ရရှိခဲ့ပြီး ၁၂ ပွဲတွင် ၁၂ ဂိုး၊ ခရစ္စတီယာနီမှာ မာတာနှင့်အတူတူ ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ် ပါဝင်ခွင့်ရထားပြီး ၁၉ ပွဲတွင် ၁၁ ဂိုးနှင့် ဂျာဇင်ဟိုမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ တစ်ကြိမ်သာ ရရှိခဲ့ပြီး ၁၆ ပွဲတွင် သွင်းဂိုး ကိုးဂိုး အသီးသီး ရရှိထားကြသည်။

မာတာသည် ဘရာဇီး လက်ရွေးစင်အသင်းအတွက် စုစုပေါင်း ၁၄၅ ပွဲ ကစားပေးထားရာတွင် ၁၁၁ ဂိုး သွင်းယူထားသည်။ မာတာသည် လက်ရှိ ကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီး အသင်းအတွက် ဂိုးများ ဆက်လက်သွင်းယူနိုင်ဖွယ် ရှိနေသေးသည်။



# စပါး တစ်တင်း (၄၆) ပေါင်ဆိုရာဝယ်

**မောင်မောင်မြတ်ခိုင်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံစိုက်ပျိုးဧရိယာ၏ ၆၅ ရာခိုင်နှုန်းခန့်မှာ စပါးသီးနှံကို စိုက်ပျိုးပါသည်။ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက စိုက်ပျိုးခဲ့ကြပြီး ကုန်ပစ္စည်း ဖလှယ်သည့်စနစ်၊ ငွေစ၊ ကြေးစ၊ ဒင်္ဂါးစသည်ဖြင့် ရောင်းချခြင်း စနစ်မျိုးစုံကိုအသုံးပြုခဲ့ကြပြီး အင်္ဂလိပ် ကိုလိုနီလက်ထက်မှာ ပြည်ပ တင်ပို့ရောင်းချမှု လုပ်ငန်းတွင်ကျယ်လာခဲ့ပါတယ်။ ထိုအချိန်က စပါးချိန်တွယ် ရောင်းဝယ်မှုပြုလုပ်ရာတွင်လည်း တင်းတောင်းဖြင့် ချိန်တွယ်ရောင်းဝယ်မှုစနစ်ကို ကျင့်သုံးခဲ့ကြပါသည်။ တင်းတောင်း၏ ထုထည်ကို စံသတ်မှတ်ရာတွင်လည်း ကိုး ဂါလန်ဝင်သမာဓိတင်းသည် စံတင်းဖြစ်၍(၁၆) ပြည်ရှိပြီး ပြည်သည်ကုလားမခြင်းဆွဲနို့ဆီဘူးရှစ်လုံးရှိသည်။ ပြည်ပသို့ တင်ပို့ရာတွင် တန်ချိန်ဖြင့် တင်ပို့ရောင်းချရသည့်အတွက်စပါးတစ်တင်း (၄၆) ပေါင်၊ ဆန်ဖြူတစ်တင်း (၇၅) ပေါင်၊ ဆန်ကွဲတစ်တင်း (၇၂) ပေါင်၊ ဖွဲနုတစ်တင်း (၄၅) ပေါင်ဖြင့် သတ်မှတ်ခဲ့ကြပါတယ်။ ပြည်တွင်းလက်လီရောင်းဝယ်ရာမှာတော့ တစ်ပြည်၊ တစ်တင်း၊ တစ်အိတ်စသည်ဖြင့် သတ်မှတ်ရောင်းဝယ်ကြပါတယ်။

၁၉၆၂ ခုနှစ်ကောက်ပဲသီးနှံ လယ်ယာခြံထွက်ပစ္စည်း ရောင်းဝယ်မှု စည်းမျဉ်းသတ်မှတ်ရေးနည်းဥပဒေ၊ ပုဒ်မ (၃) ၊ပုဒ်မခွဲ (ဂ) ပါ တင်းမှန် ဆိုသည်မှာThe Measuring Basket Standardization Act,1939 တွင် ပါသောပုဒ်မ(၂) အရကိုး ဂါလန်ဝင်တင်းကိုဆိုလိုသည်ဟု ဖော်ပြထားပြီး အဆိုပါ နည်းဥပဒေ ပုဒ်မ (၄) ပုဒ်မခွဲ (က၊ ခ၊ ဂ၊ ဃ) တို့တွင် အစိုးရ၊ ကုန်သည်၊ မြေရှင်၊ တောင်သူအချင်းချင်း ရောင်းဝယ်ရယူသည့်အခါတွင် အစိုးရအသိအမှတ်ပြုသော အလေးချိန်ကိရိယာကို အသုံးပြု၍ စပါးတစ်တင်းလျှင် (၄၆) ပေါင်နှုန်းတိတိဖြင့် ချိန်တွယ်ရောင်းဝယ်ရမည်ဟုဖော်ပြထားသည်။ ပုဒ်မခွဲ (င) တွင် တောင်သူလယ်သမားများသည် မိမိတို့၏ စပါးများကို အထက်ပါအတိုင်း နိုင်ငံပိုင်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့သို့ လည်းကောင်း၊ အစိုးရဌာနများ၊ ဘုတ်ကော်ပိုရေးရှင်းများနှင့် သမဝါယမအသင်းများသို့လည်းကောင်း၊ ကုန်သည်များသို့လည်းကောင်း၊ မြေရှင်နှင့် မြို့ရှင်များသို့လည်းကောင်း၊ ရောင်းဝယ်ပေး ဆပ်ရာတွင် အသုံးပြုရမည့်ကိရိယာကိုကိုယ်တိုင်ကိုယ်ကျစစ်ဆေး၍ ကျေနပ်မှသာလျှင် ရောင်းပိုင်ခွင့်၊ ပေးဆပ်ပိုင်ခွင့် ရှိသည်ဟု ဖော်ပြထားသည်။

စပါးများချိန်တွယ်ရောင်းဝယ်ရာတွင် အလေးချိန်တင်းတောင်းပြည့်မီရေးသည် အရေးကြီးသော်လည်း စပါးအရည်အသွေးသတ်မှတ်ရာတွင် အခြားအရေးပါသောအချက်များလည်း ရှိသည်။ စို၊ ဖုန်၊ ကွဲ၊ နီ၊ ပိန်၊ ဝါ ဟု ခေါ် ဆိုကြပါသည်။ စိုဆိုသည်မှာ စပါးတွင်ပါဝင်သော အစိုဓာတ်၊ ဖုန်ဆိုသည်မှာစပါးထဲတွင် ဖုန်၊ သဲ၊ ခဲ၊ အဖျင်း၊ အမှော်ပါဝင်မှု၊ ကွဲဆိုသည်မှာ မျိုးကွဲစပါးပါဝင်မှု၊ နီဆိုသည်မှာ စပါးကိုကြိတ်ခွဲရာတွင် ဆန်နီ ပါဝင်မှု၊ ပိန်ဆိုသည်မှာစပါးထဲတွင် လုံးပိန်၊ လုံးညှက်ပါဝင်မှု၊ ဝါ ဆိုသည်မှာ အဆိုပါစပါးတွင် ဆန်ဝါပါဝင်မှု ရာခိုင်နှုန်းများကို တွက်ချက်ပြီးမှ အရည်အသွေးကောင်း စပါး ဖြစ်/မဖြစ် ဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ ရာသီဥတုနှင့်ကိုက်ညီပြီး စားသုံးသီးနှံများ စနစ်တကျ သိုလှောင် နိုင်သည့် အသင့်လျော်ဆုံးသော အစိုဓာတ်ပါဝင်မှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| သီးနှံအမျိုးအစား | အစိုဓာတ်ပါဝင်မှု ရာခိုင်နှုန်း |
|---|---|
| စပါး | ၁၄ % |
| ဆန် | ၁၂ % |
| ဂျုံ | ၁၃. ၅ % |
| ပြောင်းဖူးစေ့ | ၁၃. ၅% |
| ပဲမျိုးစုံ | ၁၅ % |
| မြေပဲ | ၈. ၅ % |

ရိတ်သိမ်းချိန်ကာလစပါးအရည်အသွေး ပြောင်းလဲမှုစူးစမ်းလေ့လာချက်များအရ သမားရိုးကျမောင်းညှိချိန်ကာလတွင် ရိတ်သိမ်းလေ့ရှိကြပြီး ယင်းအချိန်တွင် စပါးအစို ဓာတ်သည် ၂၀ ရာခိုင်နှုန်းကျော်ရှိပြီး သိုလှောင်ရန်အတွက် အစိုဓာတ်ရာနှုန်း ၁၄ရာခိုင်နှုန်းထိ လျှော့ချရန်နေလှန်းခြင်း၊ အခြောက်ခံစက်ဖြင့်အခြောက်ခံခြင်းတို့ ပြုလုပ်ပြီး လျှော့ချရန် လိုအပ်သည်။ သီးနှံ၏အစိုဓာတ်ဆိုသည်မှာ သီးနှံများတွင်အလေးချိန်ရာခိုင်နှုန်းအားဖြင့် ပါဝင်နေသည့် ရေပမာဏကို သီးနှံ ၏ အစိုဓာတ်ဟု သတ်မှတ်ခေါ် ဝေါ်ကြသည်။

အစိုဓာတ်များသောသီးနှံများကို သိုလှောင်ထားပါက-

၁။ အဏုဇီဝမှိုများပေါက်ရောက်၍ ဆန်ဝါရောင်ပျက်ဖြစ်ပေါ်လာခြင်း၊ အစိုဓာတ် အဆမတန်များပါက အညှောင့်ပေါက်ခြင်း၊ ဆွေးမြေ့ပျက်စီးသွားခြင်း။

၂။ သတ်မှတ်အစိုဓာတ်ထက်အနည်းငယ်များပါက ကာလကြာမြင့်စွာ သိုလှောင်ခြင်းမပြုသဖြင့် မပျက်စီးဘဲ ထားနိုင်သည့်တိုင် ခြောက်သွေ့သွားသည့်အခါ အလေးချိန်လျော့နည်းသွားခြင်းတို့ ဖြစ်တတ်ပါသည်။ ဥပမာ- အစိုဓာတ် ၁၅ ရာခိုင်နှုန်းရှိသော စပါးတင်းတစ်ရာသည် သိုလှောင်ထားစဉ် ကာလအတွင်း အစိုဓာတ် ၁၄ ရာခိုင်နှုန်းသို့ ခြောက်သွေ့သွားပါက အလေးချိန်အားဖြင့် (၅၃) ပေါင်ခန့် (စပါးတစ်တင်းကျော်) အလိုအလျောက်လျော့နည်းသွားနိုင်သည်။

ထို့ကြောင့် စပါး၏အရည်အသွေးကောင်းမွန်ရန်အတွက် စပါးတွင် သတ်မှတ်အစိုဓာတ်ရှိရန် အရေးကြီးသည်။ ယခုအခါ စပါးရိတ်သိမ်းရာတွင် ရိတ်ခြွေစက်များကို အသုံးပြုလာကြသဖြင့် တောင်သူများအနေဖြင့် ကရိကထ လွန်စွာနည်းပါးသွားသည်။ မောင်းညှိချိန်တွင် ရိတ်သိမ်းခြင်းဆိုသည်မှာ စပါးနှံ၏ ၈၅ ရာခိုင်နှုန်းနှင့် စပါးပင်အားလုံး၏ ၈၅ ရာခိုင်နှုန်းဝါလာသည့်အချိန်သည် မောင်းညှိချိန် ဖြစ်သည်။ စပါးပင်လုံးဝခြောက်လာမှ ဖြစ်စေ၊ စပါးပင်ကျွမ်းမှဖြစ်စေ ရိတ်သိမ်းပါက စပါးအကြွေများသည်။ ဆန်ကြိတ်ရာတွင် အကျိုးအကြေများသည်။ ရင့်မှည့်ချိန်မရောက်သေးခင် ရိတ်သိမ်းပါကလည်း အစိမ်းစေ့များ၊ လုံးပိန်လုံးညှက်များ ပါလာပြီး သိုလှောင်ကြိတ်ခွဲရာတွင် အခက်အခဲဖြစ်စေသည်။

သီးနှံများတွင်ရိုးပြတ်များ၊ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲစသည်တို့ပါဝင်သော စပါးကိုသန့်စင်ခြင်းမပြုလုပ်ဘဲ သိုလှောင်ထားမိပါက အရေအတွက်သာမက အရည်အသွေးပါ လေ့လွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ် စေသည်။ အဆိုပါစပါးကို သိုလှောင်မိပါက-

၁။ သယ်ယူပို့ဆောင်မှု၊ ကိုင်တွယ်မှု၊ သိုလှောင်မှုစရိတ်များ ပိုမိုကုန်ကျနိုင်ခြင်း

၂။ ပိုးမွှားနှင့် မှိုကျရောက်ဖျက်ဆီးမှုကို အထောက်အကူပြုစေပါသဖြင့် သီးနှံပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ် စေနိုင်ခြင်း

၃။ ဆန်အဖြစ်ကြိတ်ခွဲပါက ဆန်ကြိတ်ထွက်နှုန်း လျော့နည်းနိုင်ခြင်းတို့ကို ဖြစ်ပေါ် စေပါသည်။

ဆန်ဝါဖြစ်ပေါ် ခြင်းဆိုသည်မှာ အစိုဓာတ် ၂၀ရာခိုင်နှုန်းထက်ကျော်သည့် ရိတ်သိမ်းပြီးစ စပါးများကို ချက်ချင်းအခြောက်မလှန်းနိုင်ပါက အဏုဇီဝမှိုကျရောက်ပြီး သိုလှောင်သီးနှံ၏ အပူချိန်ကို ၆၅ ဒီဂရီစင်တီဂရိတ်ခန့်အထိ ဖြစ်ပေါ် စေနိုင်သည်။ ဆန်ဝါဖြစ်ပေါ် ခြင်းကို အသေးစိပ် လေ့လာခဲ့သည့် ပညာရှင်တစ်ဦး၏ အဆိုအရမူ ဆန်ဝါလုံးလုံးလျားလျားဖြစ်ပေါ် ခြင်းနှင့် ဆန်ဝါဖြစ်ပေါ် နိုင်သည့်အခြေအနေရှိခြင်းတို့ဖြစ်ကြောင်း ရေးသားခဲ့သည်။ ရိတ်သိမ်းပြီးစ စပါး၏ အစိုဓာတ်များပါက ဆန်ဝါလုံးလုံးလျားလျား ဖြစ်ပေါ် သည့် စပါး များ မတွေ့ရှိရသည့်တိုင် ဆန်ဝါဖြစ်ပေါ် ရန် အခြေအနေရှိသည့်စပါးများ သိုလှောင်မိပါက သိုလှောင်သည့်ကာလအတွင်း စပါးများ ဝါသွားနိုင်သည်။ ထို့ကြောင့် အဏုဇီဝမှိုကျရောက်ပြီးသည့်စပါးကို အစိုဓာတ် ၁၄ ရာခိုင်နှုန်း ထက်နည်းအောင်အခြောက်လှန်းသည့်တိုင် သိုလှောင်ရာ၌ ဆန်ဝါဖြစ်ပေါ် နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။စပါးခွံအောက်တွင်ရှိသည့် ဆန်သား၏အပေါ် ယံလွှာသည် ညိုဝါရောင်ရှိသည့် ဖွဲနုအလွှာ ဖြစ်သည်။ အဆိုပါ ဖွဲနုအလွှာတွင်ရှိသည့် ညိုဝါရောင်ရှိ ဓာတုပစ္စည်းသည် အဏုဇီဝမှိုများနှင့် ဓာတ်ပြုလှုပ်ရှားပြီး တဖြည်းဖြည်း ဆန်သားအတွင်းပိုင်းထိ ညိုဝါရောင်အဖြစ် ပြောင်းလဲရောက်ရှိလာခြင်းဖြစ်သည်။

ထို့ပြင် အစိုဓာတ်ကြောင့်ပင် စပါးအဆစ်ကျိုးခြင်းကို ဖြစ်ပေါ် စေသည်။ အစိုဓာတ်နည်းသည့်စပါးကို အစိုဓာတ်များသည့် စပါးနှင့် ရောနှောထားမိလျှင်ဖြစ်စေ၊ စပါးကိုစွတ်စိုမှုများ လိုက်နည်းလိုက်ဖြစ်နေသည့်အခြေအနေမျိုး၌ ထားမိလျှင်ဖြစ်စေ အစိုဓာတ်နည်းသည့်စပါး၌ အဆစ်ကျိုးများဖြစ်လာနိုင်သည်။ အစိုဓာတ်နည်းသည့် စပါးသည်စွတ်စိုသည့် ဝန်းကျင်မှဖြစ်စေ၊ အစိုဓာတ်များသည့် စပါးမှဖြစ်စေ၊ စွတ်စိုမှုရှိနေသည့် မြေကြီးမှဖြစ်စေ အစိုဓာတ်ကိုစုပ်ယူပြီး အပေါ် ယံမျက်နှာပြင်သည် ပြန့်ကားလာသည်။ ဆန်သားအတွင်းပိုင်းသည်အစိုဓာတ်နည်းနေသည့်အတွက်တွန်းကန်အား ဖြစ်ပေါ် နေလျက်ရှိရာ ဆန်သားသည် ဆန့်ကျင်ဘက်အား နှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်ပေါ် ခံစားနေရသည်။ အဆိုပါဆန့်ကျင်ဘက်အား နှစ်ခုကြောင့် ဆန်သားအပေါ် ယံ မျက်နှာပြင်တွင်အက်ကွဲကြောင်းများ ဖြစ်ပေါ် လာခြင်းဖြစ်သည်။

စပါးအရည်အသွေးကောင်းမွန်ရန်မှာ မျိုးစပါးရွေးချယ်သည်မှစ၍ ရိတ်သိမ်းခြောက်သွေ့ သိုလှောင်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းမပြုပါက ကြိတ်ခွဲထုတ်လုပ်ရာတွင် အရည်အသွေးကျဆင်းမှုနှင့် လေလွင့် ဆုံးရှုံးမှုတို့ကို ဖြစ်ပေါ် စေမှာဖြစ်သည်။ ထို့ကြောင့် စပါးတစ်တင်းလျှင်အလေးချိန်အားဖြင့် ၄၆ ပေါင် ပြည့်မီရန် လိုအပ်သကဲ့သို့ အဆိုပါစပါးများမှ အရည်အသွေးပြည့်ဝသော ဆန်များကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် သတ်မှတ် အစိုဓာတ်ရှိရန်နှင့် စနစ်တကျသန့်စင်ခြင်း၊ စနစ်တကျသိုလှောင်ခြင်းစသည့် အချက်အလက်များနှင့် ပြည့်စုံရန်တို့မှာလည်း အရေးပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**ကိုးကား**

- **မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသမိုင်း**
- **၁၉၆၂ ခုနှစ် ကောက်ပဲသီးနှံ လယ်ယာခြံထွက်ပစ္စည်းရောင်းဝယ်မှု စည်းမျဉ်းသတ်မှတ်ရေး နည်းဥပဒေ**
- **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနမှ ထုတ်ဝေသော စာစောင်များ**

# ကန်ကြီးထောင့်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသော နဂါးမောက်သီးစိုက်ခင်း

[မင်းမင်းဦး]

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝက လက်ဆောင်ပေးထားသော မြေဆီမြေနှစ် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသော တိုင်းဒေသကြီးဖြစ်သလို နှစ်စဉ်မိုးစပါး၊ နွေစပါးစိုက်ဧက ၅၁ သိန်းကျော်၊ ပဲမျိုးစုံစိုက်ဧက ၁၆ သိန်းကျော်နှင့် နှစ်ရှည်သီးနှံများဖြစ်သော ရော်ဘာစိုက်ဧက ၃၆၇၅၄၊ သီဟိုဠ်စိုက်ဧက ၆၅၃၉၉ နှင့် အခြားသီးနှံများအပြင် ရာသီသီးနှံများကိုလည်း နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းစုကျေးရွာတွင်နေထိုင်သည့် ဦးပါးနီသည် လွန်ခဲ့သောလေးနှစ်ခန့်မှစတင်၍ အထက်အညာ ပုပ္ပားဒေသရှိနဂါးမောက်သီးစိုက်ပျိုးရေးခြံသို့ သွားရောက် လေ့လာပြီး နဂါးမောက်ပျိုးပင်ဝယ်ယူကာ အပင် ၂၀/၃၀ စမ်းသပ်စိုက်ပျိုးခဲ့ရာ မိမိတို့ဒေသ ရေမြေသဘာဝရာသီ ဥတုနှင့်ကိုက်ညီ အောင်မြင်ဖြစ်ထွန်းမှုရှိသည့်အတွက် လွန်ခဲ့သော သုံးနှစ်မှစတင်ပြီး မိမိပိုင်မြေနှစ်ဧကတွင် နဂါးမောက်သီး အဖြူ၊ အနီ၊ ခရမ်းအပင်ရေ ၂၀၀၀ ခန့်ကို စီးပွားဖြစ်စိုက်ပျိုးခဲ့သည်။

နဂါးမောက်ပင်မှာ တစ်နှစ်သားအရွယ် ရောက်သောအခါ အဖူးအပွင့်များထွက်ကာ သီးကင်းဝင်စပြုပြီး များသောအားဖြင့် ဧပြီလကုန်နှင့် မေလဆန်းတွင် စတင်သီး၍ ပထမနှစ်စတင်သီးချိန် အလုံးရေ ၃၀၀၀ခန့် ခူးဆွတ်ရသော်လည်း ဒုတိယနှစ်မှာ အသီးရေ ၇၀၀၀ ခန့်ရရှိလျက် နဂါးမောက်သီးတစ်လုံးကို အကြီးအသေးပေါ်မူတည်၍ ကျပ် ၅၀၀-၁၀၀၀ ဈေးဖြင့် ရောင်းချခဲ့ရာ ကျပ် ၃၅ သိန်းခန့်ရရှိခဲ့ပြီး ယခု တတိယနှစ်မှာ ယခင်နှစ်ထက်ပို၍ သီးမှာဖြစ်သလို အပင်သက်တမ်းရင့်လေပို၍သီးသော အပင်မျိုးဖြစ်ကြောင်း ခြံရှင်ဦးပါးနီက ပြောသည်။

နဂါးမောက်သီးပင်ကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပျိုးပင်တင်သွင်း၍ စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ ဥယျာဉ်ခြံများဖြစ်သော ပုပ္ပားနှင့် ရန်ကုန်ဥယျာဉ်ခြံတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။ တွယ်ကပ်ပင်နှင့် မြေပေါ်တွား၍ပေါက်သော ရေငတ်ခံနိုင်သည့် ရှားစောင်းမျိုးနွယ်ပင်ဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက လိုအပ်သောအချိန်တွင် ပုံမှန်ရေလောင်းပေးရန်လိုအပ်သည်။ နဂါးမောက်ပင်၏အမြစ်သည် မြေအနက် ရှစ်လက်မခန့်သာ အမြစ်ဝင်သဖြင့် ပေါင်းမြက်ကြောက်သောသီးနှံတစ်မျိုးဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက ပေါင်းမြက်အထူးရှင်းရန်လိုအပ်သည်။ နဂါးမောက်သီးကိုယခင်က ပုပ္ပားတွင်သာတွေ့ရပြီး ၂၀၁၄ခုနှစ်တွင် တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်မြို့များတွင်လည်း စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးနည်းစနစ်များမှာ တီပိုသဏ္ဍာန်၊ တိုင်စနစ်၊ စင်စနစ်၊ တန်းစနစ်များကို အများဆုံးစိုက်ပျိုးလျက်ရှိကာ နဂါးမောက်သီးခြံရှင် ဦးပါးနီကာ ၎င်း၏ခြံတွင် အပင်မလှုပ်မစေရန်နှင့် အပင်မလဲစေရန် အောက်ခြေတွင် အုတ်ခုံနှင့်ကွန်ကရစ်ခြောက်ပေတိုင်ပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်ကို ရှစ်ပေအကွာ တီပိုသဏ္ဍာန် စိုက်ပျိုးထားသည်။ တစ်ပတ်လျှင် တစ်ကြိမ်ခန့် ပေါင်းမြတ်ရှင်းပေးရပြီး စိုက်ပျိုးရာတွင် မြေသြဇာများဖြစ်သော မြေဆွေး၊ ဖွဲခွံ၊ လွှစာအိုးတိုက်ဆပ်ပြာ၊ ကောက်ရိုးဆွေး၊ နွားချေး၊ ကြက်ချေးတို့ ထည့်သွင်း စိုက်ပျိုးသည်။ သဘာဝသီးနှံဖြစ်သောကြောင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး နဂါးမောက်သီး စားသုံးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေး အကျိုးကျေးဇူးများမှာ နဂါးမောက်သီးသည် ဗီတာမင်စီနှင့် အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်သည့်အပြင် လိုင်ကိုပိန်းဓာတ်များစွာ ပါဝင်သောကြောင့် အရွယ်တင်နုပျိုစေပြီး အသီးတွင် (Antioxidant) အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့် လေဖြတ်ခြင်းရောဂါများ ပျောက်ကင်းစေသည်။ အဆိပ်အတောက်ဖြစ်စေတတ်သည့် Heavy mental များ ချေဖျက်ပေးသဖြင့် ကိုလက်စထရော ကိုလည်း လျော့ကျစေသည့်အပြင် ချောင်းဆိုး၊ ရင်ကျပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေပြီး အစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ချေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကို လျော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်စိအားကောင်းခြင်း၊ သွားနှင့် အရိုးများ ခိုင်မာစေခြင်းတို့ကြောင့် လူတိုင်း စားသုံးသင့်သည်။

အထူးသဖြင့် နာလန်ထ လူမမာများအတွက် အထူးသင့်လျော်ပြီး နဂါးမောက်သီးတွင် အစွမ်းအာနိသင် ထက်မြက်စေသည့် Antioxidant ဓာတ်ပြည့်ဝစွာ ပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသော ရောဂါများကို ပျောက်ကင်းစေနိုင်သဖြင့် အမေရိကတိုက် အလယ်ပိုင်းဒေသများတွင် နဂါးမောက်သီးမှာ ဆေးစွမ်းထက်သည့် အသီးအဖြစ် နာမည်ကြီးလျက်ရှိသည်။ ယခင်က နဂါးမောက်သီးကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝယ်ယူရောင်းချသည့်အတွက် ဈေးကွက်မှာဈေးကြီးသည့် သီးနှံတစ်ခုဖြစ်ပြီး ယခုလို မိမိတို့ဒေသမှာ စိုက်ပျိုးခြင်းဖြင့် ဈေးနှုန်းချိုသာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။ ပွင့်လင်းရာသီဆိုလျှင် ပုသိမ်-မြောင်းမြ ကားလမ်းဘေးရှိ နဂါးမောက်ခြံသို့ ဧည့်ခရီးသွား လာရောက်လေ့လာ ဝယ်ယူမှုများရှိကြောင်း အိမ်တွင်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးချင်သူများ၊ စီးပွားဖြစ်စိုက်ပျိုးခြင်း သူများ အတွက်လည်း နည်းပညာပေးကာ (မျိုးတစ်ပင်ကို) ကျပ် ၅၀၀-၁၀၀၀ ဈေးဖြင့် မျိုးရောင်းတာ နှစ်နှစ်ရှိပြီဖြစ်ကြောင်း ခြံရှင် ဦးပါးနီက ဆက်လက်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း နဂါးမောက်သီးစိုက်ပျိုးမှုပိုမိုကျယ်ပြန့်လာစေရန် မြေဧက အနည်းငယ်ဖြင့် အချိန်တိုအတွင်း စီးပွားဖြစ်နိုင်ပြီး စတင်စိုက်ပျိုးချိန်မှ ယခုလို ဈေးကွက်ရောင်းချမှုအပိုင်းအထိ မျိုးရောင်းချခြင်း၊ နည်းပညာပါ အကူအညီပေး၍ ဒေသတွင်းစီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ယခုလို ဈေးကွက်ဝင်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရန် အသေးစိတ်ဖြေကြားပေးပါသော ကန်ကြီးထောင့်မြို့နယ် ကွင်းစုကျေးရွာနေ နဂါးမောက်သီးခြံပိုင်ရှင် ဦးပါးနီအား ကျေးဇူးတင်ရှိကြောင်းနှင့် သက်ရှည်ကျန်းမာ စီးပွားတိုးတက်လာဖို့အတွက် နဂါးမောက်သီးပင်ကို အများအပြား တိုးချဲ့စိုက်ပျိုးနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

# မောင်းမကန်ကျေးရွာ အထက၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေး



တနင်္သာရီတိုင်း ဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ကျေးရွာတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဇွန် ၁၁ ရက် နံနက်၁၁ နာရီခွဲတွင် မောင်းမကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းက စားသုံးသူအကာအကွယ်ပေးရေးပေါ်ပေါက်လာပုံ၊ ဌာနဖွဲ့စည်းပုံ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် ကျောင်းသား/သူများအား ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထောက်ခံချက်၊ နေရပ်လိပ်စာအပြည့်အစုံကိုကြည့်ပြီး ဝယ်ယူစားသုံးတတ်စေရေး၊ စားသုံးသူ ကာကွယ်ရေး ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များအား အသိပညာ ပေးဆွေးနွေးပြောကြားခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က အန္တရာယ်ဖြစ်စေနိုင်သည့် စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်သော အစားအသောက်များ၊ ကျန်းမာရေးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်/သုံးစွဲရန်မသင့်သော အစားအသောက်များ အကြောင်းကိုလည်းကောင်း၊ အစားအစာများကို စနစ်တကျနည်းလမ်း မှန်ကန်စွာ စားသုံး/သုံးစွဲတတ်စေရန်လည်းကောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ/ဆရာမ ၂၅ဦး၊ ကျောင်းသား/သူ၄၉၅ဦး၊ စုစုပေါင်း ၅၂၀ဦး တက်ရောက်ခဲ့သည်။ ထို့နောက် စာသင်ကျောင်းမုန့်ဈေးတန်း စားသောက်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ရွှေဝယ်သား**

# ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးအသင်းနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်း

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့်စားသုံးသူ ကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ 'ကုန်အညွှန်းအမှတ်အသား' ပြဋ္ဌာန်းချက်များအား ထုတ်လုပ်/တင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသောလုပ်ငန်းရှင်များ သိရှိနိုင်စေရန်အတွက် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးအသင်းနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက ၂၀၁၉ခုနှစ်၊မတ်လ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်သော စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ အခန်း(၁၈)ပါ'ကုန်အညွှန်းအမှတ်အသား'ပြဋ္ဌာန်းချက် ပုဒ်မ(၄၁)၊(၄၂)၊(၄၃)ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး အခန်း(၁၈) ပါ ပြဋ္ဌာန်းချက်များသည် စားသုံးသူကာကွယ်ရေးဥပဒေ ထုတ်ပြန်သည့်နေ့မှ တစ်နှစ်ပြည့်မြောက်ပြီးသည့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် စတင်အာဏာတည်မည်ဖြစ်၍ တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သွားရန်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ဦးက စီးပွားရေးလုပ်ငန်းရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဘေးအန္တရာယ်ရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် ကုန်စည်/ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ တားမြစ်ချက်များ၊ ပြစ်မှု/ပြစ်ဒဏ်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုပြန်လည်ဖြေဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေသစ်စာအုပ်များကို ဝေငှခဲ့သည်။

**ခွာညို(မနောမြေ)**

# မြန်မာ့သစ်သီးဝလံများ တရုတ်နိုင်ငံတောင်ပိုင်းသို့ ခြေဆန့်နိုင်မည့် အခွင့်အလမ်း

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကွမ်ဇွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ စီးပွားရေးသံမှူး ဒေါက်တာရွှေစင်ကိုထံသို့ မြန်မာနိုင်ငံမှ သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ ဈေးနှုန်းမှန်ဖြင့် ချိတ်ဆက်တင်ပို့နိုင်ရေးအတွက် စုံစမ်းမေးမြန်းမှုများရှိလာသည်။ ၎င်းစုံစမ်းမေးမြန်းမှု၏ အဓိက ကျသည့်အချက်မှာ မိမိတို့မြန်မာနိုင်ငံ၏ နယ်စပ်ဒေသမှတစ်ဆင့် အများဆုံးတင်ပို့နေသော သရက်သီး၊ သခွားမွှေး၊ ဖရဲသီးတို့မှာ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် တရားဝင်ထည့်သွင်းပြီးဖြစ်သည့်အတွက် လက်ရှိတင်ပို့နေသည့် ယူနန်ပြည်နယ်ကို ကျော်လွန်၍ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဈေးကွက်အတွင်းသို့ ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ခွင့် အခွင့်အလမ်းများရရှိရေးဖြစ်သည်။



တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် အဓိကလိုအပ်ချက်များမှာ တရုတ်ကုမ္ပဏီတစ်ရပ်သည် မြန်မာနိုင်ငံမှ သစ်သီးဝလံများကို စတင်တင်သွင်းတော့မည်ဆိုလျှင် ၎င်းသစ်သီးဝလံသည် တရုတ်နိုင်ငံ၏ အကောက်ခွန် စာရင်းတွင် တရားဝင်ထည့်သွင်းထားပြီးဖြစ်ရပါမည်။ တရုတ် ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှကုမ္ပဏီ/ (စိုက်ပျိုးသူ)တင်ပို့သူတို့ကြား လက်မှတ်ရေးထိုးထားသည့်စာချုပ်၊ စိုက်ပျိုးသည့် ဥယျာဉ်ခြံ မြေမှ အမှန်တကယ်ထွက်ရှိသည့် လက်မှတ်၊ ပိုးသတ်ဆေး ပါဝင်မှုနှင့် ပိုးမွှားကင်းစင်ကြောင်းလက်မှတ်စသည့် လိုအပ်သည့် အထောက်အထားများကို တင်သွင်းမည့် တရုတ်ကုမ္ပဏီ၏ ပြည်နယ်ရှိ အကောက်ခွန်ဌာန၊ ထိုမှတစ်ဆင့် ဘေဂျင်းရှိ အကောက်ခွန်ဌာနသို့ ခွင့်ပြုချက်တင်ကာ၊ ဘေဂျင်းမှ ခွင့်ပြုချက်ကို မိမိပြည်နယ်ရှိ အကောက်ခွန်ဌာနသို့ပေးပို့ပါက တင်သွင်းခွင့်ရရှိပြီဖြစ်သည်။ သစ်သီးဝလံ တင်သွင်းမှုပမာဏကို ကန့်သတ်ထားရှိခြင်းမရှိဘဲ တစ်နှစ်လျှင်တစ်ကြိမ်သာ ခွင့်ပြုချက်ယူရပါမည်။ ခွင့်ပြုချက်လျှောက်ထားမှုကို အွန်လိုင်းမှ လျှောက်ထားရသည်ဖြစ်ရာ တစ်ရက်ခန့်သာ ကြာမြင့်ပါမည်။

တရုတ်နိုင်ငံတွင် ရှန်းကျန့်ဖက်၌ အွန်လိုင်းမှ သစ်သီးဝလံ ရောင်းချသည့် အုပ်စုရှိပြီး အလီဘာဘာအပါအဝင် အွန်လိုင်းဖြင့် ရောင်းချသည့် နေရာများမှ လက်လီလက်ကားရောင်းချကြသည်။ သစ်သီးဝလံ၏ သဘောသဘာဝမှာ အလွယ်တကူ ပျက်စီးတတ်သဖြင့် တရုတ်ကုမ္ပဏီများသည် မိမိတို့ ဝယ်ယူထားသော သစ်သီးများကို အအေးခန်းတွင် ပစ္စည်းသိုလှောင်ကာ၊ ဝယ်ယူသူက မှာယူသည့်အခါ နာရီ ၂၀ အတွင်း အရောက်ပေးပို့နိုင်ရန် ပို့ဆောင်ရေးကုမ္ပဏီများဖြင့် ချိတ်ဆက်ထားကြသည်။

တရုတ်နိုင်ငံတွင် အဓိကအားဖြင့် ဟိုင်နန်နှင့် ကွမ်ကျိုး ပြည်နယ်များနေ ပြည်သူများမှာ ဝင်ငွေကောင်းကြပြီး သစ်သီးဝလံဝယ်လိုအား အလွန်မြင့်သဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ၎င်းဒေသများရှိ ဈေးကွက်များသို့ ဦးတည်၍ ရောင်းချသင့်ကြသည်။

တရုတ်ကုမ္ပဏီဘက်က စုံစမ်းလာမှုအရ နန်နင်းမြို့ရှိ စီးပွားရေးသံမှူးရုံး၏ ချိတ်ဆက်ပေးမှုဖြင့် မြန်မာ့သစ်သီးဝလံများကို တင်သွင်းရောင်းချခွင့်ရရှိပါက မိမိတို့ လုပ်ငန်းအနေဖြင့် ဂုဏ်သတင်းပုံရိပ် ပိုမိုတက်လာကာ ဈေးကွက်ထဲသို့ မိမိတို့ပြန်လည်ဖြန့်ချိမည့် သစ်သီးဝလံများကိုဝယ်ယူသူများ၏ ယုံကြည်မှုကိုလည်း ပိုမိုရရှိမည်ဖြစ်ရာ အတူတကွပူးပေါင်း ဆောင်ရွက်သွားရန် စိတ်အားထက်သန်လျက်ရှိသည်။ မြန်မာ့သစ်သီးဝလံများကို တရုတ်နိုင်ငံတွင် ရောင်းချ၍ မရနိုင်ဖြစ်မည်ကို စိုးရိမ်ပူပန်မှုများမရှိသင့်ကြောင်း၊ မြန်မာစီးပွားရေးသံမှူးရုံးမှ မြှင့်တင်ရေးဆောင်ရွက်ပေးနေစဉ်တွင် မိမိတို့က တင်သွင်း ဖြန့်ချိရောင်းချရေး ဆောင်ရွက်ပေးသွားနိုင်ပါကြောင်း တရုတ်ကုမ္ပဏီက အလေးအနက် ပြောကြားခဲ့သည်။

အကယ်၍ မြန်မာဘက်က ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းသည့်အခါ သင်္ဘောဖြင့် တင်ပို့မည်ဟု ညှိနှိုင်း နိုင်ပါက အဓိကဈေးကွက်ကြီးများရှိရာ ကွမ်ကျိုး၊ ချင်းကျိုးမြို့ များရှိ ဆိပ်ကမ်းများသို့ တိုက်ရိုက်တင်ပို့သွားရန် စီစဉ်နိုင်ပြီး၊ ၎င်းမြို့များမှ မြန်မာနိုင်ငံသို့ ကုန်စည်များကို ပြန်လည်တင်ပို့ပေးရန် စီစဉ်ပေးခြင်းဖြင့် သင်္ဘောခရီး နှစ်ကြောင်းလုံးတွင် ကုန်စည် အပြည့်တင်ဆောင်နိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ သစ်သီးဝလံများ ဖြစ်သဖြင့် လမ်းခရီးတွင် မပုပ်သိုးအောင်မည်သို့ သယ်ဆောင်ရမည်ကိုမူ အဓိကထား တိုင်ပင်စီစဉ်သင့်သည်။

ယခုအခါ စီးပွားရေးသံမှူး (နန်နင်းမြို့)က မြန်မာနိုင်ငံဘက်က သစ်သီးဝလံထုတ်လုပ် တင်ပို့ရောင်းချနေသူများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်သွားနိုင်ရေးအတွက် မြန်မာနိုင်ငံ ရှိ အထူးပြုအသင်းအဖွဲ့များနှင့် ဆက်သွယ်ထားသည်။ ယခုရာသီမှာ သရက်သီးအများအပြား ထွက်ရှိပြီးဖြစ်၍ ယခုနှစ်အတွင်း ချိတ်ဆက်တင်ပို့သွားရန် အချိန်မမီခဲ့လျှင်လည်း လာမည့်နှစ်များအတွက် ကြိုတင်ချိတ်ဆက်၍ အစီအမံများ ပြုလုပ်ထားနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဖရဲသီးနှင့် သခွားမွှေး ထွက်ရှိမည့်ရာသီများအတွက် ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေး အတွက်လည်း ကြိုတင်ပြင်ဆင်ထားနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ သစ်သီးတင်ပို့ရေးနှင့် ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်သူများ သတိထားရမည့် အချက်များမှာ ဈေးနှုန်းကို ဈေးကွက် အမှန်ပေါက်ဈေးဖြင့် ရောင်းဝယ်သွားရေး၊ စာချုပ်ချုပ်ဆိုမည့်ပမာဏ အတိုင်း ပြည့်မီအောင် တင်ပို့သွားနိုင်ရေး၊ စာချုပ်ချုပ်ဆိုမည့် သစ်သီး၏ အရည်အသွေးပြည့်မီအောင် တင်ပို့သွားရေးတို့ ဖြစ်ကြသည်။

စီးပွားရေးသံမှူး (နန်နင်းမြို့)အနေဖြင့် မြန်မာနိုင်ငံမှ ပဲအမျိုးမျိုးနှင့် ပင်လယ်စာများ တရုတ်နိုင်ငံတောင်ပိုင်းဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက်လည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကယ်၍ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ဈေးကွက်များအတွင်းသို့ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ပဲအမျိုးမျိုး၊ ပင်လယ်စာတို့ကို တင်ပို့ရန် စိတ်ပါဝင်စားသူများသည် မိမိတို့တွင် အမှန်တကယ် ရောင်းချနိုင်မည့်ပမာဏ မည်မျှရှိသည် (မည်သည့်လတွင် မည်မျှတင်ပို့နိုင်မည်)၊ အရည်အသွေးပိုင်းတွင် မည်မျှ အာမခံနိုင်သည်၊ မည်သို့အချိန်မီ ချိတ်ဆက်မိမိ ပို့ဆောင်ပေးသွားနိုင်မည်၊ ငွေပေးငွေယူစနစ်ကို မည်သို့ပြုလုပ်မည်ဟူသည့် အချက်များကို စီးပွားရေးသံမှူး (နန်နင်းမြို့) အီးမေးလ် economicattachenanning@gmail.com သို့ ဆက်သွယ်ပေးပို့နိုင်ကြပါသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ၂၀၁၈ ခုနှစ်အတွင်းရှိ ဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေကို ကွမ်ရှီးထုတ်ပြန်

၂၀၁၈ ကွမ်ရှီးဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင် သတင်းစာရှင်းလင်းပွဲ၏ ထုတ်ပြန်ကြေညာချက်အရ ယခင်နှစ်အတွင်း ဂေဟနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ဖော်ထုတ်ခဲ့သည့် ပြဿနာရပ်များကို ကွမ်ရှီးက လုံးလုံးလျားလျား ဦးတည်ပစ်မှတ်ထားကာ ရေထု၊ လေနှင့် မြေညစ်ညမ်းမှုများကို ထိန်းချုပ်ရန်နှင့် ကောင်းမွန်သော ဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရပါသည်။ နန်နင်းမြို့၏ မြို့ပြဝန်းကျင်လေထုအရည်အသွေးမှာ တစ်နိုင်ငံလုံးဆိုင်ရာ စံချိန်စံညွှန်းကို အပြည့်အဝပြည့်မီပါသည်။

ကွမ်ရှီးတွင်ကောင်းမွန်သော မြို့ပြသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထုကုသမှုနှင့် နေ့ရက်များ၏ အချိုးမှာ ၉၁ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်းတွေ့ရပြီး၊ လေထုအတွင်း အမှုန်အမွှား၊ ပိုးမွှား၊ ကျောက်မီးသွေးမှုန်စသည့် ညစ်ညမ်းစေတတ်သော PM10 နှင့် PM2.5 တို့၏ နှစ်စဉ်ပျမ်းမျှပါဝင်မှုများမှာ ၅၇ မိုက်ခရိုဂရမ်/ ကုဗမီတာနှင့် ၃၅ မိုက်ခရိုဂရမ်/ကုဗမီတာ အသီးသီးရှိကြကာ နှစ်စဉ် ၁ဒသမ၇ ရာခိုင်နှုန်းနှင့် ၇ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်အတွင်း နန်နင်းတွင် ကောင်းမွန်သည့်ဝန်းကျင် လေထုအရည်အသွေး ပါဝင်မှုနှုန်းမှာ ၉၃ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ခဲ့ကာ တစ်နှစ်ပတ်လုံးတွင် ကောင်းကင်ပြာရှိသည့်နေ့ရက်ပေါင်း ၃၄၀ ရက်ရှိခဲ့သဖြင့် တရုတ်နိုင်ငံရှိအဓိကမြို့ ၁၆၉ မြို့အနက် ထိပ်တန်းမြို့ ၂၀ စာရင်းတွင် ပါဝင်ခဲ့သည်။

နောက်ထပ်ခြေလှမ်းအနေဖြင့် နန်နင်းမြို့တော်သည် လေထုညစ်ညမ်းမှုကို ပူးတွဲ ကာကွယ်ထိန်းချုပ်မှုပြုလုပ်သွားရေး အနီးကပ်အလေးထားပြုလုပ်သွားရန်၊ မြို့ပြလေထု ကာကွယ်မှုကို တည်ထောင်သွားရန်နှင့် အကဲဖြတ်သည့် ယန္တရားကို မြန်နိုင်သမျှအမြန်ဆုံး ထိန်းချုပ်သွားရန်တို့အပြင် စက်မှုလုပ်ငန်းများမှ ထွက်လာသော မြို့ပြဖုန်အမှုန်၊ မီးရှို့သည့်လုပ်ငန်းများနှင့် လေထုညစ်ညမ်းမှုများအပေါ် ဘက်စုံကုသမှုတစ်ရပ်အား အကောင်အထည်ဖော်သွားလိမ့်မည်ဖြစ်ကာ၊ သို့မှသာလျှင် ‘အရောင်ပြာပြာဖြင့် လှပသော နန်နင်းမြို့’ကို ပူးတွဲကာကွယ်သွားနိုင်မည်ဖြစ်သည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ဇီဝလောင်စာဆီများ တင်သွင်းမှုကို အိန္ဒိယအစိုးရ ကန့်သတ်

အိန္ဒိယအစိုးရသည် Ethyl alcohol, bio - diesel နှင့် Petroleum Oils တို့ အပါအဝင် ဇီဝလောင်စာဆီများအား ကန့်သတ်သွင်းကုန် ကုန်စည်အမျိုးအစား ခေါင်းစဉ်အောက်သို့ မေ ၂၆ ရက်တွင် အပြည့်အဝထည့်သွင်း သတ်မှတ်လိုက်ပြီဖြစ်ရာ အိန္ဒိယနိုင်ငံအတွင်းသို့ အဆိုပါ ကုန်စည်များ တင်သွင်းလိုပါက Directorate General of Foreign Trade(DGFT) ထံမှ သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် လိုအပ်မည်ဖြစ်သည်။

ယခင်ကမူ ကိုယ်တိုင်အမှန်တကယ်အသုံးပြုရန်ဖြစ်ပြီး၊လောင်စာဆီအဖြစ် သုံးရန်မဟုတ်သည့် တင်သွင်းမှုများကို ခွင့်ပြုသည့် စာသားဖော်ပြပါရှိကြောင်း၊ ယခုထုတ်ပြန်လိုက်သည့် ကြေညာချက်သည် အမှန်အသုံးပြုသူများအနေဖြင့် ဇီဝလောင်စာများအား လွတ်လပ်စွာ တင်သွင်းနိုင်ကြောင်း ဖော်ပြချက်ကိုပယ်ဖျက်လိုက်ကြောင်း၊ အဆိုပါ ကန့်သတ်ချက်သည် ရေနံစိမ်းမှလွဲ၍ ရေနံတွင်းထွက်ပစ္စည်းများမှ ရရှိသည့် ပစ္စည်းအားလုံးအပေါ် သက်ရောက် အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ် မေလကလည်း အိန္ဒိယအစိုးရသည် ဇီဝလောင်စာဆီဆိုင်ရာ အမျိုးသားမူဝါဒကို အတည်ပြုခဲ့ပြီး၊ အစေ့အဆန်ပျက်များ၊ အာလူးအညံ့စား၊ သကြား မုန်လာနှင့် ပြောင်းဖူးတို့မှ ထုတ်လုပ်သည့် အီသနော များအား ဓာတ်ဆီနှင့် ရောနှော အသုံးပြုခွင့်ပေးခဲ့ပြီး ပြည်ပမှ ရေနံတင်သွင်းမှု လျှော့ကျစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ် (ဆားတောင်)**

# DAE SUNG

GARMENT & PROCESS GLOBAL CO.,LTD



Add : No, 42/106, Cherry Street, Shwe Pyi Thar Industrial, Zone(1), Yangon.

Ph : 01 3610234, 01 3610536

# EAINDRA

ကုန်မျိုးစုံရောင်းဝယ်ရေး

*Exporter, Impoter & General Trading*
*Construction*

**U TIN HAN**
**Managing Director**

09-5134579

01 - 900 0071

01 - 900 0942

tinhan1@gmail.com

*No.36,120th Street, Mingalar Taung Nyunt, Yangon, Myanmar*

# Myanmar Kinsanar Co., Ltd.




Add : 928, Aung Zeya St., Ward (4-North), Thaketa Township, Yangon.

Ph : 09250070427, 095077652, 0943021110,

Email : myanmarkinsanarcompany@gmail.com

# ငပလီ

သံထည်ပစ္စည်းရောင်းဝယ်ရေး



အမှတ်(၁၉၁)၊ စက်မှုဇုန်(၁)လမ်းမကြီး၊ စက်မှုဇုန်(၃)၊
တောင်ဒဂုံ၊ ရန်ကုန်မြို့ ☎ : ၀၁-၅၉၀၇၄၅၊ ၅၉၀၇၄၆၊
၅၉၀၇၆၇၊ ၂၃၄၈၂၀၅ : ၀၉-၅၁၀၃၃၈၈၊
၀၉-၈၆၂၃၃၈၈၊ ၀၉-၇၃၀၆၆၀၀၁၊ ၀၉-၇၃၀၆၆၂၂၂

# BENHUR TRADING CO.,LTD.

BENHUR

**Show Room**
Room No.(002/003/004), Business Twin Tower(B),
Damazedi Road, Sanchaung Township, Yangon, Myanmar.
Tel : 01-516659, 505139, 516807, Fax : 01-516660
Gmail : benhur1112@gmail.com
facebook page : https://facebook.com/benhurtrading
Website : www.benhurtrading.com

**Head Office**
(1/40), Kanaung Min Thar Gyi Street,
Hlaingthayar Industrial Zone(1),
Hlaingthayar Township, Yangon, Myanmar.
Tel : 01-3682283, 3682289, 3682076, 3684164,
3682674, 3687957, 3681938, 3682961 (Ext : 133,137,139)
Fax : 01-3684090
Email : benhursteel@ytp.com.mm
benhurpipe@ytp.com.mm
benhur@ytp.com.mm

**Benhur Pipe Factory**
No.114, Kanaung Minthargyi Street,Zone(4)
Shwe Pyi Thar Township, Yangon, Myanmar
TEl : 3618329, 3618397, 3618221, 3618223, 3618396







**Aung Ceramic Tile Factory**
No.(16 to 23), Thaducan Industrial Zone(1),
Tharducan Street, Shwe Pyi Thar Township,
Yangon, Myanmar.
Tel ; 3611423, 3611262, 3611670~3611677

**Wire Nail Factory**
No.114, Maikhayar Minthargyi Maung Pyo Street,Hlaingthayar Industrial Zone(2),
Hlaingthayar Township,Yangon, myanmar.
Tel : 3684596, 3684677, 3685865, 3685867



# Together Myanmar Co.,Ltd.

TMC Together Myanmar Co.,Ltd. Construction & Decoration

*Construction & Decoration*

## Our Services

- Exterior , Interior Design & Fit-outs
- Stainless Steel & General Painting
- Furniture,Curtains & Carpets
- Teak Furniture,Parquet & Vinly Flooring
- Decorations Work, Gypsum Board & Partitions
- Renovation Work
- Roller Shutter & General Iron Work
- Floor & Wall Tiling Work





09-45 5088123 09-76 50 88123 09-50 88 123 www.togethermyanmarconstruction.mm togetherdecorationgroup@gmail.com

No.132,Ywarma Kyaung Street
1Quatar,Hlaing Tsp,Yangon

www.facebook.com / Together Myanmar Construction

# COMMERCE INTERNATIONAL

## ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် ဟွာဝေးကိစ္စကို ညှိနှိုင်းရေး လက်နက်အဖြစ်မသုံးရန် အထက်လွှတ်တော်အမတ်များသတိပေး




ပေကျင်းတွင်ပြုလုပ်သည့် ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် တရုတ်ဆက်သွယ်ရေးကုမ္ပဏီကြီး အမေရိကန်ဈေးကွက်ဝင်ရောက်ရေးကိစ္စကို စေ့စပ်ရေးလက်နက်တစ်ခုအဖြစ် မသုံးရန် အမေရိကန် အထက်လွှတ်တော်အမတ်နှစ်ဦးက ထရမ့်အစိုးရအဖွဲ့ကို ဇွန် ၁၃ ရက်တွင် သတိပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဤကိစ္စမှာ ပြည်ထောင်စုအစိုးရက အမျိုးသားရေးကိစ္စအဖြစ် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ကြောင်းလည်း သတိပေးပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးဖြစ်သော ရီပတ်ဗလီကင် အမတ်မာကိုရူဘီယိုနှင့် ဒီမိုကရက်ပါတီအမတ် မတ် ဝါနာတို့နှစ်ဦးစလုံးမှာ အထက်လွှတ်တော်ထောက်လှမ်းရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုစာချုပ် ချုပ်ဆိုရေးအတွက် ဟွာဝေး ကိရိယာများပိတ်ပင်ရေးကိစ္စအားထရမ့်က အလျှော့ပေး လာမည်ကို စိုးရိမ်သူများတွင် ပါဝင်ကြသည်။

အမေရိကန်ဈေးကွက်နှင့် အမေရိကန်ကထုတ်လုပ်သော နည်းပညာများအား ဟွာဝေးကုမ္ပဏီက ရယူခြင်းကို အမေရိကန်ပြည်ထောင်စုက ပြင်းပြင်းထန်ထန် ကန့်သတ်ထားသည်။ အထူးသဖြင့် 5G ဝါယာလက်မျိုးဆက်သစ်ဈေးကွက်အတွက် အသုံးပြုသော ကိရိယာများကို တရုတ်ထောက်လှမ်းရေးလုပ်ငန်းသို့ လွှဲပြောင်းပေးမည်ကို စိုးရိမ်မှုကြောင့် လွန်ခဲ့သည့်နှစ်နှစ်ကတည်းက ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဆက်သွယ်ရေးအခြေခံ အဆောက်အအုံလုပ်ငန်းများတွင် ဟွာဝေးကိရိယာများကို အသုံးပြုခွင့်ပေးခြင်းကြောင့် အမေရိကန်အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးမိုက်ကယ်ပွန်ပီယိုနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သိုင်ဇာတို့ထံပေးပို့သောစာတွင် ရူဘီယိုနှင့် ဝါနာတို့က ဖော်ပြထားသည်။



## ဗီယက်နမ် အထည်ချုပ်လုပ်ငန်းများ ဈေးကွက်သစ်များရရှိရန် ကြိုးပမ်း

ဗီယက်နမ် အထည်ချုပ်လုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင် နှစ်အလိုက် တိုးတက်မှုနှုန်း ၁၄ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းဖြင့် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ အထိရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ယခုနှစ်စမှစ၍ အထည်ချုပ်လုပ်ငန်းသည် တိုးတက်မှုရလဒ်များ ရရှိခဲ့ကြောင်းစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဤလုပ်ငန်း၏ တိုးတက်မှုသည် ၁၂ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

ဤလုပ်ငန်းကဏ္ဍမှ ထုတ်လုပ်မှုသည် အဝတ်အထည်တွင် ၈ ဒသမ၈ ရာခိုင်နှုန်း၊ သဘာဝချည်ထည်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ချည်တုတွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် သာမန်ထသွားလာသွား ဝတ်ဆင်သောအဝတ်အထည်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။

ယခုနှစ် ယခုအချိန်အထိ ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၃ ဘီလီယံရှိခဲ့သည့်အတွက် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဗီယက်နမ် အထည်ချုပ်လုပ်ငန်းတင်ပို့မှုသည် တိုးတက်လျက်ရှိကြောင်း ဗီယက်နမ် အမျိုးသားအထည်ချုပ်လုပ်ငန်းအုပ်စု ညွှန်ကြားရေးမှူးချုပ်လေရှန်ထရောင်းကပြောသည်။

ဗီယက်နမ် လုပ်ငန်းများက ရရှိထားသော အမှာစာများမှာ ၂၀၁၈ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း တိုးတက်ခဲ့သည်။

♦

Don't be drastic, Say "no" to plastic

ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။

## အမေရိကန် ထုတ်ကုန်အချို့ကို အကောက်ခွန်တိုးရန် အိန္ဒိယပြင်ဆင်

မက်မွန်၊ သစ်ကြားသီးနှင့် ပန်းသီးတို့အပါအဝင် အမေရိကန်ကုန်ပစ္စည်းအချို့ကို လာမည့်သီတင်းပတ်မှစ၍ အခွန်တိုးမြှင့် ကောက်ခံရန် အိန္ဒိယနိုင်ငံက ပြင်ဆင်နေသည်ဟု သတင်းရင်းမြစ်နှစ်ခုက ပြောကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ အိန္ဒိယနိုင်ငံအား ပေးထားသော အဓိကကုန်သွယ်မှု အခွင့်အရေးများကို အမေရိကန်ကရုပ်သိမ်းပြီးနောက် အိန္ဒိယနိုင်ငံက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

အထွေထွေ အခွင့်အရေးပေးစနစ် (GSP) အရ အိန္ဒိယနိုင်ငံကို ပေးထားသော ကုန်သွယ်မှုအခွင့်အရေးများကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇွန် ၅ ရက်မှစ၍ ရုပ်သိမ်းခဲ့သည်။ ဤအခွင့်အရေးများမှာ ကြီးမားသော အခွင့်အရေးများဖြစ်ပြီး အိန္ဒိယနိုင်ငံမှတင်ပို့သည့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံအတွက် အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက အခွင့်အရေးများ ရုပ်သိမ်းခြင်းကို လက်တုံ့ပြန်ပါက ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရက သတိပေးထားသော်လည်း အိန္ဒိယနိုင်ငံက အခွန်များကို တိုးမြှင့်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ဤကိစ္စနှင့် နီးစပ်သော အသိုင်းအဝိုင်းမှပြောသည်။

အကောက်အခွန်တိုးမြှင့်ခြင်းက အမေရိကန်ကုန်ပစ္စည်း အမေရိကန် ဒေါ်လာသန်း ၂၂၀ အပေါ်မှာသာ ဂယက်ရိုက်ခတ်မည်ဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်မှုသည် တရားဥပဒေနှင့် ညီညွတ်မှုရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ သတင်းရင်းမြစ်က ပြောသည်။

ရိုက်တာသတင်းဌာနက အီးမေးဖြင့်မေးမြန်းချက်ကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြန်လည်မဖြေကြားပါ။

သံမဏိနှင့် အလူမီနီယံတို့ကို အကောက်ခွန် တိုးမြှင့်ခြင်းမပြုရန် အိန္ဒိယနိုင်ငံ၏ ပန်ကြားချက်ကို အမေရိကန်နိုင်ငံက ငြင်းပယ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံမှ သွင်းကုန်များကို အခွန်ရာခိုင်နှုန်း ၁၂၀ အထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အမိန့်ကို ယခင်နှစ် ဇွန်လက အိန္ဒိယနိုင်ငံက ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့သော် သက်ဆိုင်ရာနှစ်နိုင်ငံတို့သည် ကုန်သွယ်မှုဆွေးနွေးပွဲများကိုကျင်းပလျက်ရှိသဖြင့် အခွန်တိုးမြှင့်ရေးကိစ္စကို အိန္ဒိယနိုင်ငံက အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့သည်။နှစ်နိုင်ငံကုန်သွယ်မှု စုစုပေါင်းတန်ဖိုး မှာ အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၁ ဘီလီယံဖိုးရှိခဲ့သည်။

စံမီအောင် စုစည်းသည်